# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၇ ခုနှစ် ၊ တပေါင်းလပြည့်ကျော် (၁၄)ရက် ၊ တနင်္လာနေ့ ၊ (16-3-2026) ၊ အတွဲ (၃၄) ၊ အမှတ် (၃၂၀)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries)ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံးလိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

**၂၀၂၆ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေ ပြဋ္ဌာန်း** စာမျက်နှာ - ၁၈

**လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးများ အစားထိုးခန့်အပ်** စာမျက်နှာ - ၂၅

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် နေပြည်တော်ရှိ အထင်ကရနေရာများကို ၈၁ နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ပါဝင်ချီတက်ကြမည့် စစ်ရေးပြစစ်ကြောင်းများမှ အရာရှိ၊ စစ်သည်များ သွားရောက်ဖူးမြော်လေ့လာ



**နေပြည်တော် မတ် ၁၅**

၈၁ နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားတွင် ပါဝင်ချီတက်ကြမည့် စစ်ရေးပြစစ်ကြောင်းများမှ အရာရှိ၊ စစ်သည်များသည် အဖွဲ့နှစ်ဖွဲ့ခွဲ၍ ယနေ့တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော်သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဥဏှာတော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်ကြည်ညိုကြသည်။

အဆိုပါ ၈၁နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားတွင် ပါဝင်သည့် စစ်ရေးပြစစ်ကြောင်းများမှ အရာရှိစစ်သည်များသည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား **စာမျက်နှာ ၁၇ ကော်လံ ၄**

ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဥဏှာတော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ၈၁ နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားတွင် ပါဝင်ချီတက်ကြမည့် စစ်ရေးပြစစ်ကြောင်းများမှ အရာရှိ၊ စစ်သည်များ လာရောက်ဖူးမြော်ကြည်ညိုကြစဉ်။


**Myanmar Mobile Money(MMM) ကိုအသုံးပြု၍အောက်ပါဝန်ဆောင်မှုများကိုရရှိနိုင်ပါသည်။**

ငွေသွင်းငွေထုတ်ခြင်း၊ ငွေလွှဲခြင်း၊ ဝန်ထမ်းလစာ/ ပင်စင်လစာထုတ်ပေးခြင်း လျှပ်စစ်မီတာ Bill ပေးဆောင်ခြင်း၊ E-Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊ ဈေးဝယ်ခြင်း ၊ Internet Bill ပေးဆောင်ခြင်း၊ Skynet Bill Payment ပေးသွင်းခြင်း၊Gift Card ပေးခြင်း၊ ပြည်ပငွေလွှဲ(ထိုင်း)၊ မြန်မာ့အာမခံလုပ်ငန်းသို့ အာမခံပရီမီယံပေးဆောင်ခြင်း၊ E-Commerce လုပ်ငန်းငွေပေးချေမှုများ ဆောင်ရွက်ခြင်း အငြိမ်းစားလစာအပါအဝင် ငွေပို့ငွေလွှဲခြင်း၊ လစာထုတ်ခြင်းများကို ဘဏ်သို့သွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။

ရုံးချုပ် - အမှတ်(၅၁)ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀ ၁၅၂၁

နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေးလမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄

မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့် ၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆



ရတနာပုံ
၂၀၂၆ ခုနှစ် မတ် ၁၆ ရက်
အယ်ဒီတာ့အာဘော်

# စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များ ပိုမိုထုတ်လုပ်နိုင်ရေး

မြန်မာနိုင်ငံသည် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စီးပွားရေးကို အဓိကထားဆောင်ရွက်လျက်ရှိသော နိုင်ငံဖြစ်သည်။ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှသာ လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာပြီး နိုင်ငံ့စီးပွားရေးကိုလည်း မြှင့်တင်ဖော်ဆောင်ပေးနိုင်မည်ဖြစ်ပေသည်။ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်ကုန်ထုတ်လုပ်ငန်းများကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်ကြရမည်ဖြစ်သည်။

စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်ကုန်ထုတ်လုပ်ငန်းများဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် စက်မှုကုန်ကြမ်းသီးနှံများကို ပိုမိုတိုးတက်စိုက်ပျိုးထုတ်လုပ်နိုင်ရန်လိုပေသည်။ ထိုအထဲတွင် ဝါသီးနှံကို စိုက်ပျိုးခြင်းဖြင့်ဝါမှ ဝါဂွမ်း၊ ချည်နှင့်အထည်အလိပ်များကို ထုတ်လုပ်နိုင်ပြီး စက်မှုကုန်ထုတ်လုပ်ငန်းများကို များစွာအထောက်အကူပြုစေနိုင်မည်ဖြစ်သည်။ အလားတူ မြန်မာနိုင်ငံ၏ သစ်တောထွက်သယံဇာတများတွင် ပေါကြွယ်ဝစွာရှိပြီးဖြစ်သည့် ဝါးများကိုအသုံးပြု၍လည်း ဝါးပျော့ဖတ်နှင့် အခြားတန်ဖိုးမြှင့်ထုတ်ကုန်များကို စက်မှုကုန်ထုတ်လုပ်ငန်းများဖြင့် ဆောင်ရွက်နိုင်ပေသည်။

ထို့ပြင် မြန်မာနိုင်ငံတွင် အသေးစား၊ အလတ်စားနှင့်အငယ်စား စီးပွားရေး(MSME) ကုန်ထုတ်လုပ်ငန်းများကို ဆောင်ရွက်ရာတွင်လည်း စားသောက်ကုန်များကိုသာမက အခြားပြည်တွင်းသုံး ပြည်ပအစားထိုးထုတ်ကုန်များနှင့် ပြည်ပပို့ကုန်များကို ထုတ်လုပ်နိုင်ရန်လိုပေသည်။ ထိုသို့ ထုတ်လုပ်နိုင်ခြင်းဖြင့် နိုင်ငံခြားငွေသုံးစွဲမှုများကို လျှော့ချနိုင်ပြီး နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေများရရှိနိုင်မည်ဖြစ်သည်။ ပြည်ပပို့ကုန်များတင်ပို့ခြင်းကြောင့် နိုင်ငံခြားငွေများရရှိမှသာ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပေသည်။

ထို့ကြောင့် နိုင်ငံတော်အနေဖြင့် စိုက်ပျိုးရေးသီးနှံများ ပန်းတိုင်ရည်မှန်းချက်ပြည့်မီရေး၊ ပြည်ပပို့ကုန်ဈေးကွက်ဝင်သီးနှံများ ပိုမိုတင်ပို့နိုင်ရေးနှင့် အရည်အသွေးကောင်းမွန်ရေးတို့အတွက် တောင်သူများကို စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ စံချိန်စံညွှန်းနှင့်အညီ တိုးတက်စိုက်ပျိုးထုတ်လုပ်နိုင်ရေးတို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် သီးနှံစိုက်ပျိုးထုတ်လုပ်ရာတွင် လိုအပ်သော အရင်းအနှီးငွေကြေးများ၊ နည်းပညာများ အချိန်နှင့်တစ်ပြေးညီ ပံ့ပိုးပေးနိုင်ရေးကိုလည်း ဆောင်ရွက်ပေးလျက်ရှိပေသည်။

စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အခြေခံဖြစ်သည့် မျိုး၊ မြေ၊ ရေ၊ နည်းဟူသော မျိုးကောင်းမျိုးသန့်ရရှိအောင် ဆောင်ရွက်ရန်၊ မြေကိုစနစ်တကျပြုပြင်ဆောင်ရွက်ရန်၊ အောင်ရေရရှိရန်၊ စိုက်နည်းစနစ်များ မှန်ကန်ရန် အဓိကကျသည်။ မျိုးကောင်းမျိုးသန့်များကို စနစ်တကျပြုပြင်ထားသည့် မြေတွင် မြေဩဇာပြည့်မီစွာ ထည့်သွင်းခြင်း၊ အောင်ရေရရှိအောင် ဆောင်ရွက်ပေးခြင်းတို့ဖြင့် စိုက်ပျိုးမည်ဆိုပါက စိုက်ပျိုးသီးနှံများ အထွက်နှုန်းပြည့်မီလာမည်ဖြစ်ပေသည်။

သို့ဖြစ်ရာ လယ်ယာထွက်ကုန်များ မြှင့်တင်ထုတ်လုပ်ရေးနှင့် တင်ပို့ရောင်းချနိုင်ရေးအတွက် စိုက်ပျိုးသီးနှံအလိုက် ပန်းတိုင်အထွက်နှုန်းရရှိရေးကို ကြိုးပမ်းဆောင်ရွက်ရန်လိုသကဲ့သို့ မွေးမြူရေးလုပ်ငန်းများကိုလည်း ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ကြရန်လိုပေသည်။ ထို့ကြောင့် မြန်မာနိုင်ငံ၏ အဓိကစီးပွားရေးဖြစ်သည့် စိုက်ပျိုးမွေးမြူရေးကို အခြေခံသော ထုတ်ကုန်များကို အရည်အသွေးပြည့်မီစွာဖြင့် ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရေးအတွက် အားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

# ကန့်ဘလူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မတ်ပဲကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး



**ကန့်ဘလူ မတ် ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မတ်ပဲကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကန့်ဘလူမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မတ်ပဲ ကေ ၃၈၅၆၀ ထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော မတ်ပဲစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလပထမပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ၁၆ ဒသမ ၃၆ တင်း ထွက်ရှိကြောင်း သိရသည်။

"ကန့်ဘလူမြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ မတ်ပဲ ၃၈၅၆၀ ကေထိ စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ မတ်ပဲစိုက်ခင်းတွေ လက်ရှိအချိန်မှာတော့ ကေအားလုံးရာနှုန်းပြည့် ရိတ်သိမ်း ပြီးစီးပြီဖြစ်ပါတယ်။ မတ်ပဲစိုက်ပျိုးရာမှာလဲ လိုအပ်တဲ့ နည်းပညာတွေ၊ မျိုးတွေ၊ ပိုးမွှားရောဂါ ကာကွယ်ရေးနည်းလမ်းတွေကိုလဲ မြေပြင်ကွင်းဆင်း ဆောင်ရွက်ပေးခဲ့ပါတယ်" ဟု ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြသည်။

ကန့်ဘလူမြို့နယ်တွင် မတ်ပဲစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့် ကိုက်ညီသည့်မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကန့်ဘလူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မတ်ပဲစိုက်ပျိုးရာတွင် ပဲသီးနှံ အထွက်နှုန်းနှင့် အရည်အသွေး ကောင်းမွန်ရေးအတွက် လိုအပ်သည့် မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများ၊ ရိတ်သိမ်းချိန်လွန် နည်းပညာပေးခြင်းလုပ်ငန်းများကို သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မတ်ပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် မတ်ပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြ၍ သိရသည်။

(၂၀၆)

# သာစည်မြို့နယ် ပြွန်ကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများဆောင်ရွက်ထားမှု စစ်ဆေး

**သာစည် မတ် ၁၅**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာပြီး ဆင်းရဲမှုလျှော့ကျစေရန်ရည်ရွယ်၍ မကျီးကန်ကျေးရွာအုပ်စု ပြွန်ကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ထားရှိသော လုပ်ငန်းများကို မတ် ၁၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်း၊ ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ပြွန်ကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၅၀ ဒသမ ၅ သန်းဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားများ ပြည့်စုံမှုရှိ၊ မရှိ စစ်ဆေးပြီး သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပြွန်ကန်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၄ ဦးကို ငွေကျပ် ၁၉ ဒသမ ၃၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၄၄ ဦးကို ငွေကျပ် ၁၃ ဒသမ ၆၅ သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၅၁ ဦးကို ငွေကျပ် ၁၇ ဒသမ ၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၄၉ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၅၀ ဒသမ ၅ သန်း ထုတ်ချေးပေးထားကြောင်း သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းထံမှ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း ပလာတူးငါးခြောက်ပိဿာချိန် အများအပြားတင်ပို့ရောင်းချနိုင်ခဲ့

**ဒေးဒရဲ မတ် ၁၅**

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ် ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း ပလာတူးငါးခြောက် ပိဿာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဒေးဒရဲမြို့နယ် ငါးခြောက်မျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မိုးမြင့်က ပြောပြသည်။

ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇန်နဝါရီလအတွင်းက ပလာတူးငါးခြောက် ပိဿာချိန် ၄၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ပြီးခဲ့သည့် ဖေဖော်ဝါရီလအတွင်း ပလာတူးငါးခြောက် ပိဿာချိန် ၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ပလာတူးငါးခြောက် တစ်ပိဿာလျှင် ငွေကျပ်၂၇၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"ဒေးဒရဲမြို့နယ်က ထွက်ရှိတဲ့ ပလာတူးငါးခြောက်တွေ အဝယ်လိုက်နေပါတယ်။ ပြည်တွင်းဈေးကွက်မှာကို ပလာတူးငါးခြောက်တွေ ဝယ်ယူမှုများပြားနေတာဖြစ်ပါတယ်။ ဒီဘက်က ပလာတူးငါးခြောက်တွေကို ရန်ကုန်ဈေးကွက်ကိုပဲ အဓိကထား တင်ပို့ရောင်းချနေပါတယ်။ အရောင်းအဝယ်တွေ ပုံမှန်ထက်ကောင်းလာတော့ ရေလုပ်သားတွေ၊ ငါးခြောက်မျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင်တွေ အလုပ်အကိုင် အခွင့်အလမ်းတွေ ရရှိလာပါတယ်" ဟု ဒေးဒရဲမြို့နယ် ငါးခြောက်မျိုးစုံ ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မိုးမြင့်က ပြောပြသည်။

ဒေးဒရဲမြို့နယ်တွင် ငါးခြောက်မျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ပုစွန်၊ ကဏန်း၊ ငါးများအပြင် ငါးခြောက်များကို ရေလုပ်သားများထံမှဝယ်ယူပြီး ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း ဒေးဒရဲမြို့နယ် ငါးခြောက်မျိုးစုံ ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မိုးမြင့်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂။
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဓေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# တံတားဦးမြို့နယ် အင်းကူးကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**တံတားဦး မတ် ၁၅**

မန္တလေးတိုင်းဒေသကြီး တံတားဦးခရိုင် တံတားဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ရှုံးပင်အိုင်ကျေးရွာအုပ်စု အင်းကူးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းဖြင့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို မတ် ၁၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထို့သို့ကွင်းဆင်းစစ်ဆေးရာတွင် တံတားဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ချောယဉ်စုနှင့် စီမံကိန်းတာဝန်ခံဝန်များက ကျေးရွာတွင်းလမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ အင်းကူးကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်ချောယဉ်စုက ဆောင်ရွက်ပြီး လုပ်ငန်းများကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် လိုအပ်ကြောင်း မှာကြားသည်။

အင်းကူးကျေးရွာ၌ အရှည် ပေ ၅၀၀၊ အကျယ် ၁၂ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာ စီမံကိန်းအတိုးရငွေကျပ် ၁၈ ဒသမ ၈၈၅ သန်းတို့ဖြင့် ယခုနှစ် မတ်လ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးနိုင်မှုကြောင့် ကျေးရွာမှ ထွက်ရှိသည့် ထုတ်ကုန်ထွက်ကုန်များကို အချိန်နှင့်တစ်ပြေးညီ တင်ပို့နိုင်တော့မည် ဖြစ်ကြောင်း တံတားဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ချောယဉ်စုထံမှ သိရသည်။

**အောင်ရဲကျော်**

# အုတ်ဖိုမြို့နယ် ကဝေစုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေး

**အုတ်ဖို မတ် ၁၅**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် အုတ်ဖိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကဝေစုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို မတ် ၁၄ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အုတ်ဖိုမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်စိုးက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ မြို့နယ်စီမံကိန်းတာဝန်ခံဝန်ထမ်းက ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများ၊ ရပိုင်ခွင့်များကို အသေးစိတ် ရှင်းလင်း ပြောကြားခဲ့ကြောင်း သိရသည်။

ထို့နောက် ကဝေစုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၇၅ ဦးကို ငွေကျပ် ၅၅ ဒသမ ၈ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ လေးဦးကို ငွေကျပ် ၁ ဒသမ ၂ သန်း၊ စက်ချုပ်လုပ်ငန်းလုပ်ကိုင်သူ နှစ်ဦးကို ငွေကျပ် သုည ဒသမ ၇ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၈၁ ဦးကို စီမံကိန်း ရန်ပုံငွေကျပ် ၅၇ ဒသမ ၇ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**အေးမြတ်**

# ကသာခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲတီစိမ်း ၁၃၂၃ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



**ကသာ မတ် ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲတီစိမ်း ၁၃၂၃ ဧကထိရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကသာခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်းဧက ၁၄၂၀ ထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော ပဲတီစိမ်းစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလဒုတိယပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ကသာမြို့နယ်တွင် ၅၀၇ ဧက၊ ထီးချိုင့်မြို့နယ်တွင် ၅၁၁ ဧက၊ ဗန်းမောက်မြို့နယ်တွင် ၃၀၅ ဧက စုစုပေါင်း၁၃၂၃ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၅ ဒသမ ၉၁ တင်း ထွက်ရှိကြောင်း သိရသည်။

"ကသာခရိုင် ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ ပဲတီစိမ်းဧက ၁၄၂၀ ထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ပဲတီစိမ်း စိုက်ခင်းတွေ အခုလက်ရှိရိတ်သိမ်းနေပါတယ်။ ဒီနေ့ထိ ၁၃၂၃ ဧကရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့၊ အထွက်နှုန်း ကောင်းမွန်ဖို့၊ မျိုးကောင်းမျိုးသန့်တွေ သုံးစွဲဖို့ အသိပညာပေး လုပ်ငန်းတွေ ဆောင်ရွက် ပေးခဲ့ပါတယ်"ဟု ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦး က ပြောပြသည်။

ကသာခရိုင်တွင် ပဲတီစိမ်းစိုက်တောင်သူများကို သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ပဲတီစိမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြ၍ သိရသည်။

(၂၀၆)

# မလှိုင်မြို့နယ် မြို့ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မလှိုင် မတ် ၁၅**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြို့ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ဆောင်ရွက်ထားရှိသောလုပ်ငန်းများကို မတ် ၁၄ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုနှင့် စီမံကိန်း တာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

မြို့ကုန်းကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၇ ဦးကို ငွေကျပ် ၂၁ ဒသမ ၃ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၅၇ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၂၁ ဒသမ ၃ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ်ဆောင်ရွက်လျက် ရှိကြောင်း သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# ကျုံပျော်မြို့နယ်မှ ထွက်ရှိသည့် ဒေသထွက် ထောပတ်ပဲနီများ အရောင်းအဝယ် ကောင်းမွန်နေ

**ကျုံပျော် မတ် ၁၅**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ကျုံပျော်မြို့နယ်မှ ထွက်ရှိသည့် ဒေသထွက် ထောပတ်ပဲနီများ ဝယ်ယူမှုများပြားပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း ကျုံပျော်မြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ယုဝေက ပြောပြ၍ သိရသည်။

ကျုံပျော်မြို့နယ်ရှိ ပဲမျိုးစုံရောင်းဝယ်ရေးဈေးကွက်တွင် လက်ရှိ မတ်လဒုတိယပတ်မှစတင်ပြီး ယနေ့ထိ ထောပတ်ပဲနီများ ဝယ်ယူမှုများပြားပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါ ထောပတ်ပဲနီ တစ်ရက်လျှင် ၁၆ ပြည်ဝင်အိတ်ရေ ၁၀၀ ကျော်ထိ အရောင်းအဝယ်ဖြစ်နေကြောင်း၊ ထိုသို့ ထောပတ်ပဲနီများ ဝယ်ယူမှုများပြားပြီး အရောင်းအဝယ်ကောင်းလာခြင်းသည် ပြည်တွင်းဈေးကွက်တွင် အဝယ်လိုက်လာခြင်းကြောင့် ဖြစ်ကြောင်း သိရသည်။

"လက်ရှိ ဒေသဈေးကွက်မှာ အခြားပဲတွေထက် ထောပတ်ပဲနီက အရောင်းအဝယ်ကောင်းလာပါတယ်။ ပြည်တွင်းဈေးကွက်က ထောပတ်ပဲနီတွေ အဝယ်လိုက်နေပြီး အရောင်းသွက်လာတာဖြစ်ပါတယ်။ ပြည်ပပဲဈေးကွက်ကို ပြန်တင်ပို့နေလို့အခုလိုဝယ်လိုအားကောင်းလာတာဖြစ်ပါတယ်။ ထောပတ်ပဲနီတွေက အခုလ ဒုတိယပတ်လောက်ကနေစပြီး အဝယ်လိုက်လာတာတာဖြစ်ပါတယ်။ ထောပတ်ပဲနီတွေကို ပြည်တွင်း ရန်ကုန်ဈေးကွက်အပြင် အခြားဒေသတွေကိုပါ တင်ပို့နေပါတယ်"ဟု ကျုံပျော်မြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ယုဝေက ပြောပြသည်။

ကျုံပျော်မြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေးဈေးကွက်တွင် အရောင်းအဝယ်ကောင်းနေသည့် ထောပတ်ပဲနီ ၁၆ ပြည်ဝင်တစ်အိတ်လျှင် ငွေကျပ် ၁၇၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊အဆိုပါထောပတ်ပဲနီများအရောင်းအဝယ်ကောင်းမွန်လာခြင်းကြောင့် ပဲမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ၊ ကုန်တင်ကုန်ချလုပ်သားများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# လူသစ်စိတ်သစ်ဘဝသစ်

ချစ်နိုင်(စိတ်ပညာ)

**"Power tends to corrupt, and absolute power corrupts absolutely."**

**LORD ACTON(1834–1902)**

**British Politician**

**အာဏာသည် လူကိုစာရိတ္တခြစားစေတတ်သည်။ အကြွင်းမဲ့အာဏာသည် လူကိုစာရိတ္တတရား လုံးလုံးပျက်ပြားဖောက်ပြန်တတ်သည်။**

**လော့ဒ်အက်တန်**

**(ဗြိတိန်အမတ်)**

**❖ နိုင်ငံတော်ကပေးအပ်လာတဲ့တာဝန်ကို ကျရာနေရာ၊ ထားရာတာဝန်မှာ ဘယ်လိုအခက်အခဲအတားအဆီးပဲတွေ့ရပါစေ ဦးလည်မသုန် အောင်မြင်အောင် တာဝန်ခံတာဝန်ယူပြီး ရဲရဲရင်ဆိုင်ဖြတ်သန်းမှာပဲ။ ဒါက မိမိရဲ့ခံယူချက်သဘောထားပါ။ ဆရာသမားတွေက ပေးခဲ့တဲ့အမွေလေးတွေ ဖော်ပြလိုက်ပါရစေ။ ၁။ စိတ်ဓာတ်။ ဖြောင့်မတ်၊ ရဲရင့်၊ စွန့်စားဝံ့ ၂။ စည်းကမ်း။ အမှန်တရားကိုမြတ်နိုးလေးစား ၃။ စေတနာ။ လူသားချင်းချင်းစာနာ၊ နားလည်၊ ကူညီ ၄။ စွမ်းရည်။ အမြဲလေ့ကျင့်၊ စာတွေ့လက်တွေ့သင်ယူ၊ သင်ကြားပြသနေရ ၅။ စည်းလုံး။ ယုံကြည်ချက်၊ ခံယူချက်၊ မျှဝေ၊ ရိုင်းပင်း၊ ရဲဘော်စိတ်ရှိ၊ စလုံးငါးခု၊ မင်းမှုထမ်းဘဝမှာ တာဝန်သာလျှင် ဦးထိပ်ထားပါတယ်။ ❖**

ခင်မင်ရင်းနှီးတဲ့ မိတ်ဆွေတစ်ယောက်နဲ့တွေ့တော့ သူ့သားတပ်မတော်မှာ ဗိုလ်မှူးဖြစ်နေတာ မနေ့က တပ်ရင်းမှူးရာထူးတိုးတယ်လို့ ကြားရတဲ့အတွက် ဝမ်းသာနေတယ်။ သူ့သားဟာ အသက် ၄၀ ဝန်းကျင်ရှိပေမယ်။ ထိုက်တန်တဲ့လူငယ်တွေ ရာထူးတာဝန်တွေ တိုးမြှင့်ထမ်းဆောင်ခွင့်ရတာ ဝမ်းသာစရာပါပဲ။

အတိတ်ကိုပြန်စောင်းငဲ့ကြည့်လိုက်ရင် မြန်မာ့တပ်မတော်ဟာ အသက် ၂၀ ကျော်၊ ၃၀ အရွယ် ဗိုလ်မှူး၊ ဗိုလ်ကြီးတွေနဲ့ အသက် ၂၇ နှစ်မှာ ဗိုလ်ချုပ်တာဝန်၊ လွတ်လပ်ရေးတပ်မတော်ခေါင်းဆောင် သခင်အောင်ဆန်းက ဦးဆောင်ကွပ်ကဲပြီး တိုက်ပွဲဝင်ခဲ့တာပေပဲ။ လွတ်လပ်ရေးရစ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တာဝန်ယူရတဲ့ ဗိုလ်ချုပ်နေဝင်းဟာလည်း အဲဒီအချိန်က အသက် ၃၈ နှစ်လောက်သာရှိခဲ့တာပါ။ အသက် ၄၀ ပတ်ဝန်းကျင်အရွယ်ပိုင်းဟာ တိုင်းပြည်နဲ့လူမျိုးအတွက် အရည်အသွေး၊ အရည်အချင်း အကောင်းဆုံး အမြင့်ဆုံးအချိန်ပိုင်းမှာ တာဝန်ထမ်းသင့်တဲ့အခြေအနေပါ။

လားရှိုးမှာ စာရေးသူက တပ်ရင်းတစ်ရင်းမှာ ဒုတိယဗိုလ်၊ ဗိုလ်တာဝန်ထမ်းဆောင်နေစဉ် ဗိုလ်မှူးမောင်အေးဟာ အခြားတပ်ရင်းမှာ တပ်ရင်းမှူးအသစ်အဖြစ် ရောက်ရှိလာတာတွေ့ခဲ့ရပါတယ်။ မိမိတို့တပ်ရင်းမှ အသက် ၅၀ ဝန်းကျင် တပ်ရင်းမှူးက စစ်ရုံးသို့ပြောင်းသွားပြီး တပ်ရင်းမှူးအသစ်ရောက်လာပါတယ်။ သူက ကြည်း ၇၀၈၆ ဗိုလ်မှူးအောဘယ်ပါ။ ဗိုလ်မှူး ဒေးဗစ်အိုလီဗာအောဘယ်က တပ်ရင်းမှူးဖြစ်တဲ့အချိန်မှာ မှတ်မှတ်ရရ အသက် ၄၁ နှစ်ပါ။ တပ်ရင်းက ခလရ(၄၁) မို့ တိုက်ဆိုင်လို့မှတ်မိနေတာပါ။ အသက် ၃၆ နှစ်မှာ တပ်ရင်းမှူးဖြစ်ခဲ့တဲ့ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း)တာဝန်ကို ထမ်းဆောင်သွားတာ အများအမြင်ပဲလေ။ အသက် ၄၁ နှစ်မှာ တပ်ရင်းမှူးဖြစ်ခဲ့တဲ့ မိမိတို့တပ်ရင်းမှူးဟာလည်း တပ်မတော်က နိုင်ငံ့တာဝန်ယူရတဲ့အခါ ဗိုလ်မှူးချုပ်အောဘယ်ဆိုတာ စီမံဘဏ္ဍာ၊ စီးပွားကူးသန်း၊ ဟိုတယ်ခရီး စတဲ့ဝန်ကြီးဌာနလေးခုကို တစ်ဦးတည်းတာဝန်ခံကွပ်ကဲစီမံခဲ့တဲ့ ဝန်ကြီးတစ်ပါးပေါ့။

လောကဓာတ်ခုံပေါ်မှာ အရာရာဟာ ဘာမှမမြဲဘူး။ အမှန်ပဲ။ မြဲတာဆိုလို့ သဘောသဘာဝသုံးခုသာရှိတာကိုး။ မမြဲခြင်း၊ ဆင်းရဲခြင်းနဲ့ ငါမပိုင်၊ (ငါမရှိ၊ ငါမဟုတ်၊ နာမ်တရား၊ ရုပ်တရားတွေသာ ခန္ဓာငါးပါးဖြစ်စဉ်နဲ့ ရွေ့လျားပြောင်းလဲ၊ ဖြစ်ပျက်နေခြင်းမျှသာ) ပါဠိလိုလည်း သိကြပြီးသားပါ။ ပုဂံခေတ်ကတည်းက ကိုယ်တို့မြန်မာတွေသုံးနှုန်းခဲ့ကြလို့ မြန်မာစာ၊ မြန်မာစကားလုံးဖြစ်နေပါပြီ။ အနိစ္စ၊ ဒုက္ခ၊ အနတ္တလေ။

အနိစ္စမမြဲခြင်းသဘောကြောင့် လူတွေဟာ တက်လိုက်၊ ဆင်းလိုက်၊ ကောင်းလိုက်၊ ဆိုးလိုက်၊ အစဉ်မပြတ် ရွေ့လျားနေကြရတာလေ။ ဘယ်နေရာ ဘယ်အခြေအနေမှာမှ အတည်တကျ ရပ်တန့်ချင်လို့ မရပါဘူး။ မပြောင်းလဲဘဲ ဒီမှာပဲထိုင်နေပါရစေ ပြောရင်လည်းမရနိုင်ပါ။

ဘဝဇာတ်ခုံမှာ အဖုံဖုံအလီလီ ကပြကြရအုံးမှာကိုး။ ကောင်းတယ် ဆိုးတယ်ဆိုတာတွေက မိမိရဲ့ထင်မှတ်ခြင်းတွေပါ။ အကောင်းထဲမှာလည်း အဆိုးကဒွန်တွဲပါနေတယ်။ အဆိုးတွေထဲကလည်း အကောင်းက ယှဉ်တွဲပါနေပါတယ်။ ဒင်္ဂါးပြားရဲ့ ခေါင်းနဲ့ပန်းပေါ့ကွယ်။ ဘယ်အရာမှ အကောင်းချည်းမရှိသလို အဆိုးချည်းလည်းမဟုတ်ပါဘူး။ ရောက်ရာဘဝ၊ ကျရာနေရာမှာ အကောင်းဆုံးပါဝင်ကပြကြရမှာပဲမဟုတ်လား။ စကားအလျဉ်းသင့်လို့ ဖော်ပြရရင် လားရှိုးမှာ စတင်မြင်တွေ့ကြပြီး မိမိကို ဗိုလ်ပေါက်စ၊ တပ်ရင်းမှူး၊ ဗိုလ်မှူးအောဘယ်ရဲ့ အိုင်အို(ထောက်လှမ်းရေးအရာရှိ) အနေနဲ့ သိရှိထားခဲ့တဲ့ ဒုချုပ်(ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်)ဘဝမှာ မြဝတီစာပေတိုက် (အမှုဆောင်အရာရှိချုပ်၊ ဒုတိယဝန်ကြီး ဦးသိန်းစိန်ကို ပြန်ကြားရေးမှာသာ တာဝန်ပေးပြီး မြဝတီစာပေတိုက် (အမှုဆောင်အရာရှိချုပ်၊ အယ်ဒီတာချုပ်၊ ထုတ်ဝေသူနေရာကို စစ်ဦးစီးတက္ကသိုလ်၊ နည်းပြဒုတိယဗိုလ်မှူးကြီး မိမိကိုရွေးချယ်ခန့်အပ်လိုက်တာလေ။

ဒီအချိန်မှာ ချစ်နိုင်(စိတ်ပညာ)ဆိုတဲ့ကလောင်က မဂ္ဂဇင်း ငါးစောင်၊ ခြောက်စောင်လောက်မှာ ပင်တိုင်ဆောင်းပါးရှင်အဖြစ် ၁၀ နှစ်လောက်ရှိနေပြီမို့ စာဖတ်နေကြတဲ့ စစ်ရုံးက ဦးစီးအရာရှိတွေသိသလို ဒုချုပ်ကလည်း သတိပြုမိပြီးဖြစ်ပါလိမ့်မယ်။ စစ်သားတိုင်းတော့ စာရေးဆရာအယ်ဒီတာနေရာ တာဝန်ကို မလုပ်နိုင်ပါ။ ဒုချုပ်က ရာထူးမပြောင်းခင်ခေါ်မေးပါသေးတယ်။ မင်းလုပ်နိုင်ပါ့မလား။ လုပ်ချင်ရဲ့လား။ ကျွန်တော်လုပ်နိုင်ပါတယ်။ တာဝန်ပေးရင်လုပ်ချင်ပါတယ်လို့ ဖြေလိုက်ပါတယ်။ အနားမှာ ကကပြည်သွန်မှူး၊ ဗိုလ်မှူးချုပ် အောင်သိန်းရှိနေပါတယ်။

ကက(ထူး)ကို အမိန့်ထုတ်ခိုင်းလိုက်ပါတယ်။

ဒုတိယဝန်ကြီး ဦးသိန်းစိန်ကို စာရေးသူအား မြဝတီစာပေတိုက်၊ အမှုဆောင်အရာရှိချုပ်တာဝန်ယနေ့စတင်လွှဲပြောင်းပေးရန်၊ ပြန်ကြားရေးတာဝန်တစ်ခုပဲ ဆက်လက်တာဝန်ယူရန် ဗိုလ်ချုပ်အောင်သိန်းကို စီမံညွှန်ကြားစေပါတယ်။

"ဗိုလ်ချစ်နိုင်၊ နက်ဖြန် ဗိုလ်ချုပ်ကြီး ခင်ညွန့် စစ်ရုံးမှာ သတင်းစာရှင်းလင်းပွဲလုပ်မယ်။ မင်း စတင်တာဝန်ထမ်းဆောင်ပေတော့"

ကလောမြို့ရှိ စစ်ဦးစီးတက္ကသိုလ်မှာရှိစဉ် မိုးထဲလေထဲ ဖုန်းလိုင်းတွေက အသံတရှဲရှဲနဲ့ မကြားတစ်ချက် ကြားတစ်ချက်ကြားမှ စစ်ရုံးဂျီဝမ်းက ချက်ချင်းမီရာနဲ့ ရန်ကုန်စစ်ရုံးသတင်းပို့ရန် ဖုန်းနဲ့ညွှန်ကြားလို့ မီရာရထားနဲ့ပြေးလာခဲ့ရတယ်။ (ဟဲဟိုးမှာက နေ့တိုင်းလေယာဉ်မဆင်းပါ)။ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၊ ဗိုလ်ချုပ်ကြီးမြင့်ဆွေ (ထိုစဉ်က ကက(ကြည်း)စစ်ဦးစီးမှူး၊ ဗိုလ်မှူးကြီး။ ကျေးဇူးကြီးမားတဲ့ဆရာသမားတွေပါ။ စစ်သားဘဝမှ စာရေးဆရာအယ်ဒီတာဖြစ်လာပါတော့တယ်။

တပည့်လုပ်ခဲ့တာ မူလတန်းမှ တက္ကသိုလ်အထိ။

ဆရာလုပ်ခဲ့တာလည်း စစ်ဦးစီးတက္ကသိုလ်နဲ့ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်အထိ။

နောက်လိုက်ငယ်သားလုပ်ခဲ့တာလည်း မော်ဘီ ဗိုလ်လောင်းသင်တန်း(၄၃)မှသည် ခလရ၊ ဗရဖ၊ ခမရ၊ တခရ၊ ဥစတ၊ ကျောင်းပေါင်းများစွာ၊ တပ်များစွာ။

တာဝန်ခံခေါင်းဆောင်နေရာကိုတော့ မိမိအသက် ၄၇ နှစ်ရှိမှ ရောက်ရှိခဲ့ရပါတယ်။ အမှုဆောင်အရာရှိချုပ်၊ ညွှန်ကြားရေးမှူးချုပ် စတဲ့ကွပ်ကဲသူတာဝန်များမှာ တာဝန်ကျေပွန်လို့ စီမံထူးချွန်(ပထမဆင့်)တံဆိပ်၊ အမျိုးသားစာပေဆု(လူငယ်စာပေ) စသဖြင့် ချီးမြှင့်တာလည်းခံခဲ့ရပါတယ်။

မိမိက ငယ်သားနေရာတာဝန်များထမ်းဆောင်ခဲ့စဉ်မှာ ဆရာသမားများ သွန်သင်ဆုံးမခဲ့ကြတဲ့မှာကြားလမ်းညွှန်ချက်တွေကို တစ်သဝေမတိမ်း နာခံလိုက်နာခဲ့ပါတယ်။ ခေါင်းဆောင်နေရာ၊ ခေါင်းဆောင်တာဝန်ထမ်းဆောင်ရပြီဆိုရင် အကောင်းရော၊ အဆိုးပါ ဖြတ်သန်းရင်ဆိုင်ရတာပါပဲ။ အထက်က ယုံကြည်အားကိုးလို့ ရွေးချယ်တာဝန်ပေးတာနဲ့အတူ လုပ်ပိုင်ခွင့်၊ ဆုံးဖြတ်ပိုင်ခွင့်၊ စီရင်ပိုင်ခွင့် စတဲ့အာဏာနဲ့အတူ အပြစ်ပေးပိုင်ခွင့်၊ အရေးယူပိုင်ခွင့်၊ ဖယ်ရှားသို့မဟုတ် ရာထူးချစသဖြင့် လုပ်သင့်တာတွေကိုလည်း ပြတ်ပြတ်သားသား ရွေးချယ်ဆုံးဖြတ်ရပါတယ်။

တပ်ရင်းမှူး၊ တပ်မှူး၊ ကွပ်ကဲသူဟာ တပ်မှာတော့ အာဏာပိုင် ပထမတန်းခေါင်းဆောင်အဆင့်တာဝန်ယူရသူဖြစ်လေတော့ လက်အောက်ငယ်သားနဲ့ မိသားစုများအားလုံးရဲ့ အကောင်းအဆိုး၊ အကျိုးအပြစ်ကိုလည်း ခံယူရပါတယ်။ တပ်ရင်းမှူး မသိပါဘူးဆိုလို့မရဘူး။ အကောင်းအဆိုးအားလုံး ကိုယ့်ခေါင်းပေါ်မှာ တာဝန်ခံရတယ်။ ဒီတော့ မိမိရဲ့တပ်ရင်း၊ တပ်ဖွဲ့ကို အခက်အခဲချောက်ကမ်းပါးတွေကြားထဲကပဲ ရထားတွဲကြီးလမ်းမချော်အောင်၊ အချိန်မီရောက်ရမယ့်ဘူတာဆိုက်ရောက်အောင် မောင်းနှင်ရပါတယ်။

ဘေးဘယ်ညာလည်း ကြည့်ရမှာဖြစ်ပေမယ့်လည်း နေရာတကာ သူများတကာနဲ့နှိုင်းယှဉ်နေစရာတော့မဟုတ်ပါ။ စာရေးသူလည်း အသက်အရွယ်ဘယ်လောက်မှာ ဘာဖြစ်ရမယ်ဆိုတဲ့အပြိုင်အဆိုင်စိတ်မရှိခဲ့ပါ။

ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးက အသက် ၃၆ နှစ်မှာ တပ်ရင်းမှူးဖြစ်တယ်။ ဝန်ကြီးဗိုလ်မှူးချုပ်အောဘယ်က အသက် ၄၁ နှစ်မှာ တပ်ရင်းမှူးဖြစ်တယ်။ စာရေးသူက အသက် ၄၇ နှစ်မှ အမှုဆောင်အရာရှိချုပ် စာတည်းမှူးချုပ်၊ စာပေတိုက်ထုတ်ဝေသူ(နောင်အခါ တပ်အဖြစ်ပြုပြင်ဖွဲ့စည်းခဲ့)ကွပ်ကဲသူဖြစ်လာပါတယ်။ အစိုးရအမှုထမ်းဘဝ၊ ရာထူးတက်တာနှေးတယ်၊ နောက်ကျတယ်ဆိုကောင်းဆိုနိုင်ပေမယ့် မိမိတို့တစ်ပတ်စဉ်ထဲ အတူဆင်းခဲ့ကြတဲ့ ဗိုလ်လောင်းများအနက် စစ်ဦးစီးတက္ကသိုလ်အစောဆုံးတက်ခွင့်ရတာမိမိပဲ။ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ် အစောဆုံးတက်ခွင့်ရတာမိမိပဲ။ စီမံထူးချွန်(ပထမဆင့်) တံဆိပ်အစောဆုံးချီးမြှင့်ခံရတဲ့ညွှန်ချုပ်ဟာ မိမိပါပဲ။ နိုင်ငံခြားဦးစီးတက္ကသိုလ်တက်ဖို့ ရွေးချယ်စေလွှတ်ခံခဲ့ရတာ မိမိတစ်ဦးသာပဲ။ ဆိုလိုတာက စောတာနောက်ကျတာ ဘာမှအရေးမကြီးပါ။

နိုင်ငံတော်ကပေးအပ်လာတဲ့တာဝန်ကို ကျရာနေရာ၊ ထားရာတာဝန်မှာ ဘယ်လိုအခက်အခဲအတားအဆီးပဲတွေ့ရပါစေ ဦးလည်မသုန် အောင်မြင်အောင် တာဝန်ခံတာဝန်ယူပြီး ရဲရဲရင်ဆိုင်ဖြတ်သန်းမှာပဲ။ ဒါက မိမိရဲ့ခံယူချက်သဘောထားပါ။

ဆရာသမားတွေက ပေးခဲ့တဲ့အမွေလေးတွေ ဖော်ပြလိုက်ပါရစေ။

**၁။ စိတ်ဓာတ်။** ဖြောင့်မတ်၊ ရဲရင့်၊ စွန့်စားဝံ့

**၂။ စည်းကမ်း။** အမှန်တရားကိုမြတ်နိုးလေးစား

**၃။ စေတနာ။** လူသားချင်းချင်းစာနာ၊ နားလည်၊ ကူညီ

**၄။ စွမ်းရည်။** အမြဲလေ့ကျင့်၊ စာတွေ့လက်တွေ့သင်ယူ၊ သင်ကြားပြသနေရ

**၅။ စည်းလုံး။** ယုံကြည်ချက်၊ ခံယူချက်၊ မျှဝေ၊ ရိုင်းပင်း၊ ရဲဘော်စိတ်ရှိ

**စလုံးငါးခု၊ မင်းမှုထမ်းဘဝမှာ တာဝန်သာလျှင် ဦးထိပ်ထားပါတယ်။** ငွေကြေးချမ်းသာ၊ စီးပွားရှာဖို့အရေးမကြီးပါ။ နာမည်ကျော်ချင် ထင်ပေါ်ချင်တာမရှိပါ။ ရေစီးသာရာ၊ ရေစုန်မျှောရန်၊ သက်သာခိုရန်၊ စိတ်မကူးခဲ့ဖူးပါ။ ရေဆန်လေဆန်ကို လှော်၍ မုန်တိုင်းထန်လည်း၊ အောင်ပွဲရတဲ့ထိ ခရီးဆက်မှာပဲ။ လူသစ်၊ စိတ်သစ်နဲ့ဘဝသစ်တွေ အောင်မြင်ကြပါစေ။

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

## ၂၀၂၆ ခုနှစ်၊ ၈၁ နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

(က) အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေး ၃ ပါးကို ကာကွယ်စောင့်ရှောက်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြေခံမူများနှင့်အညီ ဒီမိုကရေစီလမ်းကြောင်းမှ သွေဖည်ယိမ်းယိုင်မသွားရေးတို့အတွက် နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှု အခန်းကဏ္ဍ၌ တပ်မတော်က ပါဝင်ထမ်းဆောင်ရေး။

(ခ) နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နိုင်ငံတော်အစိုးရ၊ ပြည်သူလူထုနှင့်အတူ လက်တွဲပြီး ကျရာကဏ္ဍအသီးသီးမှ ကြိုးပမ်းဆောင်ရွက်ရေး။

(ဂ) စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပဓာနကျသောအချက်ဖြစ်သည့်အတွက် တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေး ဆောင်ရွက်ရာတွင် ဒို့တာဝန်အရေး ၃ ပါးကို မသွေဖည်ဘဲ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအပေါ်အခြေခံ၍ ဖြစ်နိုင်သမျှ အလေးထားဆောင်ရွက်ရေး။

(ဃ) တပ်မတော်ကို Standard Army ဖြစ်စေရေး တည်ဆောက်ရာတွင် လေ့လာ၊ လေ့ကျင့် လိုက်နာဆိုသည့် တပ်မတော်၏လုပ်ငန်းစဉ်နှင့်အညီ စွမ်းရည် ၃ ရပ် မြင့်မားစေရေးနှင့် ခေတ်မီနည်းပညာများအား ထိရောက်စွာအသုံးပြုတတ်စေရေး စဉ်ဆက်မပြတ် တိုးတက်အောင် ဆောင်ရွက်ရေး။

## နွေအကြို

- နွေဦးကာလ သာစွချိန်ခါ
ကဗျာသီရေး အတွေးလွမ်းစိတ်ဖြာ
သစ်ရွက်ကြွေရာ လွင့်ကာလူပ်ရှား
ဆက်ရက်သံညံ ပင်ထက်ယံ
မြည်သံတေးဖြစ် ခံစားသည်နှင့်လေး။

- သရက်ဖူးများ ပွင့်အားဝေဝေ
ဆီးသီးနီရဲ ပေါက်လဲငုံစီနေ
ပြယုဂ်သို့နွေ ရောက်ပေပူနွေး
နွေစာမျက်နှာ ဖွင့်ထုတ်လာ
ဆာယာအရိပ် ကြိုတွေးသည်နှင့်လေး။

- ပလွေသံပေး ဆိုတေးချိုကြည်
တောရွာခလေ့ ပျော်မွေ့တက်ကြွညီ
မြစ်ချောင်းတွေသည် ခန်းမည်တိမ်ကော
နွားလှည်းစုံစုံ ရေခပ်ကြုံ
ဖူလုံဖို့ရေး မမေ့သည်နှင့်လေး။

- လယ်ကွင်းယာတော စောစောရောက်ရန်
ပြင်ဆင်ချက်ပြုတ် ကြိုးကုတ်တောရပ်ထံ
နွေ၏သဏ္ဍာန် တွန်းလှန်ထန်းရွက်
ရနံ့မွှေးအီ ထန်းတောသည်
နွေမည်ပူလည်း ရှေ့ဆက်hသည်နှင့်လေး။

- ထန်းလက်ဝေဆာ တောရွာအသင့်ပေါ့အတည်။ ။

- ကမ်းလက်ဝေဖြာ မနေမှာတင့်တော့သည်။ ။

ရွှေမြိုင်သူ(မြန်မာစာ)

## အရာတော်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မြေပဲကေအားလုံး ရာနှုန်းပြည့်နုတ်သိမ်းပြီးစီး



မုံရွာ မတ် ၁၅

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မြေပဲကေအားလုံး ရာနှုန်းပြည့် နုတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အရာတော်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၆၈၄၆ ကေထိ စိုက်ပျိုးနိုင်ခဲ့ပြီး အဆိုပါစိုက်ပျိုးထားသော မြေပဲစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလဒုတိယပတ်မှ စတင်နုတ်သိမ်းခဲ့ရာ ယနေ့တွင် ကေအားလုံး ရာနှုန်းပြည့် နုတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ၅၆ ဒသမ ၀၁ တင်းထွက်ရှိခဲ့ကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီ အရာတော်မြို့နယ်မှာ မြေပဲ ၁၆၈၄၆ ကေထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ မြေပဲစိုက်ခင်းတွေ လက်ရှိမှာတော့ ကေအားလုံး ရာနှုန်းပြည့်နုတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ဆီထွက်သီးနှံ မြေပဲ စိုက်ပျိုးမှုအနေနဲ့ကတော့ အောင်မြင်တဲ့ အနေအထားမှာရှိပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်လာပါတယ်"ဟု မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။

မြေပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည် ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြ၍ သိရသည်။ (၂၀၆)

## မအူပင်မြို့နယ်တွင် ငါးပုတ်သင်များ အရောင်းအဝယ်ကောင်းမွန်နေ

မအူပင် မတ် ၁၅

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်တွင် ငါးပုတ်သင်များ ဝယ်ယူမှုအားကောင်းပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း မအူပင်မြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ခိုင်ခိုင်လင်းက ပြောပြ၍ သိရသည်။

မအူပင်မြို့နယ် ငါးဈေးကွက်အတွင်း ငါးပုတ်သင်များကို ယခုနှစ် မတ်လပထမပတ်မှ စတင်ပြီး ယနေ့တိုင် ဝယ်ယူအားကောင်းမွန်ပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါ ငါးပုတ်သင်များ တစ်ရက်လျှင် ပိဿာချိန် ၅၀၀၀ ထိ အရောင်းအဝယ် ဖြစ်နေကြောင်း သိရသည်။

"ရေထွက်ကုန်တွေထဲမှာ ငါးပုတ်သင်တွေ ပိုမိုအရောင်းအဝယ်ဖြစ်နေပါတယ်။ ငါးပုတ်သင်တွေကို စားသုံးတဲ့သူများလာတာကြောင့် အရောင်းအဝယ်ကောင်းလာပါတယ်။ ဒေသတွင်းအပြင် ရန်ကုန်ဈေးကွက်ကပါ မှာယူမှုများတာပါ။ အဓိကတော့ ဒီဘက်က တင်ပို့ရောင်းချတဲ့ ငါးပုတ်သင်တွေကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်လာတာပါ။ ဒေသပွဲရုံတွေဆီ ငါးပုတ်သင်တွေ ပုံမှန်ဝင်ရောက်နေပါတယ်။ ပွဲရုံတွေဆီဝင်လာတဲ့ ငါးပုတ်သင်တွေကလဲ လတ်ဆတ်မှုရှိပါတယ်။



အခုလို ငါးပုတ်သင်တွေ အရောင်းအဝယ်ကောင်းလာတော့ ရေလုပ်ငန်းနဲ့ဆက်စပ်နေသူတွေ အဆင်ပြေနေတာ တွေ့ရပါတယ်"ဟု မအူပင်မြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ခိုင်ခိုင်လင်းက ပြောပြသည်။

မအူပင်မြို့နယ်မှ ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ငါးပုတ်သင်များအပါအဝင် ဒေသထွက်ရေထွက်ကုန်များကို ဝယ်ယူပြီး စနစ်တကျ စစ်ဆေးသန့်စင်ကာ ဝယ်ယူသည့် ဒေသများကို ဖြန့်ဖြူး တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ငါးပုတ်သင် တစ်ပိဿာလျှင် ငွေကျပ် ၁၈၀၀၀ မှ ၂၂၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

## ကဝမြို့နယ် ဂွကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

ကဝ မတ် ၁၅

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ကဝမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဂွကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေးခြင်းကို မတ် ၁၄ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကဝမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခိုင်ရွှေဇင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် အခြားမိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ ထုတ်ချေးပေးရခြင်း ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံကိန်းတာဝန်ခံဝန်ထမ်းက ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများ၊ ကျေးလက်နေပြည်သူများ လိုက်နာရမည့်တာဝန်များ၊ ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားခဲ့ပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာစီမံကိန်းကော်မတီဝင်များထံ ရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ဂွကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၆၂ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၅၄ ဒသမ ၈ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

သုတ

## နိုင်ငံတကာ သတင်းများ

# ဟော်မုဇ်ရေလက်ကြားကို ဖွင့်လှစ်ရေးအတွက် စစ်သင်္ဘောများစေလွှတ်ရန် ကမ္ဘာ့နိုင်ငံများကို သမ္မတဒေါ်နယ်ထရမ့် တိုက်တွန်းပြောကြား

**ဝါရှင်တန် မတ် ၁၅**

ပါရှန် ပင်လယ်ကွေ့ဒေသ ဟော်မုဇ်ရေလက်ကြား ရေလမ်းကြောင်းများကို ဖွင့်လှစ်ရေးအတွက် စစ်သင်္ဘောများစေလွှတ်ကြရန် အမေရိကန်သမ္မတဒေါ်နယ်ထရမ့်က မတ် ၁၄ ရက်တွင် ကမ္ဘာ့နိုင်ငံများကို တိုက်တွန်းပြောကြားထားကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။



ဟော်မုဇ်ရေလက်ကြားကိုဖြတ်သန်းနေသည့် ရေနံများလက်ခံရယူနေသော နိုင်ငံများအနေဖြင့် ယင်းရေလက်ကြားကို စောင့်ရှောက်ရမည်ဖြစ်ကြောင်း သမ္မတဒေါ်နယ်ထရမ့်က ၎င်း၏လူမှုကွန်ရက်စာမျက်နှာပေါ်၌ ရေးသားထားသည်။

ထို့ပြင် အမေရိကန်နိုင်ငံအနေဖြင့် ဟော်မုဇ်ရေလက်ကြား ရေလမ်းကြောင်းများ လုံခြုံချောမွေ့စေရေးအတွက် စစ်သင်္ဘောများစေလွှတ်မည့်နိုင်ငံများနှင့် ညှိနှိုင်းဆောင်ရွက်မည် ဖြစ်ကြောင်း သမ္မတဒေါ်နယ်ထရမ့်က ပြောကြားထားသည်။

ဟော်မုဇ်ရေလက်ကြားကို စစ်သင်္ဘောများစေလွှတ်မည့် နိုင်ငံများထဲတွင် တရုတ်၊ ဂျပန်၊ ပြင်သစ်၊ ဗြိတိန်၊ တောင်ကိုရီးယားနိုင်ငံတို့လည်းပါဝင်မည်ဟု မိမိမျှော်လင့်ထားသည်ဟု သမ္မတဒေါ်နယ်ထရမ့်က ပြောကြားထားကြောင်း သိရသည်။

အရှေ့အလယ်ပိုင်း စစ်ရေးပဋိပက္ခအတွင်း ဟော်မုဇ်ရေလက်ကြား ရေကြောင်းလမ်းများပိတ်နေမှုကြောင့် ကမ္ဘာ့စွမ်းအင်ဈေးနှုန်းများ မြင့်တက်လာချိန်တွင် ဟော်မုဇ် ရေလက်ကြားလုံခြုံရေးအတွက် စစ်သင်္ဘောများစေလွှတ်ရန် ကမ္ဘာ့နိုင်ငံများကို သမ္မတဒေါ်နယ်ထရမ့်က တိုက်တွန်းပြောကြားထားခြင်းဖြစ်သည်။

သမ္မတဒေါ်နယ်ထရမ့်၏ တိုက်တွန်းချက်အရ ဟော်မုဇ်ရေလက်ကြားကို စစ်သင်္ဘောများစေလွှတ်ရန် သဘောတူသည့်နိုင်ငံများကို အိမ်ဖြူတော် တာဝန်ရှိသူများက ထုတ်ဖော်ပြောကြားထားခြင်းမရှိသေးကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

# ဒုံးပစ်လောင်ချာစမ်းသပ်ပစ်ခတ်မှု ကင်ဂျုံအန် ကိုယ်တိုင်ဦးဆောင်



**ပြုံယမ်း မတ် ၁၅**

မတ် ၁၄ ရက်တွင် ပြုလုပ်ခဲ့သော ဒုံးပစ်လောင်ချာစနစ် ၁၂ ခု စမ်းသပ်ပစ်ခတ်မှုကို မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန် ကိုယ်တိုင်ကြီးကြပ်ခဲ့ကြောင်း ကေစီအင်န်အေ သတင်းဌာနက သတင်း ထုတ်ပြန်ထားသည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

မတ် ၁၄ ရက် ဒုံးပစ်လောင်ချာစမ်းသပ်မှုသည် အကွာအဝေး ကီလိုမီတာ ၄၂၀ အတွင်းရှိ ရန်သူများကို စိတ်အနှောင့်အယှက်ပေးလိမ့်မည်ဖြစ်ကြောင်း မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်က ပြောကြားခဲ့သည်။

မြောက်ကိုရီးယားတပ်များ စမ်းသပ်ပစ်လွှတ်ခဲ့သည့် ဒုံးပစ်လောင်ချာအမျိုးအစားမှာ ၆၀၀ မီလီမီတာ ဒုံးပစ်လောင်ချာများ ဖြစ်ကြောင်း သိရသည်။

စမ်းသပ်ပစ်ခတ်မှုအတွင်း ပစ်လွှတ်ခဲ့သည့် ဒုံးကျည်များသည် ၃၆၃ ကီလိုမီတာအကွာ ပင်လယ်ရေပြင်အတွင်းရှိ ပစ်မှတ်တုကို ၁၀၀ ရာခိုင်နှုန်းတိကျစွာဖျက်ဆီးနိုင်ခဲ့ကြောင်း ကေစီအင်န်အေ သတင်းဌာန သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

အမေရိကန်နှင့် တောင်ကိုရီးယားနိုင်ငံတို့က ပူးတွဲစစ်ရေးလေ့ကျင့်မှုပြုလုပ်နေချိန်တွင် မြောက်ကိုရီးယားတပ်မတော်က ဒုံးပစ်လောင်ချာ စမ်းသပ်ပစ်ခတ်မှုများ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

မြောက်ကိုရီးယား နိုင်ငံသည် အမေရိကန်နှင့် တောင်ကိုရီးယားနိုင်ငံတို့၏ ပူးတွဲစစ်ရေးလေ့ကျင့်မှုများကို ကျူးကျော်စစ်အတွက် ဇာတ်တိုက် လေ့ကျင့်မှုများအဖြစ် သတ်မှတ် တုံ့ပြန်လေ့ရှိကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

# တရုတ်နှင့် အမေရိကန် စီးပွားရေးတာဝန်ရှိသူများ ပြင်သစ်နိုင်ငံ ပဲရစ်မြို့၌ တွေ့ဆုံဆွေးနွေး



**ပဲရစ် မတ် ၁၅**

အမေရိကန်နှင့် တရုတ်စီးပွားရေး ထိပ်တန်းတာဝန်ရှိသူများသည် ယနေ့တွင် ပြင်သစ်နိုင်ငံ ပဲရစ်မြို့၌တွေ့ဆုံ၍ နှစ်နိုင်ငံကုန်သွယ်ရေး ပြဿနာများနှင့်ပတ်သက်ပြီး ဆွေးနွေးခဲ့ကြကြောင်း Xinhua သတင်းဌာနက ဖော်ပြထားသည်။

ပဲရစ်ဆွေးနွေးပွဲများတွင် အမေရိကန်ဘဏ္ဍာရေးဝန်ကြီး စကော့ဘက်ဆန့်နှင့် တရုတ်ဒုတိယဝန်ကြီးချုပ် ဟီလီဖန်းတို့ပါဝင်တက်ရောက်ခဲ့ကြကြောင်း အမေရိကန်မီဒီယာများက သတင်းထုတ်ပြန်ထားသည်။

အဆိုပါ ဆွေးနွေးပွဲတွင် အမေရိကန်နှင့် တရုတ်တာဝန်ရှိသူများအနေဖြင့် သမ္မတဒေါ်နယ်ထရမ့်၏ တရုတ်နိုင်ငံခရီးစဉ်အတွက်လည်း ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် ယခုလကုန်ပိုင်းတွင် တရုတ်နိုင်ငံသို့ သွားရောက်၍ တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် တွေ့ဆုံရန် စီစဉ်ထားသည်။

တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် အမေရိကသမ္မတ ဒေါ်နယ်ထရမ့်တို့အနေဖြင့် ယခုနှစ် နိုဝင်ဘာလအတွင်း တရုတ်နိုင်ငံ၌ကျင်းပမည့် အေပက်ထိပ်သီးညီလာခံနှင့် ဒီဇင်ဘာလတွင် အမေရိကန်နိုင်ငံ၌ ကျင်းပမည့် ဂျီ-၂၀ ထိပ်သီးညီလာခံများတွင်လည်း ထပ်မံတွေ့ဆုံဆွေးနွေးနိုင်သည်ဟု အမေရိကန်အစိုးရတာဝန်ရှိသူများက ပြောကြားထားကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

# ဗီယက်နမ်၌ အမျိုးသားလွှတ်တော် ရွေးကောက်ပွဲ ကျင်းပ

**ဟန်နွိုင်း မတ် ၁၅**

ငါးနှစ်တစ်ကြိမ် ကျင်းပမြဲ ဗီယက်နမ် အမျိုးသားလွှတ်တော် ရွေးကောက်ပွဲကို ယနေ့တွင်ကျင်းပခဲ့ရာ ဗီယက်နမ်ပြည်သူများ ပါဝင်မဲပေးခဲ့ကြကြောင်း Xinhua သတင်းဌာနက ဖော်ပြထားသည်။

ယနေ့ အမျိုးသားလွှတ်တော် ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ဗီယက်နမ်ပြည်သူ သန်း ၇၀ ကျော်တို့က ပြည်သူ့ကိုယ်စားလှယ်နေရာ ၅၀၀ တို့ကို မဲပေးရွေးချယ်ကြမည်ဖြစ်သည်။

အဆိုပါရွေးကောက်ပွဲ၌ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်နေရာ ၅၀၀ တို့အတွက် ကိုယ်စားလှယ်လောင်း ၈၆၄ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

သို့ရာတွင် အဆိုပါကိုယ်စားလှယ်လောင်းများအနက် ၉၃ ရာခိုင်နှုန်းခန့်မှာ ဗီယက်နမ်ကွန်မြူနစ်ပါတီက ရွေးချယ်ထားသူများဖြစ်ပြီး ခုနစ်ရာခိုင်နှုန်းမှာ ပုဂ္ဂလိကကိုယ်စားလှယ်လောင်းများ ဖြစ်ကြသည်။

ဗီယက်နမ် အမျိုးသားလွှတ်တော်ရွေးကောက်ပွဲ တရားဝင်ရလဒ်များကို မတ် ၂၃ ရက်တွင် ကြေညာမည်ဖြစ်ကြောင်း ဗီယက်နမ်တာဝန်ရှိသူများက ပြောကြားထားသည်။

အမျိုးသား လွှတ်တော်သစ် အစည်းအဝေးများကို ဧပြီလအစောပိုင်းတွင် ကျင်းပမည်ဖြစ်ပြီး ကွန်မြူနစ်ပါတီညီလာခံက အမည်စာရင်းပေးထားသော ခေါင်းဆောင်သစ်များကို အတည်ပြုပေးဖွယ်ရှိကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

# အစ္စရေးနှင့် လက်ဘနွန်တို့ကြား တိုက်ရိုက်ဆွေးနွေးပွဲများ မကြာမီကျင်းပနိုင်ဖွယ်ရှိ

**ဂျေရုဆလင် မတ် ၁၅**

အစ္စရေးနှင့် လက်ဘနွန်တို့ကြား တိုက်ရိုက် ဆွေးနွေးပွဲများကို လာမည့်ရက်များအတွင်း ကျင်းပနိုင်ဖွယ်ရှိကြောင်း အစ္စရေးအစိုးရသတင်းအရင်းအမြစ်များက မတ် ၁၄ ရက်တွင် မီဒီယာများသို့ ထုတ်ဖော်ပြောကြားထားသည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အဆိုပါ ဆွေးနွေးပွဲများသည် အီရန်စစ်ရေးပဋိပက္ခစတင်ဖြစ်ပွားခဲ့ပြီးနောက်ပိုင်း အစ္စရေးနှင့် လက်ဘနွန်တို့ကြား ပထမဆုံးတိုက်ရိုက်ဆွေးနွေးပွဲများ ဖြစ်လာမည်ဖြစ်သည်။

အစ္စရေးနှင့် လက်ဘနွန် တိုက်ရိုက်ဆွေးနွေးပွဲများကို ပြင်သစ်နိုင်ငံ ပဲရစ်မြို့ သို့မဟုတ် ဆိုက်ပရပ်စ်နိုင်ငံ၌ ကျင်းပဖွယ်ရှိကြောင်း အစ္စရေးမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

အဆိုပါ ဆွေးနွေးပွဲများတွင် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ သမက် ဂျရက်ကုရှ်နာလည်း ပါဝင်မည်ဖြစ်ကြောင်း အစ္စရေးမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

အမေရိကန်နှင့် အစ္စရေးနိုင်ငံတို့၏ တိုက်ခိုက်မှုကြောင့် အီရန်ခေါင်းဆောင် အယာတိုလာခါမေနီ သေဆုံးခဲ့ရမှုကို တုံ့ပြန်သည့်အနေဖြင့် လက်ဘနွန်အခြေစိုက် ဟစ်ဇ်ဘိုလာအုပ်စုက အစ္စရေးကို မတ် ၂ ရက်တွင် တိုက်ခိုက်ခဲ့ရာ အစ္စရေးနိုင်ငံကလည်း လက်ဘနွန်နိုင်ငံတွင်းရှိ ဟစ်ဇ်ဘိုလာပစ်မှတ်များကို တိုက်ခိုက်ခဲ့ကြောင်း သိရသည်။

အစ္စရေးနှင့် လက်ဘနွန် တိုက်ရိုက်ဆွေးနွေးပွဲများတွင် လက်ဘနွန်ကို တိုက်ခိုက်မှုများ ရပ်တန့်ရေးနှင့် ဟစ်ဇ်ဘိုလာအုပ်စုလက်နက် ဖြုတ်သိမ်းရေးတို့ကို အဓိကထား ဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

# SCIENCE AND TECHNOLOGY

## တရုတ်အမျိုးသားအာကာသအေဂျင်စီက အာကာသမစ်ရှင်နှစ်ခုကို ရှေ့ဆင့်နောက်ဆင့် လွှတ်တင်ခဲ့



**ပေကျင်း မတ် ၁၅**

တရုတ်အမျိုးသားအာကာသအေဂျင်စီသည် မတ် ၁၃ ရက်တွင် အာကာသမစ်ရှင်နှစ်ခုကို ရှေ့ဆင့်နောက်ဆင့် လွှတ်တင်ခဲ့ကြောင်း မတ် ၁၄ ရက် သတင်းများအရ သိရသည်။

မတ် ၁၃ ရက်၏ ပထမဆုံး မစ်ရှင်အဖြစ် တရုတ်အမျိုးသား အာကာသအေဂျင်စီသည် အင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တုအုပ်စု တစ်ခုကို လောင်းမတ်ချ်-၈ အေ ဒုံးပျံဖြင့် တရုတ်နိုင်ငံတောင်ပိုင်း ဟိုင်နန် အာကာသစခန်းမှ တစ်ဆင့် လွှတ်တင်ခဲ့ကြောင်း သိရသည်။

လွှတ်တင်ပြီး မကြာမီမှာပင် လောင်းမတ်ချ်-၈ အေ ဒုံးပျံသည် သယ်ဆောင်ထားသော အင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တုများကို သတ်မှတ်ပတ်လမ်းပေါ်သို့ အောင်မြင်စွာ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

အထက်ပါမစ်ရှင် လွှတ်တင်ခဲ့ပြီး သုံးနာရီခန့်အကြာတွင် တရုတ်အမျိုးသား အာကာသအေဂျင်စီသည် ရှီးယန်-၃၀ ဝ၃ နှင့် ဝ၄ အမည်ရှိ နည်းပညာစမ်းသပ်ဂြိုဟ်တုနှစ်စင်းကိုလောင်းမတ်ချ်-၂ ဒီဒုံးပျံဖြင့် တရုတ်နိုင်ငံအနောက်တောင်ပိုင်း ရှီချန်းအာကာသစခန်းမှတစ်ဆင့် ထပ်မံလွှတ်တင်ခဲ့ကြောင်း သိရသည်။

လွှတ်တင်ပြီး မကြာမီမှာပင် လောင်းမတ်ချ်-၂ ဒီ ဒုံးပျံသည် ရှီယန်းဂြိုဟ်တု နှစ်စင်းကို သတ်မှတ်ပတ်လမ်းပေါ်သို့ အောင်မြင်စွာ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း တရုတ်အမျိုးသား အာကာသအေဂျင်စီက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**

## ဘတ်စကားအရွယ်အစားရှိ ဂြိုဟ်သိမ်တစ်စင်းက ကမ္ဘာဂြိုဟ်ကို အနီးကပ်ဖြတ်ကျော်ပျံသန်းခဲ့

**ဝါရှင်တန် မတ် ၁၅**

ဘတ်စကား အရွယ်အစားရှိ ဂြိုဟ်သိမ်တစ်စင်းသည် မတ် ၁၃ ရက် ညပိုင်းတွင် ကမ္ဘာဂြိုဟ်ကို အနီးကပ် ဖြတ်ကျော်ပျံသန်းခဲ့ကြောင်း မတ် ၁၄ ရက် သတင်းများအရ သိရသည်။

၎င်းဂြိုဟ်သိမ်သည် ဂြိုဟ်ရံလထက် ပိုနီးသည့်အကွာအဝေးမှတစ်ဆင့် အန္တာတိကဒေသအထက်မှ ဖြတ်ကျော်ပျံသန်းခဲ့ကြောင်း အမေရိကန် သိပ္ပံပညာရှင်များက ပြောကြားသည်။



2026 EG 1 အမည်ရှိ အဆိုပါဂြိုဟ်သိမ်သည် မတ် ၁၃ ရက်တွင် ကမ္ဘာဂြိုဟ်ကို မိုင်ပေါင်း ၁၉၇၄၆၆ မိုင်အကွာမှ ဖြတ်ကျော်ပျံသန်းခဲ့ခြင်းဖြစ်ကြောင်း သိပ္ပံပညာရှင်များက တွက်ချက်ထားသည်။

2026 EG 1 ဂြိုဟ်သိမ်သည် အရွယ်အစားအားဖြင့် အချင်း ၃၂ ပေနှင့် ၇၂ ပေကြားထိ နေကို ရက်ပေါင်း ၆၅၅ ရက်လျှင် တစ်ပတ်ကျ လှည့်ပတ်နေသည့် ဂြိုဟ်သိမ်ဖြစ်ကြောင်း သိရသည်။

ကမ္ဘာဂြိုဟ်ကို အနီးကပ်ဖြတ်သန်းချိန်တွင် 2026 EG 1 ဂြိုဟ်သိမ်၏ အမြန်နှုန်းမှာ တစ်နာရီလျှင် ၂၁၅၁၃ မိုင်ထိ ရှိခဲ့ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

2026 EG 1 ဂြိုဟ်သိမ်သည် ၂၁၈၆ ခုနှစ် စက်တင်ဘာ ၁၃ ရက်တွင် အင်္ဂါဂြိုဟ်ကို မိုင်ပေါင်း ၇ ဒသမ ၅ သန်းအကွာမှ ထပ်မံဖြတ်ကျော်ပျံသန်းမည်ဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**

## တိုက်တန်ဂြိုဟ်ရံလလေ့လာရေးမစ်ရှင်အတွက် ဒရာဂွန်ဖလိုင်း နျူကလီးယားစွမ်းအင်သုံးအာကာသယာဉ်ကို နာဆာက စတင်နေပြီဖြစ်

**ဝါရှင်တန် မတ် ၁၅**

စနေဂြိုဟ်၏ တိုက်တန်ဂြိုဟ်ရံလ လေ့လာရေးမစ်ရှင်အတွက် ဒရာဂွန်ဖလိုင်းအမည်ရှိ နျူကလီးယားစွမ်းအင်သုံး အာကာသယာဉ်ကို အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)က စတင်နေပြီဖြစ်ကြောင်း မတ် ၁၄ ရက် သတင်းများအရ သိရသည်။

ဒရာဂွန်ဖလိုင်း နျူကလီးယားစွမ်းအင်သုံး အာကာသယာဉ်ကို မေရီလန်းပြည်နယ် ဂျွန်ဟော့ကင်း အသုံးချရူပဗေဒ သုတေသနဌာနမှ ကျွမ်းကျင်သူများက တည်ဆောက်နေခြင်းဖြစ်သည်။

ဒရာဂွန်ဖလိုင်း အာကာသယာဉ်သည် နာဆာ၏ အင်္ဂါဂြိုဟ် လေ့လာရေးရဟတ်ယာဉ်ဖြစ်သည့် Ingenuity ကဲ့သို့ ပန်ကာများ တပ်ဆင်ထားသည့် ယာဉ်ပျံအမျိုးအစားဖြစ်သည်။

နာဆာအဖွဲ့သည် ဒရာဂွန်ဖလိုင်း အာကာသယာဉ်ကို ၂၀၂၈ ခုနှစ်တွင် လွှတ်တင်ရန်စီစဉ်ထားကြောင်း သိရသည်။

တိုက်တန်ဂြိုဟ်ရံလပေါ်သို့ ဆင်းသက်ပြီးချိန်တွင် ဒရာဂွန်ဖလိုင်း အာကာသယာဉ်သည် တိုက်တန်ဂြိုဟ်ရံလ၏ ဓာတုဖွဲ့စည်းပုံ၊ဘူမိဖွဲ့စည်းပုံနှင့် လေထုလွှာဖွဲ့စည်းပုံများကို လေ့လာရေးအတွက် နေရာအမျိုးမျိုးကို စူးစမ်း လေ့လာမည်ဖြစ်သည်။

တိုက်တန်ဂြိုဟ်ရံလသည် စနေဂြိုဟ်၏ အကြီးမားဆုံး ဂြိုဟ်ရံလဖြစ်ပြီး နေအဖွဲ့အစည်း၏ ဒုတိယအကြီးမားဆုံး ဂြိုဟ်ရံလဖြစ်ကြောင်း အမေရိကန်အစိုးရ အမျိုးသား လေကြောင်းနှင့် အာကာသစီမံ ခန့်ခွဲရေးအေဂျင်စီ (နာဆာ)မှ သိရသည်။

**Ref : Sputnik News**

**Trs : KKO**

# HEALTH

## အတက်ရောဂါအသုံးပြုသော Sulthiame ဆေးက လေပြွန်ပိတ်ဆို့မှုပြဿနာကို လျှော့ချနိုင်ဖွယ်ရှိ

**စတော့ဟုမ်း မတ် ၁၅**

ဥရောပ၌အတက်ရောဂါအတွက် သုံးစွဲနေကြသည့် Sulthiame ဆေးသည် အိပ်စက်ချိန် လေပြွန်ပိတ်ဆို့မှုပြဿနာ (Sleep Apnea) ကို ကုသရာတွင် အထောက်အကူပြုနိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ မတ် ၁၄ ရက် သတင်းများတွင် ဖော်ပြထားသည်။

ဆွီဒင်နိုင်ငံ ဂိုတင်ဘာ့ဂ်တက္ကသိုလ်မှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ Sulthiame ဆေးသည် အိပ်စက်ချိန် လေပြွန်ပိတ်ဆို့မှုများကို လျှော့ချပေးနိုင်ကြောင်း သိရသည်။

ဆွီဒင် သုတေသနပညာရှင်များသည် Sleep Apnea လူနာ ၁၉၈ ဦးတို့ဖြင့် Sulthiame ဆေး၏ အာနိသင်ကို လက်တွေ့စမ်းသပ်မှုများ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့် ရလဒ်များအရ Sulthiame ဆေးသည် အိပ်စက်ချိန် လေပြွန်ပိတ်ဆို့မှုများကို ၄၇ ရာခိုင်နှုန်း လျှော့ချပေးနိုင်သည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

ထို့ပြင် Sulthiame ဆေးသည် Sleep Apnea လူနာများကို သွေးအတွင်း အောက်ဆီဂျင်ပါဝင်မှုအဆင့်ကိုလည်း မြှင့်တင်ပေးနိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

Sulthiame ဆေးသည် လူ့ကိုယ်ခန္ဓာ၏အသက်ရှူမှုပုံစံ ထိန်းချုပ်နိုင်စွမ်းကို မြှင့်တင်ပေးနိုင်ဖွယ်ရှိကြောင်း ဆွီဒင်သုတေသနပညာရှင်များက ပြောကြားသည်။

**Ref : Sputnik News**

**Trs : KKO**

## NSAIDS အုပ်စုဝင်ဆေးများကြောင့် ကျောက်ကပ်ရောဂါဖြစ်နိုင်ခြေ မြင့်မားလာနိုင်

**လန်ဒန် မတ် ၁၅**

Ibuprofen ကဲ့သို့ရောင်ရမ်းမှု တိုက်ဖျက်ရေးဆေးဝါးများကြောင့် ကျောက်ကပ်ရောဂါ ဖြစ်နိုင်ခြေ မြင့်မားလာနိုင်ကြောင်း သုတေသနပညာရှင်များ၏အဆိုကိုကိုးကား၍ မတ် ၁၄ ရက် သတင်းများအရ သိရသည်။

Ibuprofen ကဲ့သို့ရောင်ရမ်းမှု တိုက်ဖျက်ရေး ဆေးဝါးများသည် ထိရောက်မှုရှိ၍ ဘေးကင်းလုံခြုံသော်လည်း ၎င်းဆေးများကြောင့် ကျောက်ကပ်ရောဂါ ဖြစ်နိုင်ခြေ မြင့်တက်လာနိုင်ကြောင်း ဗြိတိန် သုတေသန ပညာရှင်များက ပြောကြားသည်။

သို့ဖြစ်ရာ အထက်ပါဆေးဝါးများအပေါ် အားပြုမှီခိုနေရသည့် လူနာများ၌ ကျောက်ကပ်ရောဂါဖြစ်နိုင်ခြေကို စောင့်ကြည့်နေရန် လိုကြောင်း ဗြိတိန်သုတေသနပညာရှင်များက အကြံပြုထားသည်။

Ibuprofen၊ Aspirin နှင့် Naproxen အကိုက်အခဲပျောက်ဆေးများသည် Non-Steroidal anti-inflammatory Drug (NS-AIDS)အုပ်စုဝင် ဆေးများဖြစ်ကြောင်း သိရသည်။

ဗြိတိန် သုတေသနပညာရှင်များ၏အဆိုအရ NSAIDS အုပ်စုဝင်ဆေးသည်သွေးအတွင်း သကြားဓာတ်ပါဝင်မှုကို မထိန်းချုပ်နိုင်သူများအတွက် ပြဿနာရှိကြောင်း သိရသည်။

NSAIDS ဆေးများကြောင့် သွေးဖိအားမြင့်မား၍ ကိုယ်တွင်း သွေးယိုမှု ဖြစ်ပွားတတ်ရာ ကျောက်ကပ်အတွင်းသို့ သွေးဝင်ရောက်မှု ကျဆင်းသွားတတ်ပြီး ကျောက်ကပ်ရောဂါ ဖြစ်ပွားနိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

**Ref : Russia Today**

**Trs : KKO**






# MNL-2 Promotion Amateur Club Tournament 2026 ပြိုင်ပွဲ ချန်ပီယံဆုကို Enjoy Brother FC အသင်း ဆွတ်ခူး




ရန်ကုန် မတ် ၁၅

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာ နေရှင်နယ်လိဂ်ကော်မတီ က ကြီးမှူးကျင်းပခဲ့သည့် MNL-2 Promotion Amateur Club Tournament 2026 ပြိုင်ပွဲ၏ ဗိုလ်လုပွဲစဉ်နှင့် ဆုပေးပွဲအခမ်း အနားကို ယနေ့ ညနေပိုင်းက ကျင်းပခဲ့ရာ Enjoy Brother FC အသင်းက Happy Friendship FC အသင်းကို သုံးဂိုး နှစ်ဂိုးဖြင့် အနိုင် ရပြီး ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့ ကြောင်း သိရသည်။

အဆိုပါ ဗိုလ်လုပွဲစဉ်အပြီး ဆုပေးပွဲအခမ်းအနားကိုကျင်းပရာ ချန်ပီယံဆုဆွတ်ခူးခဲ့သည့် Enjoy Brother FC အသင်းသည် ချန်ပီယံ ဆုဖလားနှင့်အတူ ဆုကြေးငွေကျပ် သိန်း ၅၀၊ ဒုတိယရရှိခဲ့သည့် Happy Friendship FC အသင်းသည် ဆုကြေးငွေကျပ်သိန်း ၃၀ တို့ကို မြန်မာနေရှင်နယ်လိဂ် ကော်မတီ ဥက္ကဋ္ဌ ဦးဇော်မင်းသိန်း၊ မြန်မာ နိုင်ငံဘောလုံးအဖွဲ့ချုပ် အထွေထွေ အတွင်းရေးမှူး ဦးထွန်းထွန်း အောင်၊ မြန်မာနေရှင်နယ်လိဂ် အမှုဆောင်အရာရှိချုပ် ဦးစိုးမိုး ကျော်တို့က တက်ရောက်ချီးမြှင့် ပေးခဲ့သည်။

ယခုနှစ် MNL 2 Promotion Amateur Club Tournament 2026 ပြိုင်ပွဲတွင် ARYU FC၊ Enjoy Brother FC၊ Happy Friendship FC၊ Magway Union FC၊ Royal Chindwin FC၊ Swat-E Academy၊ 10/Mon FC၊ Asia Lion FC၊ Elite Kings FC၊ MYWD Star FC၊ Thanlyin City FC အသင်းတို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

MNL-2 Promotion Amateur Club Tournament 2026 ပြိုင်ပွဲတွင် ချန်ပီယံဆုဆွတ်ခူးခဲ့ သည့် Enjoy Brother FCအသင်း နှင့် ဒုတိယရရှိသည့် Happy Friendship FC အသင်းတို့သည် လာမည့်ဘောလုံးရာသီ မြန်မာ နေရှင်နယ်လိဂ်-၂ ပြိုင်ပွဲသို့ တန်း တက်ယှဉ်ပြိုင်ခွင့် ရရှိမည်ဖြစ် ကြောင်း သိရသည်။

STA

# ISPE အသင်းက ယူ-၂၀ အသင်းအတွက် ကစားသမားရွေးချယ်ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၁၅

မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲ ဝင်ကလပ်အသင်း တစ်သင်းဖြစ် သည့် ISPE အသင်းက မြန်မာ နေရှင်နယ်လိဂ် ယူ-၂၀ ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် ISPE ယူ-၂၀ အသင်းအတွက် ကစားသမား ရွေးချယ်ပွဲ ကျင်းပမည်ဖြစ် ကြောင်း သိရသည်။

ISPE အသင်းသည် ယူ-၂၀ အသင်းအတွက် ကစားသမားရွေး ချယ်ပွဲကို လာမည့် မတ် ၂၀ ရက်မှ ၂၄ ရက်တို့တွင် နံနက် ၇ နာရီမှ ညနေ ၄နာရီထိ ရန်ကုန်တိုင်း ဒေသကြီး တာမွေမြို့နယ်ရှိ အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်)တွင် ကျင်းပမည် ဖြစ်သည်။

ISPE အသင်း၏ ယူ-၂၀ အသင်းအတွက် ကစားသမားရွေး ချယ်ပွဲ ဝင်ရောက်ယှဉ်ပြိုင်လိုသူ များအနေဖြင့် ယခုနှစ်တွင် Grade-12 ဖြေဆိုပြီးသည့် အနယ်နယ်အရပ်ရပ်မှ ကျောင်း သားလူငယ်များအပြင် ၁-၅- ၂၀၀၆ ခုနှစ်မှ ၃၀-၁-၂၀၀၈ ခုနှစ် အတွင်းမွေးဖွားသည့် မည်သူမဆို လာရောက် အရွေးချယ်ခံနိုင်မည် ဖြစ်သည်။

လက်ရှိ အားကစားနှင့်ကာယ ပညာသိပ္ပံကျောင်းများမှ Grade-12 စာမေးပွဲဖြေဆိုပြီးသည့် ကျောင်း သားများအတွက် အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) တွင် နေထိုင်ရန်အဆောင်နှင့် အစား အသောက်များ စီစဉ်ပေးမည် ဖြစ်ပြီး အခြားလူငယ်များ အနေဖြင့် အသုံးစရိတ်ကို မိမိ ကိုယ်တိုင်ကျခံရမည်ဖြစ်ကြောင်း သိရသည်။

STA

# The Players Championship ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယနေ့အပြီးတွင် လက်ဗစ်အဘက်က အမှတ်ပေးဇယားကိုဦးဆောင်

ဖလော်ရီဒါ မတ် ၁၅

အမေရိကန်နိုင်ငံ ဖလော်ရီဒါ ပြည်နယ်တွင်ကျင်းပနေသည့် The Players Championship ဂေါက်သီး ရိုက်ပြိုင်ပွဲ တတိယနေ့အပြီးတွင် ဆွီဒင် ဂေါက်သီးရိုက်ကစားသမား လက်ဗစ်အဘက်က စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၃ ချက် လျော့ရိုက်ကာ အမှတ်ပေးဇယား ကို ဦးဆောင်နေကြောင်း TSN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အမေရိကန် ဂေါက်သီးရိုက် ကစားသမားများ ဖြစ်ကြသည့် သောဘွန်ဆင်က စုစုပေါင်းသတ် မှတ် ရိုက်ချက်ထက် ၁၀ ချက်လျော့ ရိုက်ကာအမှတ်ပေးဇယား၏ဒုတိယ နေရာတွင်ရပ်တည်နေပြီး ကင်မရွန်း ယန်းက စုစုပေါင်းသတ်မှတ်ရိုက် ချက်ထက် ကိုးချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယ နေရာတွင် ရပ်တည်နေသည်။

လက်ဗစ်အဘက် အနေဖြင့် ဒုတိယနေ့တွင် အကောင်းဆုံး ကစားနိုင်ခဲ့သကဲ့သို့ ဒုတိယနေ့က စွမ်းဆောင်ရည်ကို ဆက်လက် ထိန်းသိမ်းခဲ့ပြီး အမှတ်ပေး ဇယားကို ဆက်လက်ဦးဆောင် ထားနိုင်ခြင်းဖြစ်သည်။

လက်ဗစ်အဘက်က "တတိယ နေ့ရဲ့ ကျင်းနံပါတ်(၁၆)နဲ့ ကျင်း နံပါတ်(၁၇)တို့မှာ အမှားမရှိဘဲ ကစားနိုင်ခဲ့ပါတယ်။ ကျင်းနံပါတ် (၁၈)မှာတော့ စွမ်းရည်ပိုင်းနဲ့ ပတ်သက်ပြီး စိတ်အနှောင့်အယှက် ဖြစ်ခဲ့ရပါတယ်။ ဒုတိယနေ့တုန်းက ကစားနိုင်ခဲ့တဲ့ စွမ်းဆောင်ရည် အတိုင်း ကစားနိုင်ခဲ့တာပါ။ နောက်ဆုံးနေ့မှာလဲ အခုလိုပုံစံ ကောင်းကို ဆက်လက်ထိန်းသိမ်း နိုင်မယ်လို့ မျှော်လင့်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : TSN

Trs : AZL

# Indian Wells Masters တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်ကို မျက်ဒဗျက် တက်ရောက်



ဖလော်ရီဒါ မတ် ၁၅

အမေရိကန်နိုင်ငံ ကယ်လီဖိုး နီးယားပြည်နယ်တွင် ကျင်းပနေ သည့် Indian Wells Masters တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ် တစ်ပွဲအဖြစ် ကမ္ဘာ့အဆင့်(၁) စပိန်တင်းနစ်ကစားသမား အယ် ကာရက်ဇ်နှင့် ရုရှားတင်းနစ် ကစားသမား မျက်ဒဗျက်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ မျက်ဒဗျက်က (၆-၃၊၇-၆) ရလဒ်ဖြင့် အနိုင်ရပြီး ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်ခဲ့ ကြောင်း Sky Sports သတင်း ဌာနက ယနေ့တွင်ဖော်ပြခဲ့သည်။

အယ်ကာရက်ဇ်သည် ချန်ပီယံ ဆုကို ဆွတ်ခူးနိုင်ရန် ပစ်မှတ်ထား ကြိုးစားခဲ့သော်လည်း မျက်ဒဗျက် က အကောင်းဆုံးပုံစံဖြင့် အယ် ကာရက်ဇ်ကို အနိုင်ရခဲ့သည်။

အယ်ကာရက်ဇ်အတွက် ၂၀၂၆ ခုနှစ် တင်းနစ်ရာသီတွင် ပထမဆုံး သောရှုံးပွဲဖြင့် ရင်ဆိုင်ခဲ့ရခြင်း ဖြစ်သည်။

အယ်ကာရက်ဇ်က "အရှုံးနဲ့ ပတ်သက်ပြီး ကျွန်တော်ဘာမှ ပြန်တွေးမနေပါဘူး။ ပိုကောင်းတဲ့ သူနိုင်သွားတာပါ။ ချန်ပီယံအတွက် ပစ်မှတ်ထားခဲ့တယ် ဆိုပေမဲ့လဲ ပစ်မှတ်တိုင်းကို အောင်မြင်အောင် လုပ်နိုင်ဖို့ဆိုတာက ခက်ခဲပါ တယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Sky Sports

Trs : AZL

# ပရီးမီးယားလိဂ်သမိုင်းတွင် အသက်အငယ်ဆုံးဂိုးသွင်းယူနိုင်သည့် ကစားသမားအဖြစ် အာဆင်နယ်အသင်းမှ ဒိုမန်း မှတ်တမ်းဝင်

လန်ဒန် မတ် ၁၅

ပရီးမီးယားလိဂ်ပွဲစဉ် (၃၀) အဖြစ်ကစားခဲ့သည့် အာဆင်နယ် အသင်းက အဲဗာတန်အသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သည့် ပွဲစဉ်တွင် အာဆင်နယ်အသင်းမှ လူငယ်ကစားသမား ဒိုမန်းက သွင်းဂိုး တစ်ဂိုးသွင်းယူပြီးနောက် ပရီးမီးယားလိဂ် သမိုင်းတွင် အသက်အငယ်ဆုံး ဂိုးသွင်းယူနိုင် သည့်ကစားသမားအဖြစ် မှတ်တမ်း ဝင်ခဲ့ကြောင်း Goal.com သတင်း ဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြ ခဲ့သည်။

ပရီးမီးယားလိဂ် သမိုင်းတွင် ၂၀၀၅ ခုနှစ်က အဲဗာတန်အသင်း နှင့် ပလေ့စ်အသင်းတို့ ကစားခဲ့ သည့်ပွဲစဉ်တွင် အဲဗာတန်အသင်းမှ ဂျိမ်းဗော့ဟန်းက အသက် ၁၆ နှစ် ၂၇၀ ရက်ဖြင့် ဂိုးသွင်းယူခဲ့ရာ အသက်အငယ်ဆုံး ဂိုးသွင်းယူနိုင် သည့် ကစားသမားအဖြစ် စံချိန် တင်ထားပြီးနောက် ယခုအခါ ဒိုမန်းက အဲဗာတန်အသင်းဘက် သို့ ဂိုးသွင်းယူခဲ့သည့်အချိန်တွင် အသက် ၁၆ နှစ် ၇၃ ရက်သာ ရှိသေးသဖြင့် ဂျိမ်းဗော့ဟန်း၏ စံချိန်ကိုကျော်ဖြတ်ကာ မှတ်တမ်း ကောင်းတစ်ရပ် ပိုင်ဆိုင်ခဲ့ခြင်း ဖြစ်သည်။

အဆိုပါပွဲစဉ်တွင် ဒိုမန်းသည် ပွဲချိန် ၇၄ မိနစ်တွင် အသင်းဖော် ဇူဘီမန်ဒီ၏နေရာတွင် လူစားဝင် ကာ ပွဲချိန် မိနစ် ၉၀ ပြည့်ပြီး အချိန်ပို နှစ်မိနစ်တွင် သွင်းဂိုး တစ်ဂိုးသွင်းယူပြီးနောက် ဒိုမန်းက ပရီးမီးယားလိဂ်၏ အသက်အငယ် ဆုံး ဂိုးသွင်းယူနိုင်သည့် ကစား သမားဖြစ်လာခဲ့သည်။



အာဆင်နယ် အသင်းသည် အဲဗာတန်အသင်းကို အနိုင်ရခဲ့ သည့်အတွက် ရမှတ် ၇၀ နှင့် အမှတ်ပေးဇယား ထိပ်ဆုံးတွင် ဆက်လက် ဦးဆောင်ထားကာ အဆင့်(၂)နေရာမှ မန်စီးတီး အသင်းကို ရမှတ်ကိုးမှတ်ထိ ဖြတ်တောက် ထားနိုင်ကြောင်း သိရသည်။

Ref : Goal.com

Trs : ML

# ဖိလစ်ပိုင်နိုင်ငံ မေယွန်မီးတောင်တွင် မြေလျှောင် ၁၇၉ ကြိမ်ထိ လျှပ်ခတ်ခဲ့သဖြင့် မီးတောင်အန္တရာယ် သတိပေးချက် ထုတ်ပြန်



မနီလာ မတ် ၁၅

ဖိလစ်ပိုင်နိုင်ငံ အယ်လ်ဘေဒေသတွင် တည်ရှိသည့် မေယွန်မီးတောင်တွင် ယနေ့နံနက် အစောပိုင်းက မြေလျှောင် ၁၇၉ ကြိမ်ထိ လျှပ်ခတ်ခဲ့သဖြင့် Philippine Institute of Volcanology and Seismology က မီးတောင်အန္တရာယ် သတိပေးချက် ထုတ်ပြန်ခဲ့သည်။

မြေလျှောင်မှာ အသေးစား မြေလျှောင်လျှပ်ခတ်မှုသာဖြစ်သော်လည်း အကြိမ်ရေပေါင်းများစွာ လျှပ်ခတ်ခဲ့သည့်အတွက်ကြောင့် မီးတောင်အတွင်းပိုင်း သက်ဝင်လှုပ်ရှားမှုများ ဖြစ်ပေါ်လာနိုင်ပြီး မီးတောင်အခြေအနေကို စောင့်ကြည့်နေကြောင်း၊ မီးတောင် ပေါက်ကွဲမှုဖြစ်စဉ် ဖြစ်ပေါ်လာနိုင်သည့် အခြေအနေဖြစ်ပြီး သုတေသီများကို အလှည့်ကျစနစ်ဖြင့် စောင့်ကြည့်တိုင်းတာမှုများ ပြုလုပ်နေကြောင်း၊ မေယွန်မီးတောင်သည် ဘာဆက်ဒေသနှင့် ၃ ဒသမ ၈ ကီလိုမီတာဝေးကွာပြီး ဘွန်ဂါဒေသနှင့် ၃ ဒသမ ၂ ကီလိုမီတာ၊ မီအိုင်စီဒေသနှင့် ၁ ဒသမ ၃ ကီလိုမီတာ ဝေးကွာကြောင်း Philippine Institute of Volcanology and Seismology က ထုတ်ပြန်ခဲ့သည်။

"မေယွန်မီးတောင်ဟာ ဖိလစ်ပိုင်နိုင်ငံမှာရှိတဲ့ မီးတောင်တွေထဲမှာ သက်ဝင်လှုပ်ရှားမှုနှုန်းမြင့်မားတဲ့ မီးတောင်ဖြစ်ပါတယ်။ ဒီနေ့မနက်အစောပိုင်းမှာ မြေလျှောင် ၁၇၉ ကြိမ်ထိ လျှပ်ခတ်ခဲ့ပါတယ်။ မြေလျှောင်လျှပ်ခတ်မှုဖြစ်ပွားခဲ့ပြီး နောက်ပိုင်း သုတေသီတွေအနေနဲ့ အလှည့်ကျစနစ်နဲ့ မီးတောင်အခြေအနေကို စောင့်ကြည့်တိုင်းတာမှုတွေပြုလုပ်နေပါတယ်။ ထူးခြားမှုတွေရှိတာနဲ့ ချက်ချင်းသတင်း ထုတ်ပြန်နိုင်အောင် ဆောင်ရွက်နေပါတယ်"ဟု Philippine Institute of Volcanology and Seismology မှ သုတေသီတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Russia Today
Trs : Sai Sat

# အမေရိကန်နိုင်ငံ ဖာနမ်ဒေသတွင် လောင်ကျွမ်းနေသောတောမီး ထိန်းချုပ်ရခက်နေသဖြင့် အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်

ဝါရှင်တန် မတ် ၁၅

အမေရိကန်နိုင်ငံ နီဘရက်စ်ကာပြည်နယ် ဖာနမ်ဒေသတွင် လောင်ကျွမ်းနေသောတောမီးမှာ ထိန်းချုပ်ရခက်သည့် အဆင့်သို့ ရောက်ရှိနေသဖြင့်အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်လိုက်ကြောင်း နီဘရက်စ်ကာပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု မတ် ၁၄ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

တောမီးသည် လူနေအိမ်များဆီသို့ ကူးစက်လာနိုင်သည့်အခြေအနေကြောင့် တောမီးကိုအရေးပေါ်အခြေအနေအဖြစ် သတ်မှတ်ကြောင်း၊ ဒေသခံများကိုလည်း ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရကြောင်း၊ ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရသော ဒေသခံများကိုလည်း ယာယီ ကယ်ဆယ်ရေးစခန်းများတွင် ရွက်ဖျင်တဲများဖြင့် နေရာချပေးကာ အစားအသောက်နှင့် အသုံးအဆောင် ပစ္စည်းများကိုလည်း ကူညီပံ့ပိုးပေးလျက်ရှိကြောင်း၊ ယာယီကယ်ဆယ်ရေးစခန်းမှ ဒေသခံများကိုနေရာချထားပေးရေးနှင့် အစားအသောက်များ ပံ့ပိုးပေးခြင်းကိုAmerican Red Cross အဖွဲ့အစည်းနှင့် North Platte Rec Center တို့က ပူးပေါင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

"ဖာနမ်ဒေသမှာ တောမီးကူးစက် လောင်ကျွမ်းမှုတွေဖြစ်ပေါ်နေပါတယ်။ မတ် ၁၄ ရက်ကနေစတင်ပြီး တောမီးအန္တရာယ်ကို အရေးပေါ် အခြေအနေအဖြစ် သတ်မှတ်လိုက်ပါတယ်။ လူနေအိမ်တွေဆီကို ကူးစက်လောင်ကျွမ်းနိုင်တဲ့အတွက် ဒေသခံတွေ ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရပါတယ်။ ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရတဲ့ ဒေသခံတွေကို ယာယီကယ်ဆယ်ရေးစခန်းတွေမှာ နေရာချပေးထားပါတယ်"ဟု နီဘရက်စ်ကာပြည်နယ် အာဏာပိုင်အဖွဲ့အစည်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

# အမေရိကန်နိုင်ငံ အနောက်အလယ်ပိုင်းနှင့် အလယ်ပိုင်းအတ္တလန္တိတ်တို့ရှိ ဒေသခံတစ်သန်းကျော် မုန်တိုင်းဒဏ်ကြောင့် လျှပ်စစ်ဓာတ်အားပြတ်တောက်မှုနှင့်ရင်ဆိုင်နေရ

ဝါရှင်တန် မတ် ၁၅

အမေရိကန်နိုင်ငံ အနောက်အလယ်ပိုင်းနှင့် အလယ်ပိုင်း အတ္တလန္တိတ်တို့ရှိဒေသခံတစ်သန်းကျော် မုန်တိုင်းဒဏ်ကြောင့် လျှပ်စစ်ဓာတ်အားပြတ်တောက်မှုနှင့်ရင်ဆိုင်နေရကြောင်း ယနေ့သတင်းများအရ သိရသည်။

မတ်လ ဒုတိယပတ်အတွင်း တိုက်ခတ်ခဲ့သည့် ပြင်းထန်သော မုန်တိုင်းများနှင့် လေပြင်းများကြောင့်အမေရိကန်နိုင်ငံအနောက် အလယ်ပိုင်းနှင့် အလယ်ပိုင်း အတ္တလန္တိတ်ဒေသများတွင် လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုများ ဖြစ်ပေါ်ခဲ့သောကြောင့် ဒေသခံပြည်သူ တစ်သန်းကျော် အဆိုပါအခက်အခဲများ ရင်ဆိုင်ခဲ့ရသည်။

Power Outage.us မှ ရရှိသော အချက်အလက်များအရ အဆိုပါဒေသများတွင် ပြင်းထန်သော မိုးသက်မုန်တိုင်းများ၊ လေပြင်းများနှင့် အချို့နေရာများတွင် လေဆင်နှာမောင်းများ ဖြစ်ပေါ်ခဲ့သောကြောင့် လျှပ်စစ်ဓာတ်တိုင်များနှင့် သစ်ပင်များ ပြိုလဲပျက်စီးခဲ့ပြီး လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ အဆိုပါ အချက်အလက်များအရ အိုဟိုင်းယိုး၊ ပင်ဆယ်လ်ဗေးနီးယား၊ မီချီဂန်၊ အင်ဒီယာနာနှင့် ဝက်စ်ဗာဂျီးနီးယား ပြည်နယ်တို့တွင် ဆက်တိုက် လျှပ်စစ်ဓာတ်အားပြတ်တောက်မှုများဖြစ်ပေါ်ခဲ့ပြီး မုန်



တိုင်းဒဏ် အဆိုးရွားဆုံးထိခိုက်ခံရသော ပြည်နယ်မှာ အိုဟိုင်းယိုးပြည်နယ်ဖြစ်ပြီး ပြည်နယ်၏ လျှပ်စစ်သုံးစွဲသူစုစုပေါင်း ၅ ဒသမ ၄ သန်းခန့်အနက် ၁၁ ရာခိုင်နှုန်းခန့် ထိခိုက်ခဲ့ကြောင်း သိရသည်။

Ref : Sputnik News
Trs : KZ

# အီသီယိုးပီးယားနိုင်ငံတွင် မြေပြိုမှုကြောင့် သေဆုံးသူ ၁၀၂ ဦးထိ ရှိလာ

အဒစ်အဘာဘာ မတ် ၁၅

အီသီယိုးပီးယားနိုင်ငံတွင် မြေပြိုမှုကြောင့် သေဆုံးသူ ၁၀၂ ဦးထိရှိလာကြောင်း ယနေ့သတင်းများအရ သိရသည်။

မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် အီသီယိုးပီးယားနိုင်ငံ တောင်ပိုင်းဒေသတွင် မတ်လ ဒုတိယပတ်က မြေပြိုမှုကြီးတစ်ခု ဖြစ်ပွားခဲ့ကြောင်း၊ အဆိုပါ မြေပြိုမှုကြောင့် အနီးအနားရှိ နေအိမ်များနှင့် လယ်ယာမြေများ ပျက်စီးခဲ့ပြီး ဒေသခံအများအပြား မြေကြီးအောက်တွင် ပိတ်မိခဲ့ကြောင်း ဒေသဆိုင်ရာအာဏာပိုင်များက ပြောကြားခဲ့သည်။

မြေပြိုမှု ဖြစ်ပွားပြီးနောက် ဒေသန္တရအာဏာပိုင်များ၊ လုံခြုံရေးတပ်ဖွဲ့များနှင့် ဒေသခံများ ပူးပေါင်း၍ကယ်ဆယ်ရေးလုပ်ငန်းများကို ချက်ချင်းစတင်ဆောင်ရွက်ခဲ့ကြောင်း၊ ပျက်စီးသွားသော မြေထုများနှင့် အဆောက်အအုံ အပျက်အစီးများကြားမှ ပိတ်မိနေသူများကို ရှာဖွေကယ်ဆယ်ရန် ကြိုးပမ်းခဲ့ကြကြောင်း၊ သို့သော် သေဆုံးသူ အရေအတွက်သာ တဖြည်းဖြည်း မြင့်တက်လာခဲ့ကြောင်း၊ သေဆုံးသူများမှာ ဒေသခံလယ်သမားများ၏ မိသားစုဝင်များဖြစ်ကြောင်း သိရသည်။

မြေပြိုမှုကြောင့် ထိခိုက်ခဲ့သည့် ဒေသများမှ ဒေသခံ ဦးရေ ၃၄၀၀ ကျော်ကို ယာယီခိုလှုံရာစခန်းများနှင့် ဘေးကင်းသော နေရာများသို့ ရွှေ့ပြောင်းပေးထားပြီး အစားအစာ၊ သန့်ရှင်းသော သောက်သုံးရေ၊ ဆေးဝါးများနှင့် အခြားလိုအပ်သော အရေးပေါ်ပံ့ပိုးရေးပစ္စည်းများ ပို့ဆောင်ပေးထားကြောင်း သိရသည်။

အဆိုပါ မြေပြိုမှုအတွင်း လူပေါင်း ၁၀၂ဦး အသက်ဆုံးရှုံးခဲ့မှုအပေါ် အီသီယိုးပီးယားအစိုးရက ဝမ်းနည်းကြောင်းကာလ ကြေညာခဲ့ပြီး အဆိုပါဝမ်းနည်းကြောင်းကာလသည် မတ် ၁၄ ရက်မှ စတင်၍ သုံးရက်ကြာဖြစ်ကာ ထိုကာလအတွင်း နိုင်ငံတစ်ဝန်းရှိ အစိုးရအဆောက်အအုံများတွင် အလံများကို တစ်ဝက်လွှင့်ထူထားမည်ဖြစ်ကြောင်း သိရသည်။

Ref : Russia Today
Trs : KZ

# ဩစတြေးလျနိုင်ငံမြောက်ပိုင်းနယ်မြေတွင် ရေဘေးသင့်ပြည်သူများကို ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ရန် တပ်မတော်သားများကို စေလွှတ်ထား

ကင်ဘာရာ မတ် ၁၅

ဩစတြေးလျနိုင်ငံမြောက်ပိုင်းနယ်မြေတွင် မတ်လ ပထမပတ်မှစ၍ ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်နေရပြီး ရေကြီးရေလျှံမှုမှာ အန္တရာယ်ရှိသည့် အဆင့်သို့ရောက်ရှိနေသဖြင့် ရေဘေးသင့်ပြည်သူများကို ဘေးလွတ်ရာ ရွှေ့ပြောင်းပေးနိုင်ရေးအတွက် ယနေ့မှစတင်၍ တပ်မတော်သားများကို ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် စေလွှတ်ထားကြောင်း ဩစတြေးလျဝန်ကြီးချုပ် အန်တိုနီက ထုတ်ပြန်ခဲ့သည်။

ရေဘေးအန္တရာယ်ဖြင့် အဆိုးရွားဆုံး ရင်ဆိုင်နေရသည့်မြို့မှာ ကက်သရင်းမြို့ဖြစ်ပြီး တပ်မတော်သားများက ကက်သရင်းမြို့တွင် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ကက်သရင်းမြို့ ရေဘေးအန္တရာယ်ကို နိုင်ငံတော်အဆင့် အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်ထားပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ပါက နိုင်ငံတော်ဘတ်ဂျက်ဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"မြောက်ပိုင်းနယ်မြေတွေမှာ ရေကြီးရေလျှံမှုတွေဖြစ်ပေါ်နေပါတယ်။ ကက်သရင်းမြို့မှာတော့ ရေကြီးရေလျှံမှု အရေးပေါ်အဆင့်ကို ရောက်ရှိနေပါတယ်။ ကယ်ဆယ်ရေးဝန်ထမ်းတွေ ကယ်ဆယ်ရေး လုပ်ငန်းတွေဆောင်ရွက်ပေးနေပါတယ်။ ပြည်သူတွေကို ဘေးလွတ်ရာ ရွှေ့ပြောင်းပေးနေပါတယ်။ ထိရောက်တဲ့ကယ်ဆယ်ရေး လုပ်ငန်းတွေဆောင်ရွက်ပေးနိုင်ဖို့အတွက် တပ်မတော်သားတွေစေလွှတ်ပေးထားပါတယ်။ ၁၄ ရက်တိုင်တိုင် ကယ်ဆယ်ရေးလုပ်ငန်းတွေ ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်" ဟု ဩစတြေးလျဝန်ကြီးချုပ် အန်တိုနီက ပြောကြားခဲ့သည်။

Ref : Sputnik News
Trs : Sai Sat

**သစ်ပင်စိုက်ပါ တို့ကမ္ဘာ**
**သာယာလှပ စိမ်းမြဲမြဲ**

# စကားပြောဆိုရာ အမှားနည်းနိုင်ကြပါစေ

**ကိုယဉ်ချစ်(မန္တလေး)**

လူတိုင်း နေ့စဉ်မဖြစ်မနေပြုနေကြတဲ့ အလုပ်တစ်ခုကတော့ စကားပြောဆိုတာ ဖြစ်ပါတယ်။ မနက်အိပ်ရာထတဲ့အချိန်ကနေ ညအိပ်ချိန်ထိ ကိုယ့်မိသားစု၊ ကိုယ့်ပတ်ဝန်းကျင်နဲ့ စကားပြောတဲ့အလုပ်ကို မဖြစ်မနေ ပြောဆိုဆက်ဆံကြပါတယ်။

စကားပြောတာ ဘာထူးဆန်းလို့လဲလို့မေးရင် မထူးဆန်းပေမဲ့ စကားတစ်ခွန်းရဲ့ အကျိုးသက်ရောက်မှုဟာ အင်မတန် ကျယ်ဝန်းနက်ရှိုင်းပါတယ်။ စကားဆိုတာ အနက်အဓိပ္ပာယ်ရှိသော နှုတ်မြွက်သံ။ ပြောဆိုချက်လို့ မြန်မာအဘိဓာန်မှာ အဓိပ္ပာယ်ဖွင့်ဆိုထားပါတယ်။ နှုတ်ကပြောလိုက်တဲ့ စကားတစ်ခွန်းဟာ မှန်တာတွေရှိသလို အမှားတွေလဲ ပါတတ်ပါတယ်။ ဒါကြောင့် မိမိပြောလိုက်တဲ့ စကားတစ်ခွန်းဟာ လေးနက်ဖို့လိုပါတယ်။ အထူးသဖြင့် စကားတစ်ခွန်းကို အလေးအနက်မထားဘဲ ခပ်ပေါ့ပေါ့ ပြောဆိုလိုက်တာကြောင့် အမှားတွေကို ဖြစ်စေတတ်ပါတယ်။

သီလစောင့်ထိန်းကြတဲ့အခါ မုသာဝါဒဆိုတဲ့ သီလကို ပိုင်းခြားကြည့်ရင် ဝစီဒုစရိုက်ဆိုတဲ့ ဝစီကံလေးပါးကို တွေ့ရပါတယ်။

**(၁) မုသာဝါဒ = မဟုတ်မမှန်သောစကားကိုပြောဆိုခြင်း၊**
**(၂) ပိသုဏဝါစာ = သူနှစ်ယောက်အချစ်ပျက်အောင် ကုန်းချောစကားကို ဆိုခြင်း။**
**(၃) ဖရုသဝါစာ = နားမခံသာအောင် ကြမ်းတမ်းယုတ်မာစွာသော စကားကို ဆိုခြင်း။**
**(၄) သမ္ဖပ္ပလာပဝါစာ = နိဗ္ဗာန်မှ ဗီလာဖြစ်သော ပြိန်ဖျင်းသော စကားပြောဆိုခြင်းတို့ဖြစ်ပါတယ်။**

မုသာဝါဒဆိုတဲ့ မဟုတ်မမှန်တာကို ဟုတ်မှန်တဲ့အနေနဲ့ပြောဆိုတာဟာ မိမိရဲ့အတ္တအကျိုးကို အခြေခံပြီးပြောဆိုတာဖြစ်ပါတယ်။ မိမိအတွက် အကျိုးရှိချင်ရှိပေမဲ့ တချို့စကားဟာ သူတစ်ပါးရဲ့အကျိုးကို ထိခိုက်စေသလို မိမိရော သူတစ်ပါးကိုပါ အကျိုးယုတ်စေပါတယ်။

မုသာဝါဒကံကို ကျူးလွန်သူတွေဟာ မဟုတ်မမှန်တဲ့စကားတွေပြောကြ၊ ဟုတ်မှန်တာနဲ့ မဟုတ်မှန်တဲ့စကားတွေ ရောနှောပြောကြ၊ ကောလာဟလဆိုတဲ့ အခြေအမြစ်မရှိတဲ့စကားတွေပြောကြနဲ့ အတ္တအကျိုးနဲ့ယှဉ်ပြီး ပြောဆိုကြတာကြောင့် မလုပ်သင့်တာတွေလုပ်ကြပြီး မဖြစ်သင့်တာတွေဖြစ်နေကြတာ လက်တွေ့ပါပဲ။ အချို့စကားက တစ်စုံတစ်ဦးကိုသာ ထိခိုက်စေပေမဲ့ အချို့စကားက လူအများအပေါ်ကိုပါ ဆိုးကျိုးတွေ သက်ရောက်စေပါတယ်။

ပိသုဏဝါစာကံကို ကျူးလွန်သူတွေကတော့ ကိုယ်လဲ အကျိုးမရှိ၊ သူတစ်ပါးလဲ ထိခိုက်နစ်နာအောင် ကုန်းတိုက်ပြောဆိုတာ၊ သင့်မြတ်နေသူတွေကို စိတ်ဝမ်းကွဲအောင် ရန်တိုက်ပေးတာကို ပြုတတ်ကြပါတယ်။ ကိုယ်ပြောလိုက်တဲ့ ကုန်းတိုက်စကားကြောင့် သူတစ်ပါးတွေ အချင်းချင်းစိတ်ဝမ်းကွဲကြ၊ ရန်ဖြစ်ကြ၊ အငြိုးအတေးတွေထားကြ၊ လက်စားချေလိုကြတာတွေထိ ဖြစ်တတ်ကြပါတယ်။

တချို့က စကားပြောတဲ့အခါ ဖရုသဝါစာဆိုတဲ့ ကြမ်းကြမ်းတမ်းတမ်း ဆဲရေးတိုင်းထွာ ပြောဆိုတတ်ပါတယ်။ မိမိက အသာစီးရပြီအထင်နဲ့သူတစ်ပါးကို ပြောလိုက်တဲ့ ကြမ်းတမ်းတဲ့စကား၊ ဆဲရေးတိုင်းထွာလိုက်တဲ့စကားတွေဟာ ပြောဆိုလိုက်သူရဲ့ အတွင်းစိတ်ဓာတ်နဲ့ ထိုသူရဲ့အဆင့်အတန်းကို ဖော်ပြနေပါတယ်။ လူတစ်ယောက်က အခြားတစ်ယောက်ကို ပစ္စည်းတစ်ခုပေးလိုက်တယ်ဆိုပါစို့။ ပေးလိုက်တဲ့ ပစ္စည်းကို ယူတဲ့သူကလက်ခံရင် အဲဒီပစ္စည်းက ယူတဲ့သူက ပိုင်ဆိုင်သွားပါတယ်။ မယူရင်တော့ အဲဒီပစ္စည်းဟာ ပေးတဲ့သူရဲ့ပစ္စည်းသာဖြစ်နေပါမယ်။ ဒီဥပမာအတိုင်းပါပဲ။ တစ်ဖက်သားကို နစ်နာစေလိုတဲ့ စေတနာနဲ့ ကြမ်းတမ်းစွာ ဆဲရေးတိုင်းထွာလိုက်လို့ အဆဲခံရသူကမယူရင် အဲဒီအကုသိုလ်အကျိုးက ဆဲရေးတိုင်းထွာသူရဲ့ပစ္စည်းအဖြစ်နဲ့ ရှိနေတတ်တာကို သတိထားရန်လိုပါတယ်။

**❖ စကားဆိုတာ ပြောရင်းပြောရင်းနဲ့ ပြောတဲ့စကားတွေထဲမှာ အမှားတွေပါလာတတ်ပါတယ်။ ပြောသင့်တဲ့အချိန်မှာ ပြောသင့်တဲ့ စကားကို ပြောဆိုခြင်းက အကောင်းဆုံးဖြစ်ပါတယ်။ ပြောလိုက်တဲ့ စကားတစ်ခွန်းဟာ မိမိရဲ့အတွင်းစိတ်၊ အရည်အချင်းနဲ့ အဆင့် အတန်းကို ဖော်ပြနေတယ်ဆိုတာ သတိပြုသင့်ပါတယ်။ သာမန် လူတစ်ယောက်ပြောတဲ့ စကားတစ်ခွန်းက မှားသွားရင် သာမန် သဘောမျိုးနဲ့ပြီးသွားနိုင်ပေမဲ့ အရေးပါတဲ့သူ၊ ခေါင်းဆောင်အကြီး အကဲ၊ တာဝန်ခံတစ်ယောက်ရဲ့ စကားတစ်ခွန်းက ထိလွယ်၊ ရှလွယ် ဖြစ်တတ်ပါတယ်။ ❖**

သမ္ဖပ္ပလာပဝါစာဆိုတဲ့ မိမိရော သူတစ်ပါးပါ နှစ်ယောက်စလုံး လုံးဝအကျိုးမရှိတဲ့စကားပြောဆိုတာကလဲ တန်ဖိုးရှိတဲ့အချိန်တွေကို ဖြုန်းတီးပစ်ရာရောက်ပါတယ်။ အခန့်မသင့်ရင် အဲဒီအကျိုးမရှိတဲ့စကားရဲ့ နောက်ဆက်တွဲအနေနဲ့ မလိုလားအပ်တဲ့ ပြဿနာတွေကို ရင်ဆိုင်ဖြေရှင်းရတတ်ပါတယ်။

စကားတစ်ခွန်းကြောင့် အမှန်က အမှား ၊ အမှားက အမှန်၊ အကောင်းက အဆိုး၊ အဆိုးက အကောင်း ဖြစ်သွားတတ်ပါတယ်။ သာမန်အနေနဲ့ စကားတွေ ပြောနေကြပေမဲ့ စကားတစ်ခွန်းပြောတော့မယ်ဆိုရင် ဟိတ် = အကြောင်းရင်း၊ ဥပမာ = ပုံပမာ နှိုင်းယှဉ်ချက်၊ နိဂုံး = စကားအချုပ်၊ နိဒါန်း= စကားအချီးအကျူး၊ သက်သေ = ဝတ္ထုသာဓက တင်ပြခြင်း၊ ပြယုဂ် = မျက်မြင်ဒိဋ္ဌ ကိုယ်တိုင်လုပ်ပြခြင်းဆိုတဲ့ စကားတစ်ခွန်းရဲ့အင်္ဂါခြောက်ပါးနဲ့ ပြောဆိုရမယ်ဆိုတာ သိသူနည်းပါတယ်။

သုတ္တနိပါတ်မှာလဲ (၁) သုဘာသိတ = အကျိုးစီးပွားနှင့်ယှဉ်သည့် ကောင်းမြတ်သောစကား။ (၂) ပီယဝါစာ =ချစ်ခင်နှစ်လိုဖွယ် ဆိုသောစကား။ (၃) ဓမ္မဝါစာ = တရားတော်နှင့် ညီညွတ်သောစကား။ (၄) သစ္စဝါစာ =ဖြောင့်မှန်သောစကားလို့ စကားအရာ အင်္ဂါလေးတန်ကို မှတ်သားရပါတယ်။

မယုံအပ်သောစကား လေးပါးဖြစ်တဲ့ အဓိပ္ပာယ်နှစ်ခွထွက်တဲ့စကား၊ မျက်ကွယ်မှာဆိုတဲ့စကား၊ သတင်းမှာထား၍ဆိုသောစကားနဲ့ အမျက်ထွက်သောစကားတွေကိုလဲ ရှောင်ကြဉ်ပြောဆိုတတ်ဖို့လိုပါတယ်။

နှုတ်ကထွက်လာတဲ့စကားတွေဟာ ကောင်းကျိုး၊ ဆိုးကျိုးတွေ ဖြစ်နိုင်တာမို့စကားပြောဆိုရာမှာ သိမှတ်လိုက်နာကြဖို့ ရှေးပညာရှိကြီးတွေက စကားပြောဖန်များ၊ စကားထဲက ဇာတိပြ။ ကြိမ်းကျွံလျှင်နှုတ်၍ရသည်၊ စကားကျွံလျှင် နှုတ်မရ။ တံတားအို မှောင်ခိုမလျှောက်နဲ့၊ စကားဆို တောင်လိုမမောက်နဲ့။ စကားနောက် တရားပါ။ စကားများ အမှားပါ။ နှုတ်ကြောင့်သေ လက်ကြောင့်ကြေ။ ဝစီဗေဒ ထိတိုင်းရှ။ စကားလွန် ကျွန်ဖြစ်။ ဆိုခဲစေ မြဲစေ။ နှုတ်ချို သျှိုတစ်ပါး။ နှုတ်ကောင်းလျှင် ပြည်စိုးဆိုတဲ့ စကားပုံတွေနဲ့ ဆုံးမခဲ့ကြတာကိုလဲ မှတ်သားရပါတယ်။ စကားခြောက်ခွန်း၊ လူ၌ထွန်း၊ လေးခွန်းကိုပယ်၊ နှစ်ခွန်းတည် ဆိုစကားအရ စကားကြီးခြောက်ခွန်းမှာ ဟုတ်လည်းမဟုတ်၊ သူလည်းမနာလို၊ အကျိုးလည်းမရှိ။ ဟုတ်ကား ဟုတ်၏၊ သူကားမနာလို၊ အကျိုးလည်းမရှိ။ ဟုတ်လည်း မဟုတ်၊ အကျိုးလည်းမရှိ၊ သူကားနာလို၏။ ဟုတ်လည်းဟုတ်၏၊ သူလည်းနာလို၏၊ အကျိုးကားမရှိ။ ဟုတ်လည်းဟုတ်၏၊ အကျိုးလည်းရှိ၏၊ သူကားမနာလို။ ဟုတ်လည်းဟုတ်၏၊ အကျိုးလည်းရှိ၏၊ သူလည်းနာလို၏လို့ဆိုထားပါတယ်။ စကားခြောက်ခွန်းထဲက ကျန်လေးခွန်းကို ပယ်ပြီးဟုတ်လည်းဟုတ်၏။ အကျိုးလည်းရှိ၏။ သူကားမနာလို။ ဟုတ်လည်းဟုတ်၏။ အကျိုးလည်းရှိ၏။ သူလည်းနာလို၏ ဆိုတဲ့စကားနှစ်ခွန်းကိုပဲ ပြောဆိုသင့်တယ်လို့မှတ်သားရပါတယ်။

စကားပြောဆိုတာကို အလေးထားပြောဆိုကြဖို့ မြန်မာမှုနယ်ပယ်မှာ ဆိုစကားတွေရှိသလို စကားပြောဆိုတာနဲ့ပတ်သက်လို့ မှတ်သားထားတဲ့ နိုင်ငံတကာစကားပုံတွေကိုလဲ မျှဝေလိုပါတယ်။

လျှာသည် သုံးလက်မသာရှိသော်လည်း အရပ်ခြောက်ပေမြင့်သော သူတစ်ယောက်ကို သတ်နိုင်သည် ။ (ဂျပန်စကားပုံ) လူယုတ်မာနှင့် တွေ့ဆုံပြီး သူပြောတာကို နားထောင်ခြင်းသည် ယုတ်မာခြင်း၏ အစပျိုးမှုဖြစ်သည်။ (တရုတ်စကားပုံ) ဘာပြောသည်ကို ဆန်းစစ်ပါ၊ ပြောသူကို ဆန်းစစ်စရာမလိုပါ။ (အာရေဗျစကားပုံ) ခြိမ်းခြောက်မှုများကြောင့် လူတစ်ယောက်မသေ။ (ဒတ်ချ်စကားပုံ) သက်ကြီးရွယ်အို၏စကားသည်မှားခဲသည်။ (ဒိန်းမတ်စကားပုံ) ပညာရှိသည် စကားတစ်ဝက်ဖြင့်ပင် သဘောပေါက်သည် ။ (ပြင်သစ်စကားပုံ) စကားကြီး၊ စကားကျယ် ပြောသူများသည် အလုပ်နည်းနည်း လုပ်သူများသာ ဖြစ်သည်။ (အင်္ဂလိပ်စကားပုံ) လိမ်ညာပြောဆိုသူ တစ်ဦးသည် အမှန်ကိုပြောသည့်တိုင် ယုံကြည်ခြင်း မခံရပေ။ (အီတလီစကားပုံ) ဆိုးဝါးသည့်အကြောင်းအရာများကို ချိုသာပျော့ပျောင်းစွာ ပြောပြပါ။ (ဂရိစကားပုံ) စကားပြောဆိုကြရာမှာ တစ်ဦးချင်းပြောဆိုကြသလို အများနဲ့ပြောဆိုကြရတာတွေလဲ ရှိပါတယ်။ ဘယ်လိုပဲပြောကြပြောကြ စကားတစ်ခွန်းရဲ့ သက်ရောက်မှုဟာ ကောင်းကျိုး၊ ဆိုးကျိုးတွေ ဖြစ်တတ်တာမို့ စကားပြောဆင်ခြင်ကြဖို့လိုပါတယ်။ ပြောဆိုတဲ့အခါ မပြောခင်ကစဉ်းစား၊ ပြောနေတုန်းမှာလဲ စဉ်းစားပြော၊ ပြောပြီးရင်လဲ ပြန်စဉ်းစားကြရပါမယ်။

စကားပြောဆိုခြင်းနဲ့ပတ်သက်ပြီး ချမ်းမြေ့ဆရာတော်ဘုရားကြီးက ပြောမည်ကြံလည်း သင့်စိတ်ထဲ၊ အမြဲဆင်ခြင်ပါ။ မိမိ၊ သူတစ်ပါးနှစ်ဦးသား၊ ဘယ်သူများထိမည်လဲ။ ထိခိုက်နိုင်ငြား အပြောများ၊ မမှားရှောင်ကြဉ်ပါ။ ပြောဆဲမှလည်း သင့်စိတ်ထဲ၊ အမြဲဆင်ခြင်ပါ။ မကောင်းမှုရှောင် ကောင်းမှုဆောင်၊ ဖြူအောင်စိတ်ကိုထား။ ခုလည်းချမ်းသာ နောင်ချမ်းသာ၊ မြတ်စွာမိန့်ဟောကြားလို့ ဩဝါဒမိန့်ကြားခဲ့ဖူးပါတယ်။

စကားဆိုတာ ပြောရင်းပြောရင်းနဲ့ ပြောတဲ့စကားတွေထဲမှာ အမှားတွေ ပါလာတတ်ပါတယ်။ ပြောသင့်တဲ့အချိန်မှာ ပြောသင့်တဲ့စကားကို ပြောဆိုခြင်းက အကောင်းဆုံးဖြစ်ပါတယ်။ ပြောလိုက်တဲ့ စကားတစ်ခွန်းဟာ မိမိရဲ့အတွင်းစိတ်၊ အရည်အချင်းနဲ့အဆင့်အတန်းကို ဖော်ပြနေတယ်ဆိုတာ သတိပြုသင့်ပါတယ်။

သာမန်လူတစ်ယောက်ပြောတဲ့ စကားတစ်ခွန်းက မှားသွားရင် သာမန်သဘောမျိုးနဲ့ ပြီးသွားနိုင်ပေမဲ့ အရေးပါတဲ့သူ၊ ခေါင်းဆောင်အကြီးအကဲ၊ တာဝန်ခံတစ်ယောက်ရဲ့ စကားတစ်ခွန်းက ထိလွယ်၊ ရှလွယ်ဖြစ်တတ်ပါတယ်။ မှန်ကန်တဲ့ စကားတစ်ခွန်းကိုတောင် အထအနကောက်ဝေဖန်တာမျိုး၊ လိုရာကို ဆွဲသုံးတာမျိုး၊ အများက အထင်အမြင်လွဲမှားစေတာမျိုးတွေ ဖြစ်တတ်တာကိုဆင်ခြင်ပြီး ဆိုခဲစေ၊ မြဲစေဆိုစကားလို အလေးထား ပြောဆိုရပါတယ်။ လုပ်နိုင်သလောက်သာ ပြောပြီး၊ ပြောတဲ့အတိုင်း လုပ်ကိုင်နိုင်တာဟာ ပြောသူရဲ့တန်ဖိုးကို မြင့်တက်စေပါတယ်။

လက်ရှိ ကမ္ဘာ့နိုင်ငံရေးဖြစ်စဉ်တွေကို လေ့လာကြည့်တဲ့အခါ သာမန်အားဖြင့် လက်နက်ကိုင်တိုက်ကြတာထက် နှုတ်ထွက်စကားတွေနဲ့ တိုက်ခိုက်နေကြပါတယ်။ ပြောကြတဲ့စကားတွေ မှားသွားတဲ့အခါ၊ ကျွံသွားတဲ့အခါမှာ တစ်ဦးနဲ့တစ်ဦး အလျှော့မပေးကြတော့ဘဲ လက်နက်ကိုင်စစ်ပွဲကြီးတွေထိ ဖြစ်ပွားကြတာ လက်တွေ့မြင်တွေ့နေရပါတယ်။

ဒါကြောင့် စကားပြောဆိုကြရာမှာ စိတ်ထားဖြူစင်မှု၊ မေတ္တာစိတ်ထားမှု၊ သည်းခံမှု၊ ကိုယ်ချင်းစာမှု၊ သဘာဝယုတ္တိရှိမှု၊ မိမိကိုယ်တိုင် ထိန်းချုပ်နိုင်မှု၊ လောကဝတ်နဲ့ ယဉ်ကျေးခြင်းရှိမှု၊ ဖြောင့်မတ်မှန်ကန်မှု၊ သတိနဲ့ဆင်ခြင်နိုင်မှုနဲ့ အကောင်းမြင်စိတ်မွေးမြူနိုင်မှုတွေနဲ့ ပြောဆိုခြင်းကအမှားနည်းပြီး ကောင်းကျိုးတွေကို ခံစားစေနိုင်ပါတယ်။

လူ့သဘာဝအရ လူတိုင်း အမှားနဲ့မကင်းနိုင်ကြပါ။ စကားပြောကြတဲ့အခါ အမှားမပါအောင်ပြောဆိုဖို့ထက် အမှားနည်းအောင်ပြောဆိုနိုင်ကြရင် လူမှုဆက်ဆံရေးနယ်ပယ်မှာ ကောင်းကျိုးတွေကို မလွဲမသွေခံစားရနိုင်တယ်ဆိုတာ ရေးသားတင်ပြလိုက်ရပါတယ်။

**ကိုးကား**

**- ဗုဒ္ဓဘာသာကောင်းတစ်ယောက်၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန။**
**- ဆရာကြီးဦးသုခ၏ မှတ်အပ်၊ မှတ်ရာ မှတ်စုပဒေသာ၊ သုခမှတ်စု။**

# ရှမ်းပြည်နယ်တောင်ပိုင်း ညောင်ရွှေမြို့နယ် အင်းလေးဒေသတွင် အင်းလေးရေပေါ်သင်္ကြန်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်


ယခင်ကကျင်းပခဲ့သည့် အင်းလေးရေပေါ်သင်္ကြန်ပွဲတော်ကို တွေ့ရစဉ်။

**ညောင်ရွှေ မတ် ၁၅**

ယခုနှစ် ရှမ်းပြည်နယ် မဟာသင်္ကြန်ပွဲတော်၌ ရှမ်းပြည်နယ် (တောင်ပိုင်း) ညောင်ရွှေမြို့နယ် အင်းလေးဒေသတွင် အင်းလေး ရေပေါ်သင်္ကြန်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည် ဖြစ်ကြောင်း ဟိုတယ်နှင့် ခရီးသွား ညွှန်ကြားမှုဦးစီးဌာန (ရှမ်းပြည်နယ်) ထံမှ သိရသည်။

ယခုနှစ် မဟာသင်္ကြန်ပွဲတော်ကာလတွင် ရှမ်းပြည်နယ်အတွင်း ခရီးသွားများ အဓိက ဝင်ရောက်လေ့ရှိသည့် ရှမ်းပြည်နယ် (တောင်ပိုင်း)နှင့် (အရှေ့ပိုင်း)ရှိ မြို့ကြီးများတွင် ဗဟိုမဏ္ဍပ်များ၊ ရေကစားမဏ္ဍပ်များနှင့် ဖျော်ဖြေရေးမဏ္ဍပ်များဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပြီး အင်းလေးဒေသ၏ ထင်ရှားသည့် ရေပေါ်သင်္ကြန်ပွဲတော်ကိုလည်း စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်ဟုလည်း သိရသည်။


"ရှမ်းပြည်နယ်ဟာ တစ်နှစ်ပတ်လုံး ခရီးသွားဧည့်သည် ဝင်ရောက်မှု မြင့်တက်နေတဲ့ ပြည်နယ်တစ်ခုဖြစ်ပါတယ်။ ဒီလို ဝင်ရောက်ထားတဲ့အတွက် ခရီးသွား ဝင်ရောက်မှုများမဲ့ ယခုနှစ် သင်္ကြန်မှာတော့ တောင်ကြီး၊ ကလော၊ အင်းလေး၊ အောင်ပန်း၊ ပင်းတယ၊ တာချီလိတ်၊ ကျိုင်းတုံတို့မှာ ရေကစားမဏ္ဍပ်တွေ၊ ဖျော်ဖြေရေးမဏ္ဍပ်တွေနဲ့ စည်စည်ကားကား ကျင်းပသွားဖို့ရှိပါတယ်။ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ညောင်ရွှေမြို့နယ်တွင်းရှိ အင်းလေးကန်မှာ အခုနှစ် မြန်မာ့ရိုးရာ အတာသင်္ကြန် ပွဲတော်ကာလအတွင်း အင်းလေးရေပေါ်သင်္ကြန် ကျင်းပသွားမှာ ဖြစ်ပါတယ်။ သင်္ကြန်မဏ္ဍပ်တွေကို တောင်ကြီးမြို့၊ ဗိုလ်ချုပ်လမ်းမပေါ်မှာ ထားရှိဆောင်ရွက်မှာဖြစ်ပြီး အင်းလေးရေပေါ်သင်္ကြန်ကိုတော့ သင်္ကြန်ယိမ်းအကပြိုင်ပွဲတွေ၊ ဖျော်ဖြေရေးအစီအစဉ်တွေနဲ့ကျင်းပမှာ ဖြစ်ပါတယ်။ အဲဒီအပြင် စတုဒီသာ ကျွေးမွေးတာ၊ မြန်မာ့ရိုးရာ သနပ်ခါးသင်္ကြန်ပါ ထည့်သွင်းကျင်းပနိုင်ရေး စီစဉ်ဆောင်ရွက်နေပါတယ်" ဟု ဟိုတယ်နှင့် ခရီးသွား ညွှန်ကြားမှုဦးစီးဌာန (ရှမ်းပြည်နယ်)မှ တာဝန်ရှိသူ တစ်ဦးကပြောပြသည်။ ASH

# တေးသံရှင် မျိုးကြီး၏ တစ်ကိုယ်တော်တေးဂီတဖျော်ဖြေပွဲကို တာမွေမြို့နယ်တွင် ကျင်းပမည်

**ရန်ကုန် မတ် ၁၅**

တေးသံရှင် မျိုးကြီး၏ The Golden Rock Night တစ်ကိုယ်တော် တေးဂီတဖျော်ဖြေပွဲကို ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်ရှိ ရွှေထွဋ်တင်ကွင်း Hexagon Complex တွင် လာမည့် မတ် ၂၂ ရက်ည၌ ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကြောင်း တေးသံရှင် မျိုးကြီးထံမှ သိရသည်။

အဆိုပါ တေးသံရှင် မျိုးကြီး၏ The Golden Rock Night တစ်ကိုယ်တော်တေးဂီတဖျော်ဖြေပွဲကို Golden LiL Boss က စီစဉ်တင်ဆက်ခြင်းဖြစ်ပြီး တေးသံရှင် မျိုးကြီး၏ သီဆိုဖျော်ဖြေမှုများကို Iron Cross Music Band တေးဂီတအဖွဲ့က အကောင်းဆုံး ပံ့ပိုး တီးခတ်ပေးသွားမည် ဖြစ်သည်။




"မတ် ၂၂ ရက်ညမှာ ရွှေထွဋ်တင်ကွင်းထဲက Hexagon Complex မှာ Iron Cross Music Band နဲ့ အတူ ရှိနေမှာ ဖြစ်ပါတယ်။ အကောင်းဆုံး တေးသီချင်းတွေကို ရွေးခ်တေးဂီတချစ်သူတွေနဲ့ အတူတူ တဝကြီး ဖျော်ဖြေသွားမှာမို့ အမိုက်စား Rock Vibes ကို ခံစားဖို့အတွက် ကြွခဲ့ကြဖို့ ဖိတ်ခေါ်ပါတယ်"ဟု တေးသံရှင် မျိုးကြီးက ပြောပြသည်။

တေးသံရှင် မျိုးကြီး၏ The Golden Rock Night အမည်ရှိ တစ်ကိုယ်တော်တေးဂီတဖျော်ဖြေပွဲကို တာမွေမြို့နယ်ရှိ ရွှေထွဋ်တင်ကွင်း Hexagon Complex ၌ မတ် ၂၂ ရက် ည ၇ နာရီတွင် စတင်မည်ဖြစ်ကြောင်း သိရသည်။

ASH

# ဝါနာဘရားသား၏ Ocean's ဇာတ်ကားသစ်ကို မင်းသား ဘရက်ဒလေကူးပါးကဒါရိုက်တာအဖြစ် တာဝန်ယူရိုက်ကူးမည်ဖြစ်

**နယူးယောက် မတ် ၁၅**

ဝါနာဘရားသားကုမ္ပဏီ၏ Ocean's ဇာတ်ကားသစ်ကို မင်းသား ဘရက်ဒလေကူးပါးက ဒါရိုက်တာအဖြစ် တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း မတ် ၁၄ ရက် သတင်းများအရ သိရသည်။

Ocean's ဇာတ်ကားသစ်၏ ရိုက်ကူးရေးလုပ်ငန်းမှ ဒါရိုက်တာ အိုင်ဆက်ချောင် နုတ်ထွက်ခဲ့ပြီးနောက် ဘရက်ဒလေကူးပါးကို ဝါနာဘရားသားကုမ္ပဏီက ဒါရိုက်တာအဖြစ် ခေါ်ယူခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

မင်းသား ဘရက်ဒလေကူးပါးသည် Ocean's ဇာတ်ကားကို ဒါရိုက်တာအဖြစ် တာဝန်ယူရိုက်ကူးမည့်အပြင် ဇာတ်ညွှန်းကိုလည်း ကိုယ်တိုင်ရေးသားမည်ဖြစ်ကြောင်း သိရသည်။

ဘရက်ဒလေကူးပါးသည် မကြာသေးမီ ကာလအတွင်း Searchlights ရုပ်ရှင်ကုမ္ပဏီအတွက် Is This Thing On ? အမည်ရှိ ဇာတ်ကားကိုတာဝန်ယူရိုက်ကူးပေးထားသူ ဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် Ocean's ဇာတ်ကားသစ်၏ ဇာတ်လမ်းဇာတ်အိမ်အသေးစိတ်ကို ဝါနာဘရားသားကုမ္ပဏီက လျှို့ဝှက်ထားဆဲဖြစ်သည်။

၁၉၉၀ပြည့်နှစ်မှစ၍ ရိုက်ကူးထုတ်လုပ်ခဲ့သည့် Ocean's ဇာတ်ကားများသည် အနုကြမ်းစီးမှု နောက်ခံအက်ရှင်ဇာတ်ကားများဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

# Final Boarding ဇာတ်ကားကို ဒါရိုက်တာ ခရစ္စတိုဖာလန်ဒန် ရိုက်ကူးမည်ဖြစ်

**နယူးယောက် မတ် ၁၅**

Screen Gems ရုပ်ရှင်ကုမ္ပဏီ၏ Final Boarding အမည်ရှိ သဘာဝလွန် ထိတ်လန့်သည်းဖို ဇာတ်ကားကို ဒါရိုက်တာ ခရစ္စတိုဖာ လန်ဒန်က တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း မတ် ၁၄ ရက် သတင်းများအရ သိရသည်။

Final Boarding ဇာတ်ကားသည် စာရေးဆရာ ကလဲရင်အမ်းဗွန်း၏ ခေါင်းစဉ်အမည်တူ ဝတ္ထုတိုကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့်ဇာတ်ကားဖြစ်သည်။

Final Boarding ဇာတ်ကားအတွက် ဇာတ်ညွှန်းကို ဒါရိုက်တာ ခရစ္စတိုဖာလန်ဒန်က တာဝန်ယူရေးသားမည်ဖြစ်သည်။

လက်ရှိတွင် Final Boarding ဇာတ်ကား၏ ဇာတ်လမ်းဇာတ်အိမ်အသေးစိတ်ကို လျှို့ဝှက်ထားဆဲဖြစ်သည်။

Final Boarding ဇာတ်ကား၌ပါဝင်သရုပ်ဆောင်မည့်အနုပညာရှင်များကို Screen Gems ကုမ္ပဏီက ရွေးချယ်နေဆဲဖြစ်သည်။

ဒါရိုက်တာ ခရစ္စတိုဖာလန်ဒန်သည်ထိတ်လန့်သည်းဖိုဇာတ်ကားများဖြင့် နာမည်ကြီးသူဖြစ်ပြီး မကြာသေးမီကမှ Blumhouse ၏ Drop ထိတ်လန့်သည်းဖိုဇာတ်ကားကို ရိုက်ကူးထားသူဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO




# Lord of the Rings ဇာတ်ကားသစ်၌ မင်းသမီး ကိတ်ဝင်းစလက် ပါဝင်မည်

**နယူးယောက် မတ် ၁၅**

Lord of the Rings: The Hunt for Gollum ဇာတ်ကား၌ မင်းသမီး ကိတ်ဝင်းစလက် ပါဝင်မည်ဖြစ်ကြောင်း မတ် ၁၄ ရက် သတင်းများအရ သိရသည်။

Lord of the Rings: The Hunt fror Gollum ဇာတ်ကားတွင် မင်းသမီး ကိတ်ဝင်းစလက်သည် အဓိက ခေါင်းဆောင်မင်းသမီးအဖြစ်ပါဝင်ရမည်ဖြစ်သည်။

လက်ရှိတွင် အထက်ပါ ဇာတ်ကား၌ ကိတ်ဝင်းစလက် သရုပ်ဆောင်ရမည့် ဇာတ်ကောင်နေရာကို ထုတ်လုပ်သူများက ထုတ်ဖော်ပြောကြားခြင်း မရှိသေးပေ။

Lord of the Rings: The Hunt for Gollum ဇာတ်ကားတွင် ကိတ်ဝင်းစလက်သည် မင်းသား အယ်လီဂျာဝုဒ်၊ အိုင်ယန်ဗက်ကယ်လန်၊ အင်ဒီဆားကစ်တို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

Lord of the Rings: The Hunt for Gollum ဇာတ်ကားကို ဒါရိုက်တာ အန်ဒီဆားကစ်က တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး အဆိုပါ ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ဖိလစ်ပါဘိုယန်း၊ ဖရန်းဝဲလ်နှင့် ဖိုးဘီဂစ်တင်းတို့က ရေးသားပေးထားသည်။

Ref : Russia Today

Trs : KKO



# Another 69 foreign nationals who illegally entered Myanmar apprehended near Maehtawthalay Village, Myawady Township



69 foreign nationals who illegally crossed the border apprehended near Maehtawthalay Village, Myawady Township.

**Nay Pyi Taw March 15**

The Myanmar government is actively conducting operations to eradicate online scam gambling, in coordination with domestic forces and neighbouring governments, to ensure such activities cannot establish a foothold within the country. Joint departmental teams in various regions and states are also meticulously inspecting and taking action against online scam gambling and preventing the illegal entry and stay of foreign nationals.

In the course of these ongoing operations, following a tip-off that illegal foreign nationals were hiding near Maehtawthalay Village, Myawady Township, Kayin State, joint teams comprising security personnel, administrative bodies, and relevant departmental officials conducted a search. On March 14, they were able to uncover and detain 86 illegal foreign nationals.

Similarly, today, based on information that illegal foreign nationals were hiding approximately 650 meters east of Maehtawthalay Village, Myawady Township, joint teams comprising security personnel, administrative bodies, and relevant departmental officials conducted a search around 12:00 noon. They apprehended an additional 69 illegal foreign nationals hiding in a forest area near that location. The detainees include 63 Chinese men and 2 Chinese women, 1 Vietnamese man, 1 Malaysian woman, 1 Russian woman, and 1 Lao woman.

The 69 foreign nationals who illegally crossed the border are being held in Myawady. Relevant departmental joint teams are carrying out necessary procedures, including collecting personal information and documentation, and are making arrangements to repatriate them to their respective countries in accordance with established protocols. 100

# Kyaiklat Township of Ayeyawady Region supplies featherback fish to Yangon market in February

**Kyaiklat March 15**

Daw Htay Htay Aye, the trader of marine product in Kyaiklat Township of Ayeyawady Region, stated that local merchants shipped a large volume of featherback fish to Yangon market in February.

Seafood traders from Kyaiklat Township are systematically inspecting featherback fish (nga hpe) before exporting and selling them to the Yangon market. In January this year, about 50,000 viss of featherback fish were exported and sold, in February, exports increased to 65,000 viss.

“Exports of featherback fish to the Yangon market have been strong since around the first week of last month. During the past month alone, about 65,000 viss were exported and sold. These are good-quality fish. Orders for featherback fish from the Yangon market have continued to increase into March. Because larger quantities of fish are being exported, people involved in the fishery-related businesses are also seeing improved livelihoods,” said Daw Htay Htay Aye.

Featherback fish produced in Kyaiklat Township and exported to the Yangon market are currently priced at 17,500 to 22,000 kyats per viss. Due to the increased export of seafood products from the township to the Yangon market, dried-fish business operators, fishermen, and workers in the fish processing sector are also benefiting.

Kyaw Kyaw Lin

# More than 1,000 acres of groundnut harvested in Tamu District

**Tamu March 15**

According to the district Agriculture Department, local farmers from Tamu District of Sagaing Region have harvested more than 1,000 acres of groundnut so far.

During the winter cropping season in Tamu District, a total of 3,244 acres of groundnut were cultivated. Harvesting of the groundnut fields began in January this year. As of today, 120 acres have been harvested in Myothit Township, 370 acres in Tamu Township, and 857 acres in Khampak Town, bringing the total harvested area to 1,347 acres, with an average yield of 62.74 baskets per acre.

“During the winter cropping season in Tamu District, about 3,244 acres of groundnut were cultivated. At present, harvesting of these groundnut fields is underway. As of today, more than 1,000 acres have already been harvested. Groundnut cultivation has been successful. As an oilseed crop, it is in a good condition, and groundnut cultivation has been increasing year by year,” said U Hla Myint, Head of the District Agriculture Department in Tamu District.

In Tamu District, about one and a half baskets of seeds per acre are required for groundnut cultivation. The cultivation cost—including seeds, labor charges, fertilizers, and pesticides—amounts to more than K200,000 per acre, and an average yield of over 50 baskets per acre can be obtained.

Officials from the Township Agriculture Department have also conducted field inspections, monitoring, and record-keeping in groundnut fields to ensure successful crop growth, prevent pest and disease infestations, and keep fields free from weeds.

206

# Iran has data showing U.S., Israel launching attacks on regional states -- FM

**Tehran March 15**

Iranian Foreign Minister Seyed Abbas Araghchi said Tehran has information the United States and Israel are launching attacks from certain locations against Arab states in the West Asia region.

He made the remarks in an interview with pan-Arab news outlet Al-Araby Al-Jadeed, parts of which were published Sunday, questioning the origin of attacks on regional Arab states that have been blamed on Iran.

Araghchi said Iran is ready to meet with regional states and form a joint committee to investigate the nature of the attacked targets.

Iran's strikes only targeted U.S. bases and interests in retaliation for attacks launched from those sites, he added.

Araqchi said the United States has developed a drone similar to Iran's Shahed 136, named "LUCAS," to target locations in Arab countries.

He also accused Israel of targeting Arab civilians to sabotage their relations with Iran, adding, "Iran has not targeted any civilian or residential areas in the region so far."

He said contacts continue with neighbors like Qatar, Saudi Arabia and Oman, and that regional countries are mediating to reduce tensions and propose ideas to end the war.

Commenting on the Strait of Hormuz, Araghchi said it is open to all except U.S. and U.S.-allied ships.

He described Iran's situation as "stable," noting no defections in state or military institutions, and that Supreme Leader Mojtaba Khamenei is in good health and fully in charge.

Meanwhile, Iran's Islamic Revolution Guards Corps said Sunday that a recent drone attack on Riyadh region and the Eastern Province in Saudi Arabia was not related to Iran, according to the semi-official Fars news agency.

Xinhua

## Public Notice for Elimination of Violence

1. Declaring themselves to be “for the people”, the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting “CRPH”, “NUG”, and “PDF” terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# More than 2,000 acres of black gram harvested in Shwebo Township



Farmers seen harvesting black gram in a field.

**Shwebo March 15**

According to the township Agriculture Department, local farmers harvested more than 2,000 acres of black gram in Shwebo Township of Sagaing Region this year.

In Shwebo Township, a total of 3,357 acres of black gram were cultivated during the winter cropping season. Harvesting of the planted black gram fields began in January this year, and to date 2,739 acres have been harvested, with an average yield of 19.10 baskets per acre, according to reports.

"During the winter cropping season in Shwebo Township, about 3,357 acres of black gram were planted. At present, more than 2,000 acres have already been harvested. During the cultivation period, we also conducted field visits to provide the necessary technical support, quality seeds, and methods for preventing pests and diseases," said U San Oo, Township Officer of the Department of Agriculture in Shwebo Township.

In Shwebo Township, the Township Department of Agriculture has been providing awareness and technical assistance to black gram farmers, including access to locally suitable quality and pure seeds, proper cultivation methods, pest prevention, systematic use of fertilizers, and measures to improve crop yields.

During this year's winter cropping season, when various pulses were cultivated, the relevant Township Department of Agriculture also cooperated with farmers by providing quality seeds, agricultural inputs, and post-harvest technologies to help ensure better yield and quality of pulse crops. 206

# Local farmers complete harvest of sunflower in Ayadaw Township

**Ayadaw March 15**

All plantations of sunflower has been harvested in Ayadaw Township of Sagaing Region, according to the Monywa District Agriculture Department.

During the winter cropping season in Ayadaw Township, a total of 2,728 acres of winter sunflower were cultivated. Harvesting of the sunflower fields began in January this year, and as of today, harvesting has been completed on 100 per cent of the cultivated acreage, with an average yield of 22.01 baskets per acre.

"A total of 2,728 acres of sunflower were cultivated during the winter cropping season in Ayadaw Township. At present, harvesting has been completed on all of the cultivated acres. To reduce reliance on imported palm oil, efforts have been made to expand the cultivation of sunflower, which is an oil crop. Sunflower produces more oil per acre compared with other oil crops such as groundnut and sesame," said Daw San San Myint, District Staff Officer of the Monywa District Department of Agriculture.

In order to expand sunflower cultivation in Ayadaw Township, the Township Department of Agriculture has intensified awareness and technical training programs, as well as capacity-building training for staff and farmers who plan to cultivate sunflower.

It is also reported that arrangements have been made to supply seeds to sunflower-growing farmers, to sell urea fertilizer at affordable prices, and to distribute the produced sunflower seeds through a farmer-to-farmer seed exchange system. 206



Photo shows newly harvested sunflowers.

# All plantations of lablab bean reaped in Sagaing Township

**Sagaing March 15**

All sown acreage of lablab bean has been harvested in Sagaing Township of Sagaing Region, according to the township Agriculture Department.

In Sagaing Township, a total of 3,525 acres of lablab bean were cultivated during the winter cropping season. Harvesting of the planted lablab bean fields began in January this year, and 100 percent of the cultivated acreage has now been harvested, with an average yield of 16.57 baskets per acre, according to reports.

"During the winter cropping season in Sagaing Township, 3,525 acres of lablab bean were cultivated. At present, all of the planted acreage has been completely harvested. To ensure good yield and quality of the pulse crop, we cooperated with farmers by providing quality and pure seeds, agricultural inputs, and post-harvest technology support," said U Myo Thant Aung, Township Officer of the Department of Agriculture in Sagaing Township.

In Sagaing Township, the Township Department of Agriculture has also carried out awareness and extension activities to help farmers expand lablab bean cultivation areas, improve crop yields, adopt Good Agricultural Practices (GAP), and use quality and high-yield seed varieties.

Crops cultivated using Good Agricultural Practices (GAP) generally have better quality than those grown using other methods, obtain higher market prices, and can be sold not only in the domestic market but also exported to international markets due to their higher quality. As a result, farmers who adopt these methods are expected to gain greater economic benefits.206

# All onion plantations reaped in Htigyaing Township

**Htigyaing March 15**

Statistics of Htigyaing Township Agriculture Department stated that local farmers harvested all plantations of onion in Htigyaing Township of Sagaing Region.

During the winter cropping season in Htigyaing Township, a total of 1,028 acres of onion were cultivated. Harvesting of the onion fields began in January this year, and as of today, 100 percent of the cultivated area has been harvested, with an average yield of more than 5,000 viss per acre.

"During the winter cropping season in Htigyaing Township, 1,028 acres of onions were cultivated. At present, harvesting of all the cultivated fields has been completed. The cultivated area exceeded the initial target. We have also helped connect farmers with markets so that onions can obtain good prices," said U Ko Ko Aung, Head of the Township Agriculture Department in Htigyaing.

The Township Agriculture Department has been assisting onion farmers in the township by facilitating market linkages to help them obtain better prices, providing technical guidance on long-term storage of onions, and supporting cultivation using Good Agricultural Practices (GAP) to ensure better quality onion production.

Onion farmers reported that the cultivation cost is around K1.8 million per acre, while the average yield per acre is about 5,000 viss.

In Sagaing Region, onions are widely cultivated. The townships with the largest onion cultivation areas include Monywa, Yinmabin, ChaungU, Shwebo, and Myinmu.

206

# Farmers harvest all plantations of onions in Myinmu Township

**Myinmu March 15**

Statistics of Sagaing District Agriculture Department stated that local farmers harvested all plantations of onion in Myinmu Township of Sagaing Region.

During the winter cropping season in Myinmu Township, a total of 1,077 acres of onions were cultivated. Harvesting of the onion fields began in January this year, and as of today, harvesting has been completed on 100 per cent of the cultivated acreage, with yields of more than 4,000 viss per acre, according to reports.

"During the winter cropping season in Myinmu Township, onions were cultivated on about 1,077 acres. At present, harvesting has been fully completed across all acres. Onion cultivation was also expanded beyond the targeted acreage. Efforts were made to help farmers obtain better prices in the onion market by facilitating market linkages," said Daw Myat Moe Win, District Staff Officer of the Sagaing District Department of Agriculture.

The Myinmu Township Department of Agriculture has been assisting onion farmers by facilitating market connections to help them obtain better prices, providing technical guidance on storage methods to extend the shelf life of onions, and supporting cultivation using Good Agricultural Practices (GAP) to ensure higher quality onion production.

It is reported that onion farmers invest about K1.8 million per acre, with an average yield of around 5,000 viss per acre.

Onions are widely cultivated in Sagaing Region, with the largest cultivation areas found in Monywa, Yinmabin, ChaungU, Shwebo, and Myinmu townships. 206

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## ဂျပန်နိုင်ငံ၏ ဒုံးကျည်ကာကွယ်ရေးသင်္ဘောသစ်များအတွက် SPY-7 ရေဒါစနစ်ကို အမေရိကန်ကုမ္ပဏီမှ လွှဲပြောင်းပေးအပ်



အမေရိကန်ကာကွယ်ရေး ကုမ္ပဏီဖြစ်သော Lockheed Martin သည် ဂျပန်နိုင်ငံ၏ Aegis တိုက်ပွဲဝင်စနစ် အလိုအလျောက်ကွပ်ကဲမှုနှင့် လက်နက်ထိန်းချုပ်ရေးစနစ် တပ်ဆင်ထားသော စစ်ရေယာဉ်များ (Aegis System Equipped Vessels – ASEVs) တွင် အသုံးပြုမည့် SPY–7 ရေဒါစနစ်၏ ဆက်စပ်ပစ္စည်းကိရိယာများ ဒုတိယအသုတ်အဖြစ် အမေရိကန်ကုမ္ပဏီမှ လွှဲပြောင်းပေးအပ်လိုက်ပြီဖြစ်သည်ဟု The Defense Post သတင်းဌာနက မတ် ၁၃ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါ ရေဒါစနစ်ကို ဂျပန်နိုင်ငံသို့ တိုက်ရိုက် မပို့ဆောင်မီ Lockheed Martin ၏ စက်ရုံများတွင် စနစ်တစ်ခုလုံး ပေါင်းစပ် တပ်ဆင်ခြင်းနှင့် စမ်းသပ်စစ်ဆေးခြင်းများကို ဦးစွာပြုလုပ်သွားမည်ဖြစ်သည်။ ဤသို့ ပြုလုပ်ခြင်းမှာ နည်းပညာပိုင်းဆိုင်ရာ အချိတ်အဆက်အမှားအယွင်းများကို လျှော့ချရန်နှင့် သတ်မှတ်ထားသည့် အချိန်ဇယားအတိုင်း စစ်ရေယာဉ်များ တာဝန်ထမ်းဆောင်နိုင်စေရန် ရည်ရွယ်ခြင်းဖြစ်သည်။

ယခု လွှဲပြောင်းပေးအပ်မှုသည် ၂၀၂၅ ခုနှစ် ဇွန်လတွင် ပထမအသုတ် လွှဲပြောင်းပေးခဲ့ပြီးနောက် နောက်ဆက်တွဲ ပေးအပ်ခဲ့မှုဖြစ်ပြီး ဂျပန်နိုင်ငံ၏ ASEVs စစ်ရေယာဉ်နှစ်စင်းကို ၂၀၂၇ ခုနှစ်နှင့် ၂၀၂၈ ခုနှစ်တို့တွင် စတင်တာဝန်ထမ်းဆောင်နိုင်ရန် ပံ့ပိုးပေးနိုင်လိမ့်မည်ဖြစ်သည်။

ဤလွှဲပြောင်းမှု လုပ်ငန်းစဉ်ကို Mitsubishi Corporation ကုမ္ပဏီ၏ ကူညီပံ့ပိုးမှုဖြင့် တိုက်ရိုက်ကုန်သွယ်မှု (Direct Commercial Sale) စနစ်အရ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ဂျပန်ရေတပ် ကိုယ်ပိုင်ကာကွယ်ရေး တပ်ဖွဲ့ (JMSDF) သည် အထူးသဖြင့် မြောက်ကိုရီးယား၏ ခြိမ်းခြောက်မှုများကို တုံ့ပြန်ရန်နှင့် တာဝေးပစ်ဒုံးကျည်များကို ကာကွယ်ရန်ရည်ရွယ်၍ အဆိုပါASEVs စစ်ရေယာဉ်နှစ်စင်းကို တည်ဆောက်နေခြင်းဖြစ်သည်။ အဆိုပါ စစ်ရေယာဉ်၏ အဓိကအသက်သွေးကြောမှာ Lockheed Martin ၏ အဆင့်မြင့် Aegis တိုက်ပွဲဝင်စနစ် အလိုအလျောက်ကွပ်ကဲမှုနှင့် လက်နက်ထိန်းချုပ်ရေးစနစ်နှင့် SPY–7 ရေဒါတို့ ပေါင်းစပ်ထားခြင်းဖြစ်သည်။

SPY–7 ရေဒါသည် ခေတ်မီထောက်လှမ်းမှုနှင့် ခြေရာခံမှုစွမ်းရည်များပါရှိသော Solid–state အမျိုးအစား ရေဒါစနစ်ဖြစ်ပြီး ပစ်မှတ်ပေါင်းများစွာကို တစ်ပြိုင်နက်တည်း ခြေရာခံနိုင်သည်။ ၎င်းသည် ပဲ့ထိန်းဒုံးကျည်များ၊ တိုက်လေယာဉ်များနှင့် အသံထက်မြန်သော (Hypersonic) ခြိမ်းခြောက်မှုများကိုပါ ကြားဖြတ်ဟန့်တားရာတွင် ထိရောက်စွာ ပံ့ပိုးပေးနိုင်စွမ်းရှိသည်။

၂၀၂၄ ခုနှစ်တွင် ဂျပန်အစိုးရသည် ပထမစစ်ရေယာဉ် တည်ဆောက်ရန်အတွက် Mitsubishi Heavy Industries ကုမ္ပဏီကိုလည်းကောင်း၊ ဒုတိယစစ်ရေယာဉ်အတွက် Japan Marine United Corporation ကိုလည်းကောင်း တာဝန်ပေးအပ်ခဲ့သည်။ စစ်ရေယာဉ်တစ်စင်းချင်းစီသည် အလျားမီတာ ၁၉၀၊ အနံ ၂၅ မီတာရှိပြီး စံသတ်မှတ်ချက်အလေးချိန်မှာ (Displacement)တန်ချိန် ၁၂၀၀၀ ရှိသည်။

ဤ ASEVs စစ်ရေယာဉ်များသည် ဂျပန်နိုင်ငံ၏ လက်ရှိအသုံးပြုနေသော Maya–class ဒုံးပျံတင် ဖျက်သင်္ဘောများထက် သိသိသာသာ ပိုမိုကြီးမားသည်။ နှိုင်းယှဉ်ချက်အရ Maya–class သင်္ဘောများသည် အလျားမီတာ ၁၇၀၊ အနံ ၂၁ မီတာသာရှိပြီး အလေးချိန်မှာ တန်ချိန် ၈၂၀၀ ခန့်သာ ရှိကြောင်း သိရသည်။

**Japan Accepts Second SPY–7 Radar Shipset From Lockheed Martin ကို ဘာသာ ပြန်ဆိုထားပါသည်။**

## ပိုလန်တပ်မတော်က ကြားဖြတ်တိုက်ခိုက်ရေးဒရုန်းစနစ်သစ်ကို စတင်အသုံးပြုရန် လေ့ကျင့်မှုများပြုလုပ်

ပိုလန်တပ်မတော်သည် AS–3 MEROPS ကြားဖြတ်တိုက်ခိုက်ရေး ဒရုန်းစနစ်သစ်ကိုအသုံးပြုရန် တပ်ဖွဲ့ဝင်များကို လေ့ကျင့်မှုများပြုလုပ်ခဲ့သည်ဟု Defence Blog သတင်းဌာနက မတ် ၁၃ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါ အခြေခံလေ့ကျင့်မှုများကို Lipa မြို့ရှိ စစ်ရေးလေ့ကျင့်ရေးကွင်းများနှင့် Ustka မြို့ရှိ ဗဟိုလေတပ်၊ လေ့ကျင့်ရေးကွင်းတို့တွင် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ယခုလေ့ကျင့်ရေး အစီအစဉ်သည် စစ်သည်များအနေဖြင့် AS–3 MEROPS ဒရုန်းစနစ်ကို လက်တွေ့စစ်ဆင်ရေးနယ်မြေများတွင် ကျွမ်းကျင်စွာအသုံးပြုနိုင်ရန်နှင့်ပိုလန်နိုင်ငံ၏ အဆင့်ဆင့်သော လေကြောင်းရန် ကာကွယ်ရေးကွန်ရက်ကို ခိုင်မာအောင်တည်ဆောက်ရန် ရည်ရွယ်ထားခြင်းဖြစ်ကြောင်း သိရသည်။

ပိုလန်တပ်မတော်၏ ထုတ်ပြန်ချက်အရ ယခုလေ့ကျင့်ရေးအစီအစဉ်တွင် စာတွေ့သင်ကြားမှုများသာမက စစ်မြေပြင် အခြေအနေအတိုင်း လက်တွေ့ကွင်းဆင်းလေ့ကျင့်မှုများလည်း ပါဝင်သည်။ ပထမအဆင့် သင်တန်းများတွင် စစ်ဆင်ရေး လုပ်ထုံးလုပ်နည်းများ၊ အဖွဲ့အစည်းများအကြား ပေါင်းစပ်ညှိနှိုင်းမှုများနှင့်သဏ္ဌာန်တူ တိုက်ပွဲများအတွင်း AS–3 MEROPS ဒရုန်းစနစ်ကို လက်တွေ့အသုံးချနိုင်မှုတို့ကို စမ်းသပ်စစ်ဆေးခဲ့သည်။

AS–3 MEROPS စနစ်ကို စတင်အသုံးပြုလာခြင်းမှာ ယူကရိန်းနှင့်အရှေ့အလယ်ပိုင်းဒေသတို့တွင် ဖြစ်ပွားနေသော စစ်ပွဲများမှရရှိသည့် သင်ခန်းစာများအပေါ် အခြေခံ၍ ပေါ်ထွက်လာခြင်းဖြစ်သည်။ ပိုလန်စစ်ရေး မဟာဗျူဟာပညာရှင်များက အဆိုပါစစ်ပွဲများရှိ ဒရုန်းစစ်ဆင်ရေးများကို လေ့လာစောင့်ကြည့်ပြီးနောက် ခေတ်သစ်ကာကွယ်ရေးစနစ်တွင် မောင်းသူမဲ့လေယာဉ်စနစ်များကို မည်သို့ထည့်သွင်းတည်ဆောက်ရမည်ကို ပြင်ဆင်လာကြခြင်းဖြစ်သည်။

AS–3 MEROPS ကြားဖြတ်တိုက်ခိုက်ရေးဒရုန်းစနစ်ကို လက်တွေ့စတင်အသုံးပြုမှု အတွေ့အကြုံများအရ ၎င်းစနစ်သည် တိုက်ပွဲဝင်စွမ်းရည် အလွန်မြင့်မားကြောင်း ပိုလန်လက်နက်ကိုင်တပ်ဖွဲ့များက ထုတ်ပြန်ထားသည်။ အထူးသဖြင့် ထောက်လှမ်းရန်ခက်ခဲသော ခြိမ်းခြောက်မှုများနှင့် ပုံမှန်မဟုတ်သော စစ်ဆင်ရေးနည်းဗျူဟာ (Asymmetric tactics) များကို တုံ့ပြန်ရာတွင် ဤစနစ်သည် အလွန်အသုံးဝင်ကြောင်း တာဝန်ရှိသူများကဆိုသည်။

AS–3 MEROPS ကဲ့သို့သော ကြားဖြတ်တိုက်ခိုက်ရေး ဒရုန်းစနစ်များကို အသုံးပြုခြင်းဖြင့် မိမိဘက်မှ စစ်သည်များကို ရန်သူ့ပစ်ခတ်မှုဒဏ် တိုက်ရိုက်မထိတွေ့စေဘဲ ဝေဟင်မှခြိမ်းခြောက်မှုများကို ကြားဖြတ်ဟန့်တားနိုင်ခြင်း



သို့မဟုတ် ပစ်မှတ်ထားတိုက်ခိုက်ခြင်းများ ပြုလုပ်နိုင်မည်ဖြစ်သည်။ ထို့ပြင် ဤစနစ်သည် သမားရိုးကျ လေကြောင်းရန် ကာကွယ်ရေးစနစ်များနှင့် နှိုင်းယှဉ်ပါက ကုန်ကျစရိတ် အလွန်သက်သာခြင်းမှာလည်း ထူးခြားသော အားသာချက်တစ်ခုဖြစ်သည်။

ပိုလန်စစ်ရေး မဟာဗျူဟာ ပညာရှင်များ၏ အဆိုအရ ခေတ်သစ်လေကြောင်းရန်ကာကွယ်ရေးစနစ်များသည် ဒရုန်းများ၊ ကာမီကာဇီအသေခံတိုက်ခိုက်ရေး ဒရုန်းနှင့် ထောက်လှမ်းရန်ခက်ခဲသော ဝေဟင်ယာဉ်များကိုပါ တုံ့ပြန်နိုင်စွမ်းရှိမည်ဟု သိရှိရသည်။ AS–3 MEROPS ကြားဖြတ်တိုက်ခိုက်ရေး ဒရုန်းစနစ်သည် လက်ရှိ ရှိနှင့်ပြီးသော လေကြောင်းရန် ကာကွယ်ရေး စနစ်များကို အားဖြည့်ပေးနိုင်မည့်အပြင် လျင်မြန်စွာရွှေ့ပြောင်းနိုင်သော စွမ်းရည်ရှိသဖြင့် တပ်ရင်း၊ တပ်ဖွဲ့များ၊ အရေးကြီး အခြေခံအဆောက်အအုံများ၊ လေတပ်စခန်းများနှင့်ကွပ်ကဲမှုဌာနချုပ်များကို ကာကွယ်ရန်အတွက် အဓိကကျသော အခန်းကဏ္ဍမှ ပါဝင်လာမည်ဖြစ်ကြောင်း သိရသည်။

**Poland begins fielding MEROPS drone interceptor system ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ထီးချိုင့်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မြေထောက်ပဲ ဧက ၁၀၀၈၀ ထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



**ထီးချိုင့် မတ် ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မြေထောက်ပဲ ဧက ၁၀၀၈၀ ထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ထီးချိုင့်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေထောက်ပဲ ၁၇၂၈၅ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော မြေထောက်ပဲ စိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှစတင် ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧက ၁၀၀၈၀ ထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၆ တင်းကျော် ထွက်ရှိကြောင်း သိရသည်။

"ထီးချိုင့်မြို့နယ် မြေထောက်ပဲ ၁၇၂၈၅ ဧကမှာ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ မြေထောက်ပဲခင်းတွေ အခုလက်ရှိအချိန်မှာတော့ ရိတ်သိမ်းလျက်ရှိပါတယ်။ ဒီနေ့ထိ ဧက ၁၀၀၀၀ ကျော် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ မြေထောက်ပဲအထွက်နှုန်းနဲ့ အရည်အသွေးကောင်းမွန်ဖို့အတွက် လိုအပ်တဲ့မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိတ်သိမ်းချိန်လွန် နည်းပညာပေးတာတွေကို တောင်သူတွေနဲ့ ပူးပေါင်းပြီးတော့ ဆောင်ရွက်ခဲ့ပါတယ်" ဟု ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုအောင်က ပြောပြသည်။

မြေထောက်ပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံစေရုံမျှမက ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် မြေထောက်ပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းစိုက်ပျိုးသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးကိုကိုအောင်က ပြောပြ၍ သိရသည်။ (၂၀၆)




# ပေါက်ခေါင်းမြို့နယ် ရပ်သစ်ကျေးရွာ၌ ကျောက်ရောမြေနီလမ်းခင်းခြင်းပြီးစီးမှု စစ်ဆေး



**ပေါက်ခေါင်း မတ် ၁၅**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရပ်သစ်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) ပံ့ပိုးရန်ပုံငွေဖြင့် ကျေးရွာတွင်း ကျောက်ရောမြေနီ လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို မတ် ၁၄ ရက်နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပေါက်ခေါင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခိုင်ခင်မြဝင်းနှင့် ဝန်ထမ်းများက ရပ်သစ်ကျေးရွာ၌ ကျေးရွာတွင်းကျောက်ရော မြေနီလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီများနှင့် တွေ့ဆုံကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာ၌ လမ်းအရှည်ပေ ၂၅၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ရှစ်လက်မရှိ ကျောက်ရောမြေနီ လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) ပံ့ပိုးရန်ပုံငွေကျပ် ၁၅ သန်းဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဇန်နဝါရီလပထမပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါကျေးရွာ၌ ကျောက်ရောမြေနီလမ်းခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့်ဆောင်ရွက်နိုင်မှုကြောင့် ကျေးရွာနေပြည်သူများ လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာပြီး ကျေးရွာမှထွက်ရှိသော ထုတ်ကုန်၊ ထွက်ကုန်များကို ဈေးကွက်သို့အချိန်နှင့် တစ်ပြေးညီ ပေးပို့နိုင်တော့မည် ဖြစ်ကြောင်း၊ ယခင်ကထက် လူနေမှုအဆင့်အတန်း ပိုမိုမြင့်မားတိုးတက်လာတော့မည်ဖြစ်ကြောင်း ပေါက်ခေါင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**အေးမြတ်**

# ကျောင်းကုန်းမြို့နယ်တွင် ဖူးစားပြောင်းများ အရောင်းအဝယ်ကောင်းမွန်နေ

**ကျောင်းကုန်း မတ် ၁၅**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်တွင် ဖူးစားပြောင်းများ အရောင်းအဝယ် ကောင်းမွန်နေကြောင်း ကျောင်းကုန်းမြို့နယ် လယ်ယာထွက်ကုန် ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ရီရီထွန်းက ပြောပြ၍ သိရသည်။

ကျောင်းကုန်းမြို့နယ်တွင် ယခုနှစ် မတ်လပထမပတ်မှ စတင်ပြီး ယနေ့ထိ ဖူးစားပြောင်းများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါ ဖူးစားပြောင်းများ ဝယ်လိုအားကောင်းလာခြင်းသည် ဒေသထွက်ဖူးစားပြောင်းများကို ရန်ကုန်ဈေးကွက်က ဝယ်ယူအား ကောင်းလာခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။



"ဒေသထွက် ဖူးစားပြောင်းတွေကို ဒေသဈေးကွက်အပြင် ရန်ကုန် ဈေးကွက်တွေကပါ အဝယ်လိုက်နေပါတယ်။ မတ်လ ပထမပတ်လောက်ကနေပြီး သိသိသာသာကို အရောင်းအဝယ် ကောင်းလာတာ ဖြစ်ပါတယ်။ ဖူးစားပြောင်း အထွက်နည်းလာတာနဲ့အဝယ်လိုက်ပြီး အရောင်းအဝယ် ကောင်းနေတာဖြစ်ပါတယ်" ဟု ကျောင်းကုန်းမြို့နယ် လယ်ယာထွက်ကုန် ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ရီရီထွန်းက ပြောပြသည်။

ကျောင်းကုန်းမြို့နယ် လယ်ယာထွက်ကုန် ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ဒေသထွက် ဖူးစားပြောင်းများကို ဝယ်ယူပြီး ရန်ကုန်ဈေးကွက်သို့ ပြန်လည်ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ဒေသထွက်ဖူးစားပြောင်းများသည် လတ်ဆတ်မှုနှင့် ပိုးမွှားကင်းရှင်းပြီး ဖူးစားပြောင်း အဖူးရေ ၁၀၀ လျှင် ငွေကျပ် ၃၂၀၀၀ မှ ၃၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# မိုးညှင်းမြို့နယ် အင်းကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မိုးညှင်း မတ် ၁၅**

ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးညှင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက အင်းကုန်းကျေးရွာ၌ မြစိမ်းရောင် ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ပဉ္စမအကြိမ် ထုတ်ချေးခြင်းကို မတ် ၁၄ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိုးညှင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဌေးမြင့်က ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာပြီး ဆင်းရဲမှုနှုန်းလျှော့ချနိုင်ရန်၊ တိုးပွားလာသော ရန်ပုံငွေဖြင့် ကျေးရွာအတွက် အမှန်တကယ် လိုအပ်သော ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်၊ မြို့ပြနှင့် ကျေးလက်လူနေမှု အဆင့်အတန်း ကွာဟမှုများ လျှော့ချနိုင်စေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် ၄၃၉ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် စီမံကိန်းတာဝန်ခံဝန်ထမ်းများ၏ အနီးကပ်ကြီးကြပ်မှုဖြင့် မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက အင်းကုန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၅ ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၁၅ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၂၅ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၅ ဦးကို ပဉ္စမအကြိမ်အဖြစ် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၄၃၉ သိန်း ထုတ်ချေးပေးခဲ့ကြောင်း မိုးညှင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**နွဲ့ယဉ်**

ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်



ကိုဗစ်-၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

# မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၅၀၀၀ ကျော် ဖန်တီးပေးနိုင်မည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ် ၃၅ ခု ခွင့်ပြု



နေပြည်တော် မတ် ၁၅

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၃/၂၀၂၆)ကြိမ်မြောက် အစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ရုံးအမှတ်(၅) အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးနှင့် ကော်မရှင်အဖွဲ့ဝင်များတက်ရောက်ကြသည်။

အစည်းအဝေးတွင် လက်ရှိဆောင်ရွက်ဆဲ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ မတည်ငွေရင်းတိုးမြှင့်ခြင်းအပါအဝင် စက်မှုကဏ္ဍနှင့် လျှပ်စစ်ဓာတ်အားကဏ္ဍမှ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ် လေးခုကိုလည်းကောင်း၊ စက်မှုကဏ္ဍ၊ ဟိုတယ်နှင့် ခရီးသွားကဏ္ဍ၊ ဝန်ဆောင်မှုကဏ္ဍ၊ လျှပ်စစ်ဓာတ်အားကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍများမှ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ် ၃၁ ခုတို့ကိုလည်းကောင်းခွင့်ပြုပေးခဲ့ပြီး အဆိုပါလုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၄၁ ဒသမ ၀၀၃ သန်းနှင့် ကျပ် ၁၉၅၅၅၂၆ ဒသမ ၉၅၅ သန်းဖြစ်ပြီး အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၅၀၆၄ ဦးကို ဖန်တီးပေးနိုင်မည်ဖြစ်သည်။

ယနေ့ အစည်းအဝေးက ခွင့်ပြုပေးသည့်လုပ်ငန်းများတွင် နိုင်ငံအတွက် အဓိကလိုအပ်လျက်ရှိသည့် လုပ်ငန်းသုံးမော်တော်ယာဉ်ထုတ်လုပ်ခြင်းလုပ်ငန်းများ၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းလုပ်ငန်းများ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးအခြေခံကုန်ထုတ်လုပ်မှုလုပ်ငန်းများ၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း၊ လျှပ်စစ်မော်တော်ယာဉ်တပ်ဆင်ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းများ၊ ဆိပ်ကမ်းတည်ဆောက်ခြင်းနှင့် ဆိပ်ကမ်းဝန်ဆောင်မှုလုပ်ငန်းများ၊ လက်ကိုင်ဖုန်းအမျိုးမျိုးတပ်ဆင်ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း၊ ဆိုလာပြားထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း၊မွေးမြူရေးအစာထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းများ၊ စားသောက်ကုန်ထုတ်လုပ်ငန်းများအပြင် အလုပ်အကိုင်အခွင့်အလမ်းများစွာ ဖန်တီးပေးနိုင်မည့် အထည်ချုပ်လုပ်ငန်းများလည်း ပါဝင်သည်။

ယခုနှစ် ဖေဖော်ဝါရီလကုန်ထိ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံထားသည့် နိုင်ငံ၊ဒေသပေါင်း ၅၃ ခုအနက် ရင်းနှီးမြှုပ်နှံမှုအများဆုံးပြုလုပ်သောနိုင်ငံ၊ဒေသများမှာ စင်ကာပူနိုင်ငံ၊ တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့ဖြစ်ပြီး စီးပွားရေးကဏ္ဍ ၁၂ ခုအနက် အများဆုံးရင်းနှီးမြှုပ်နှံထားသည့်ကဏ္ဍများမှာ လျှပ်စစ်ဓာတ်အားကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၈ ဒသမ ၂၇ ရာခိုင်နှုန်းဖြင့် လည်းကောင်း၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၄ ဒသမ ၆၂ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ စက်မှုကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၁၄ ဒသမ ၆၇ ရာခိုင်နှုန်းဖြင့်လည်းကောင်း အသီးသီးရင်းနှီးမြှုပ်နှံထားသည်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံသူများက တင်ပြလာသည့် ရင်းနှီးမြှုပ်နှံမှုအဆိုပြုချက်များကို စိစစ်ခွင့်ပြုခြင်းကိုလည်းကောင်း၊ လက်ရှိဆောင်ရွက်ဆဲ ရင်းနှီးမြှုပ်နှံသူများအတွက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာဝန်ဆောင်မှုများကိုလည်းကောင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# အများပြည်သူသယ်ယူပို့ဆောင်ရေးကဏ္ဍ အဆင်ပြေချောမွေ့စေရန်ရည်ရွယ်၍ မော်တော်ယာဉ်သုံးသဘာဝဓာတ်ငွေ့(CNG)ကို ဈေးနှုန်းသက်သာစွာ ဝယ်ယူခွင့်ရရှိနေသော မော်တော်ယာဉ်များအနေဖြင့် ပြည်သူများအတွက် အကျိုးရှိထိရောက်စွာဝန်ဆောင်မှုပေးနိုင်ရေး စီမံဆောင်ရွက်




နေပြည်တော် မတ် ၁၅

စွမ်းအင်ဝန်ကြီးဌာနသည် အများပြည်သူသယ်ယူပို့ဆောင်ရေးကဏ္ဍအဆင်ပြေချောမွေ့စေရေးအတွက် မော်တော်ယာဉ်သုံးသဘာဝဓာတ်ငွေ့(CNG)အရောင်းဆိုင်များမှ မော်တော်ယာဉ်သုံးသဘာဝဓာတ်ငွေ့များ ရောင်းချပေးလျက်ရှိရာ ပြည်သူများအမှန်တကယ်အကျိုးခံစားခွင့်ရရှိစေရေးနှင့် စပ်လျဉ်းသည့်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့တွင် စွမ်းအင်ဝန်ကြီးဌာန၌ ကျင်းပသည်။

အစည်းအဝေးသို့ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်၊ ဒုတိယဝန်ကြီး ဦးကျော်နိုင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး၊ စွမ်းအင်ဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ဖြစ်ပေါ်နေသည့် စက်သုံးဆီအကျပ်အတည်းကို နိုင်ငံတော်အနေဖြင့် ဖြေရှင်းဆောင်ရွက်ရာတွင် စက်သုံးဆီဖြိုးခြဲချွေတာနိုင်ရေး၊ အရန်စက်သုံးဆီပမာဏ ပိုမိုသိုလှောင်နိုင်ရေး၊ စက်သုံးဆီတင်သွင်းသည့်အရန်လမ်းကြောင်းများကို ရှာဖွေရေး၊ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ရေးနည်းလမ်းများဖြင့် ဆောင်ရွက်နေပါကြောင်း၊ စက်သုံးဆီဖြိုးခြဲချွေတာနိုင်ရေးတွင် အများပြည်သူ သယ်ယူပို့ဆောင်ရေးကဏ္ဍအဆင်ပြေချောမွေ့စေရေးသည်အဓိကကျပါကြောင်း၊ စွမ်းအင်ဝန်ကြီးဌာနသည် အများပြည်သူသယ်ယူပို့ဆောင်ရေးကဏ္ဍအတွက် အရေးပါသည့် YBS ယာဉ်များနှင့် Taxi ယာဉ်များသို့ သဘာဝဓာတ်ငွေ့(CNG)များကို မပြောင်းလဲသော ဈေးနှုန်းဖြစ်သည့် တစ်ကီလိုဂရမ်လျှင် ၂၇၃ ကျပ် ၂၅ ပြားနှုန်းဖြင့် ၂၀၀၇ ခုနှစ်မှစ၍ ရောင်းချပေးနေပါကြောင်း၊ ယင်းဈေးနှုန်းသည် နိုင်ငံတကာဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက ထက်ဝက်ခန့် သက်သာနေပါကြောင်း၊ စက်စွမ်းအားတူညီသည့် မော်တော်ယာဉ်များတွင် ဓာတ်ဆီ၊ ဒီဇယ်နှင့် CNG တို့ကို တူညီခရီးအကွာအဝေးအတွက်လောင်စာဆီကုန်ကျစရိတ်ကိုနှိုင်းယှဉ်ပါက CNG သည် သုံးပုံတစ်ပုံခန့်သာ ကုန်ကျမည်ဖြစ်ပါကြောင်း၊ CNG သုံး Taxi ယာဉ်များအနေဖြင့် နိုင်ငံတော်က စိုက်ထုတ်ပေးထားသည့် အခွင့်အရေးကို ပြည်သူများခံစားခွင့်ရရှိစေရန် ပူးပေါင်း ဆောင်ရွက်ကြစေလိုပါကြောင်း၊ CNG Taxi သုံးယာဉ်များကို စီးနင်းကြသည့် ပြည်သူများအနေဖြင့် ဓာတ်ဆီ၊ဒီဇယ်ဈေးနှုန်းကြီးမြင့်မှုကိုအခွင့်အရေးယူ၍ ငှားရမ်းခတိုးမြှင့်တောင်းခံခြင်းများ ကြုံတွေ့ရ၍ တိုင်ကြားလာပါက CNG သုံးစွဲခွင့်စာရင်းမှ ပယ်ဖျက်၍ သုံးစွဲခွင့်တောင်းခံထားသည့် အခြားမော်တော်ယာဉ်များကိုခွင့်ပြုပေးသွားမည်ဖြစ်ပါကြောင်း၊YBSယာဉ်များအနေဖြင့်လည်း အများပြည်သူသယ်ယူပို့ဆောင်ရေးအတွက်ခွင့်ပြုထားသည့် လမ်းကြောင်းများအတွင်း၌သာ မောင်းနှင်၍ဝန်ဆောင်မှုပေးကြရန်လိုအပ်ပါကြောင်း၊ မကြာမီအချိန်အတွင်း CNG အသုံးပြုနေသည့် မော်တော်ယာဉ်များတွင် Metering စနစ်တပ်ဆင်ခြင်း၊ နည်းပညာအသုံးပြု၍ ထိန်းချုပ်ဖြန့်ဖြူးခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် မော်တော်ယာဉ်သုံးသဘာဝဓာတ်ငွေ့(CNG)ကို ပိုမိုတိုးမြှင့်ဖြန့်ဖြူးပေးနိုင်ရေးကိုလည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီးက သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ CNG သုံးယာဉ်များအနေဖြင့် အများပြည်သူသယ်ယူပို့ဆောင်ရေးကဏ္ဍတွင် ထိရောက်အကျိုးရှိစွာဝန်ဆောင်မှုပေးစေရေး တင်းကျပ်စွာကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးတင်ပြပြီး တက်ရောက်လာကြသူများ ဝိုင်းဝန်းအကြံပြုဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

CNG သုံးယာဉ်များနှင့် စပ်လျဉ်း၍ အများပြည်သူအနေဖြင့် ကျေနပ်မှုမရှိပါက အောက်ပါဖုန်းနံပါတ်များသို့ တိုင်ကြားနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**တိုင်ကြားရန်ဖုန်း**

**ညွှန်ကြားရေးမှူး(CNG) – 09 794115410**

**09 262467077**

မော်တော်ယာဉ်တွင် ဓာတ်ဆီ၊ ဒီဇယ်ဆီနှင့် CNG တို့ကို အသုံးပြုမောင်းနှင်၍ လောင်စာဆီသုံးစွဲမှုနှုန်းနှင့် ကုန်ကျစရိတ်တို့အား နှိုင်းယှဉ်တင်ပြခြင်း

| စဉ် | မော်တော်ယာဉ် အမျိုးအစား | အင်ဂျင်ပါဝါ | လောင်စာဆီ အမျိုးအစား | လောင်စာဆီ အသုံးပြုမှုနှုန်း | လောင်စာဆီ ဈေးနှုန်း | ၁၀၀ ကီလိုမီတာ မောင်းနှင်ခြင်း | | |
|---|---|---|---|---|---|---|---|---|
| | | | | | | ကုန်ကျငွေ (ကျပ်) | ကုန်ကျမှု % (ဓာတ်ဆီနှင့် နှိုင်းယှဉ်ခြင်း) | ကုန်ကျမှု % (ဒီဇယ်ဆီနှင့် နှိုင်းယှဉ်ခြင်း) |
| ၁ | Mark II 99 | ၂၀၀၀ စီစီ | 95 RON Gasoline | ၈.၉၉ ကီလိုမီတာ/ လီတာ | ၂,၅၉၅ ကျပ်/ လီတာ | ၂၈,၈၆၅ | - | - |
| ၂ | Mark II 99 | ၂၀၀၀ စီစီ | Premium High Speed Diesel | ၉.၉၁ ကီလိုမီတာ/ လီတာ | ၂,၉၀၅ ကျပ်/ လီတာ | ၂၉,၃၁၄ | - | - |
| ၃ | Mark II 99 | ၂၀၀၀ စီစီ | CNG (နိုင်ငံတော်မှ စိုက်ထုတ်ပေးသည့်ဈေးနှုန်း) | ၁.၈၅၄ ကီလိုမီတာ/ လီတာ | ၁၈၂ ကျပ်/ လီတာ | ၉,၈၁၇ | ၃၄ % | ၃၃ % |

# ပိဋကသုံးပုံ အဋ္ဌကထာ ကွန်ပျူတာစာမူ ကျမ်းစာအုပ်များ ဆက်ကပ်လှူဒါန်းပွဲကျင်းပ

**နေပြည်တော် မတ် ၁၅**

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ၏ ဩဝါဒနှင့်အညီ ပုံနှိပ်ပြီးစီးသော ပိဋကသုံးပုံ အဋ္ဌကထာကွန်ပျူတာစာမူကျမ်းစာအုပ်များ ဆက်ကပ်လှူဒါန်းပွဲကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော် ဥပ္ပါတသန္တိစေတီတော် ပရိဝုဏ်အတွင်းရှိ သာသနာ့မဟာဗိမာန်တော်ကြီး ဆွမ်းစားကျောင်းဆောင်၌ကျင်းပရာ ပုဗ္ဗသီရိမြို့နယ် သီရိမင်္ဂလာ ဝဲကြီးပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တအာဒိစ္စဝံသ အမှူးပြုသော ဆရာတော်များ ကြွရောက်ချီးမြှင့်ကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ဒုတိယဝန်ကြီး ဦးအေးထွန်းနှင့် ဒေါ်နုမြဲ၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဥပ္ပါတသန္တိစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင်နှင့် အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ဧည့်သည်တော်များသည် သီရိမင်္ဂလာ ဝဲကြီးပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကာ ဆရာတော်၊ သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသည့် မေတ္တာသုတ်ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက သာသနာရေးဆိုင်ရာများကို လျှောက်ထားပြီး တက်ရောက်လာသူများနှင့်အတူ ဆရာတော်၊ သံဃာတော်များထံ လှူဖွယ်ဝတ္ထုပစ္စည်းများ၊ အဋ္ဌကထာကျမ်းစာအုပ်များ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ပုဗ္ဗသီရိမြို့နယ် အောင်စည်သာပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တဝိစက္ခဏထံမှ အနုမောဒနာတရားနာကြားကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**





**ရှေ့ဖုံးမှအဆက်**

ဖူးမြော်ကြည်ညိုကြပြီး ဘုရားရင်ပြင်တော် ပတ်လည်၌ စကျင်ကျောက်များအသုံးပြု၍ တည်ဆောက်ထားသည့် ဂန္ဓကုဋိတိုက်များအတွင်း လေ့လာကြည့်ရှုကြသည်။

ထို့ပြင် အဆိုပါစစ်ရေးပြစစ်ကြောင်းများမှ အရာရှိ၊ စစ်သည်များသည် အမျိုးသားပြတိုက်(နေပြည်တော်)ရှိ ပြခန်းများကိုသွားရောက်လေ့လာခဲ့ကြပြီး အမှတ်တရလက်ဆောင်ပစ္စည်း အရောင်းဆိုင်များတွင် အမှတ်တရလက်ဆောင်ပစ္စည်းများ ဝယ်ယူခဲ့ကြသည်။

ဆက်လက်၍ မွန်းလွဲပိုင်းတွင် လေ့လာရေးအဖွဲ့များသည် တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)ရှိ ခေတ်အဆက်ဆက်မှအသုံးပြုခဲ့သော သမိုင်းဝင်လက်နက်များနှင့် အသုံးအဆောင်ပစ္စည်းပြကွက်များကိုသွားရောက်လေ့လာကြပြီး တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသသည်။

ယင်းနောက် လေ့လာရေးအဖွဲ့များသည် သူရဲကောင်းဗိမာန်(နေပြည်တော်)သို့ ရောက်ရှိကြပြီး ကျဆုံးလေပြီးသော တပ်မတော်သား သူရဲကောင်းများကို ဂါရဝပြုအလေးပြုကြပြီး ဗိမာန်အတွင်း လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။ **(၅၀၁)**

**စစ်ရေးပြစစ်ကြောင်းများမှ အရာရှိ၊ စစ်သည်များ သူရဲကောင်းဗိမာန် (နေပြည်တော်)၌ ကျဆုံးလေပြီးသော တပ်မတော်သား သူရဲကောင်းများကို ဂါရဝပြုအလေးပြုကြစဉ်၊**









၈၁ နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားတွင်ပါဝင်သည့် စစ်ရေးပြစစ်ကြောင်းများမှ အရာရှိ၊ စစ်သည်များ နေပြည်တော်ရှိ အထင်ကရနေရာများကို လေ့လာကြည့်ရှုစဉ်။

**တစ်အိမ်လုံးတွင် မည်သူမျှ မရှိနေချိန်၌ မလိုအပ်သော လျှပ်စစ်အသုံးပြုမှုအားလုံးကို ပိတ်ခြင်းဖြင့် လျှပ်စစ်ကို ချွေတာသုံးစွဲပါ။**

# ၂၀၂၆ ခုနှစ် ပြည်ထောင်စု၏အခွန်အကောက်ဥပဒေ ပြဋ္ဌာန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ**
**၂၀၂၆ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေ**
**(အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ ဥပဒေအမှတ် ၁၈ / ၂၀၂၆)**
၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၃ ရက်
(၂၀၂၆ ခုနှစ်၊ မတ်လ ၁၅ ရက်)

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၂၇ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း(၁)**
**အမည်၊ စတင်အကျိုးသက်ရောက်သည့်နေ့ရက်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ (က) ဤဥပဒေကို **၂၀၂၆ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေ** ဟု ခေါ်တွင်စေရမည်။
(ခ) ဤဥပဒေသည် ၂၀၂၆ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင်အကျိုးသက်ရောက်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-
(က) **အခွန်အကောက်** ဆိုသည်မှာ ဤဥပဒေအရ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုအတွက် ကောက်ခံသည့် အခွန်၊ အကောက်ခွန်၊ အခ၊ လိုင်စင်ကြေး၊ ပါမစ်ကြေးနှင့် ဒဏ်ကြေးငွေများကို ဆိုသည်။
(ခ) **ဥပဒေ** ဆိုသည်မှာ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုအတွက် ကောက်ခံသည့် အခွန်အကောက်များနှင့်စပ်လျဉ်း၍ ထုတ်ပြန်ထားသည့်ဥပဒေများကိုဆိုသည်။
(ဂ) **သက်ဆိုင်ရာဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုအတွက် ကောက်ခံသော အခွန်အကောက်များကို တာဝန်ယူကောက်ခံသည့် ပြည်ထောင်စုအစိုးရ ဝန်ကြီးဌာနများနှင့် နေပြည်တော်ကောင်စီတို့ကိုဆိုသည်။
(ဃ) **ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ** ဆိုသည်မှာ နှစ်အလိုက်ထုတ်ပြန်သည့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေနှင့် နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေတို့ကို ဆိုသည်။
(င) **အခွန်နှုန်း** ဆိုသည်မှာ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုအတွက် ကောက်ခံသည့် အခွန်အကောက်များကိုကောက်ခံရန် သတ်မှတ်ထားသည့် အခွန်အကောက်နှုန်းများကိုဆိုသည်။

**အခန်း (၂)**
**ကောက်ခံရန် အခွန်လျာထားချက်**

၃။ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ ပြည်ထောင်စု၏အခွန်ရငွေသည် သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အတွက် ဤဥပဒေ၏ ဇယား(၁)ပါ ပြည်ထောင်စု၏အခွန်အကောက်များကောက်ခံရန် မူလလျာထားချက်ဖြစ်သည်။

**အခန်း (၃)**
**အခွန်နှုန်းများသတ်မှတ်ခြင်းနှင့် အစီရင်ခံခြင်း**

၄။ သက်ဆိုင်ရာဝန်ကြီးဌာနသည် ဤဥပဒေပါ အခွန်အကောက်အမျိုးအစားများနှင့်စပ်လျဉ်း၍ ကောက်ခံရန် အခွန်လျာထားချက်များကို ဤဥပဒေပါအခွန်နှုန်းများဖြင့် ကောက်ခံရမည်။

၅။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤဥပဒေပါ အခွန်အကောက်နှုန်းများကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ အစားထိုးခြင်းဆောင်ရွက်လိုလျှင် ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်နိုင်ရေးအတွက် တင်သွင်းရမည်။

၆။ (က) သက်ဆိုင်ရာဝန်ကြီးဌာနသည် ဤဥပဒေ၏ ဇယား(၁)ပါ ပြည်ထောင်စု၏ အခွန်အကောက်များကောက်ခံရန် မူလလျာထားချက်အပေါ် ကောက်ခံရရှိမှုအခြေအနေကို သုံးလပတ်အလိုက် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနသို့ ပေးပို့ရမည်။
(ခ) ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနသည် သက်ဆိုင်ရာဝန်ကြီးဌာနများက ပေးပို့လာသည့် အခွန်အကောက် ကောက်ခံရရှိမှုစာရင်းများကိုစုစည်း၍ သုံးသပ်ချက်ဖြင့် သုံးလပတ်အလိုက် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ အစီရင်ခံတင်ပြရမည်။

၇။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤဥပဒေ၏ ဇယား(၁)ပါ ပြည်ထောင်စု၏ အခွန်အကောက်များကောက်ခံရန် မူလလျာထားချက်အပေါ် ကောက်ခံရရှိမှုအခြေအနေကို ခြောက်လပတ်အလိုက် ပြည်ထောင်စုလွှတ်တော်သို့ အစီရင်ခံတင်ပြရမည်။

**အခန်း (၄)**
**သက်ဆိုင်ရာဝန်ကြီးဌာန၏ တာဝန်နှင့် လုပ်ပိုင်ခွင့်**

၈။ သက်ဆိုင်ရာဝန်ကြီးဌာနသည် ဤဥပဒေ၏ ဇယား(၁)ပါ ပြည်ထောင်စု၏အခွန်အကောက်များကောက်ခံရန် မူလလျာထားချက်ကို ကောက်ခံရရှိရေးအတွက် တာဝန်ခံစီမံကြီးကြပ်ရမည်။

၉။ သက်ဆိုင်ရာဝန်ကြီးဌာနသည် ဤဥပဒေပါ အထူးကုန်စည်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်၊ ဝင်ငွေခွန်နှင့် ရတနာခွန်ဆိုင်ရာပြဋ္ဌာန်းချက်များနှင့်စပ်လျဉ်း၍ ယင်းတို့၏ မူလအဓိပ္ပာယ် မပြောင်းလဲစေဘဲ ရှင်းလင်းစွာ သိရှိလိုက်နာဆောင်ရွက်နိုင်စေရန် လိုအပ်ပါက အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၁၀။ သက်ဆိုင်ရာဝန်ကြီးဌာနသည် အခွန်ပေးဆောင်ထိုက်သူများက ဥပဒေနှင့်အညီ ပေးဆောင်လာစေရေးအတွက် လိုအပ်သည့်သတင်းအချက်အလက်များ၊ ကူညီပံ့ပိုးမှုများကို နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ နေပြည်တော်ကောင်စီ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့များမှ ရယူနိုင်သည်။

**အခန်း (၅)**
**အထူးကုန်စည်ခွန်**

၁၁။ အထူးကုန်စည်ခွန်ဥပဒေ ပုဒ်မ ၆ အရ အခွန်ကျသင့်သည့် အထူးကုန်စည်အမျိုးအစားနှင့် အခွန်နှုန်းများမှာ အောက်ပါအတိုင်းဖြစ်သည် -

**အထူးကုန်စည်အမျိုးအစားနှင့် အခွန်နှုန်းများ**

(က) အထူးကုန်စည်များနှင့်စပ်လျဉ်း၍ အောက်ဖော်ပြပါ အခွန်နှုန်းများအတိုင်း အထူးကုန်စည်ခွန် ကျသင့်စေရမည် -
(၁) တန်ဖိုးအဆင့်အလိုက် အခွန်ကျသင့်စေမည့် ပြည်တွင်း၌ထုတ်လုပ်သည့် အထူးကုန်စည်များဖြစ်လျှင် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနရောင်းဈေးတန်ဖိုး သို့မဟုတ် ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ပြည်တွင်းအခွန်များဦးစီးဌာန စီမံခန့်ခွဲမှုကော်မတီက ဈေးကွက်ပေါက်ဈေးအပေါ် အခြေပြု၍ ခန့်မှန်းသတ်မှတ်သည့် ရောင်းဈေးတန်ဖိုး၊ ယင်းတန်ဖိုးနှစ်ရပ်အနက် များရာတန်ဖိုးငွေအပေါ်တွင်လည်းကောင်း၊
(၂) တန်ဖိုးအဆင့်အလိုက် အခွန်ကျသင့်စေရန် သတ်မှတ်ထားခြင်းမရှိသော အထူးကုန်စည်များကို ပြည်တွင်း၌ ထုတ်လုပ်ရောင်းချခြင်းဖြစ်လျှင် ပြည်တွင်းအခွန်များဦးစီးဌာန စီမံခန့်ခွဲမှုကော်မတီက သတ်မှတ်သည့်တန်ဖိုးအပေါ်တွင် လည်းကောင်း၊
ခြွင်းချက်။ သို့ရာတွင် ပြည်တွင်း၌ ထုတ်လုပ်ရောင်းချသည့် အထူးကုန်စည်ကို ပြည်ပမှ တင်သွင်းလာသည့် အထူးကုန်စည်နှင့် ဈေးကွက်အတွင်း ယှဉ်ပြိုင်ရောင်းချနိုင်ရန်အလို့ငှာ ပြည်တွင်းအခွန်များဦးစီးဌာန စီမံခန့်ခွဲမှုကော်မတီက တန်ဖိုးသတ်မှတ်ရာတွင် အလားတူ အထူးကုန်စည်အတွက် ပြည်ပမှတင်သွင်းရာတွင် သတ်မှတ်သည့် ကုန်းပေါ်ရောက်တန်ဖိုးနှင့် တစ်ပြေးညီဖြစ်စေရေး ဆောင်ရွက်ပေးရမည်။
(၃) ပြည်တွင်းသို့ တင်သွင်းခြင်းဖြစ်လျှင် ကုန်းပေါ်ရောက်တန်ဖိုးအပေါ်တွင် လည်းကောင်း။

| စဉ် | အထူးကုန်စည်အမျိုးအစား | တန်ဖိုးအဆင့် | အခွန်နှုန်း |
|---|---|---|---|
| ၁ | (က) စီးကရက်အမျိုးမျိုး။ | အလိပ် ၂၀ အထိပါ တစ်ဘူး ရောင်းဈေး ၁၀၀၀ ကျပ်အထိအဆင့်ဖြစ်လျှင် | တစ်လိပ်လျှင် ၁၅ ကျပ် |
| | (ခ) စီးကရက်အမျိုးမျိုး။ | အလိပ် ၂၀ အထိပါ တစ်ဘူး ရောင်းဈေး ၁၀၀၁ ကျပ်မှ ကျပ် ၂၀၀၀ အထိအဆင့် ဖြစ်လျှင် | တစ်လိပ်လျှင် ၂၈ ကျပ် |
| | (ဂ) စီးကရက်အမျိုးမျိုး။ | အလိပ် ၂၀ အထိပါ တစ်ဘူး ရောင်းဈေး ၂၀၀၁ ကျပ်နှင့် အထက်အဆင့်ဖြစ်လျှင် | တစ်လိပ်လျှင် ၃၁ ကျပ် |
| ၂ | ဆေးရွက်ကြီး။ | | ၆၀ ရာခိုင်နှုန်း |
| ၃ | ဗာဂျီးနီးယား ပေါင်းတင်ပြီးဆေး။ | | ၆၀ ရာခိုင်နှုန်း |
| ၄ | ဆေးပေါ့လိပ်။ | | တစ်လိပ်လျှင် ၃ ကျပ် |
| ၅ | ဆေးပြင်းလိပ်။ | | ၈၀ ရာခိုင်နှုန်း |
| ၆ | ဆေးတံသောက်ဆေးများ။ | | ၈၀ ရာခိုင်နှုန်း |
| ၇ | ကွမ်းစားဆေးအမျိုးမျိုး။ | | ၈၀ ရာခိုင်နှုန်း |
| ၈ | (က) အရက်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၇၀၀ ကျပ်မှ ကျပ် ၂၅၀၀ အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ၂၈၇ ကျပ် |
| | (ခ) အရက်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၂၅၀၁ ကျပ်မှ ကျပ် ၄၆၀၀ အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ၇၅၅ ကျပ် |
| | (ဂ) အရက်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၄၆၀၁ ကျပ်မှ ကျပ် ၇၂၀၀ အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ၁၂၈၉ ကျပ် |
| | (ဃ) အရက်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၇၂၀၁ ကျပ်မှ ကျပ် ၉၈၀၀ အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ၁၈၁၁ ကျပ် |
| | (င) အရက်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၉၈၀၁ ကျပ်မှ ကျပ် ၁၂၄၀၀ အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ၂၃၅၂ ကျပ် |
| | (စ) အရက်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၁၂၄၀၁ ကျပ်မှ ကျပ် ၁၅၀၀၀ အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ၂၈၉၅ ကျပ် |
| | (ဆ) အရက်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၁၅၀၀၁ ကျပ်မှ ကျပ် ၁၈၂၀၀ အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ၃၄၃၈ ကျပ် |
| | (ဇ) အရက်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၁၈၂၀၁ ကျပ်မှ ကျပ် ၂၁၄၀၀ အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ၃၉၈၁ ကျပ် |
| | (ဈ) အရက်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၂၁၄၀၁ ကျပ်မှ ကျပ် ၂၄၆၀၀ အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ၄၅၂၄ ကျပ် |
| | (ည) အရက်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၂၄၆၀၁ ကျပ်မှ ကျပ် ၂၇၈၀၀ အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ၅၀၆၈ ကျပ် |
| | (ဋ) အရက်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၂၇၈၀၁ ကျပ်မှ ကျပ် ၃၁၀၀၀ အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ၅၆၁၁ ကျပ် |
| | (ဌ) အရက်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၃၁၀၀၁ ကျပ်မှ ကျပ် ၃၄၂၀၀ အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ၆၃၇၉ ကျပ် |
| | (ဍ) အရက်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၃၄၂၀၁ ကျပ်မှ ကျပ် ၃၇၄၀၀ အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ၆၉၅၂ ကျပ် |
| | (ဎ) အရက်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၃၇၄၀၁ ကျပ်နှင့် အထက်အဆင့်ဖြစ်လျှင် | တစ်လီတာ တန်ဖိုး၏ ၆၀ ရာခိုင်နှုန်း |
| ၉ | ဘီယာအမျိုးမျိုး။ | | ၆၀ ရာခိုင်နှုန်း |

စာမျက်နှာ ၁၉ သို့

စာမျက်နှာ ၁၈ မှအဆက်

| | | | |
|---|---|---|---|
| ၁၀ | (က) ဝိုင်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၇၀၀ ကျပ်မှ ကျပ် ၃၅၀၀ အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ၂၅၀ ကျပ် |
| | ( ခ ) ဝိုင်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၃၅၀၁ ကျပ်မှ ကျပ် ၅၀၀၀ အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ၅၆၁ ကျပ် |
| | ( ဂ ) ဝိုင်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၅၀၀၁ ကျပ်မှ ကျပ် ၆၅၀၀ အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ၈၉၁ ကျပ် |
| | (ဃ) ဝိုင်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၆၅၀၁ ကျပ်မှ ကျပ် ၈၀၀၀ အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ၁၂၆၂ ကျပ် |
| | ( င ) ဝိုင်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၈၀၀၁ ကျပ် မှ ကျပ် ၉၅၀၀ အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ၁၇၉၉ ကျပ် |
| | ( စ ) ဝိုင်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၉၅၀၁ ကျပ်မှ ကျပ် ၁၁၅၀၀ အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ၂၂၉၄ ကျပ် |
| | (ဆ) ဝိုင်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၁၁၅၀၁ ကျပ်မှ ကျပ် ၁၃၅၀၀ အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ၂၇၇၃ ကျပ် |
| | ( ဇ ) ဝိုင်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၁၃၅၀၁ ကျပ်မှ ကျပ် ၁၅၅၀၀ အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ၃၂၈၄ ကျပ် |
| | ( ဈ ) ဝိုင်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၁၅၅၀၁ ကျပ်မှ ကျပ် ၁၉၀၀၀ အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ၃၇၇၉ ကျပ် |
| | (ည) ဝိုင်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၁၉၀၀၁ ကျပ်မှ ကျပ် ၂၃၅၀၀ အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ၄၃၅၆ ကျပ် |
| | ( ဋ ) ဝိုင်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၂၃၅၀၁ ကျပ်မှ ကျပ် ၂၆၀၀၀ အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ၅၀၁၆ကျပ် |
| | ( ဌ ) ဝိုင်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၂၆၀၀၁ ကျပ်မှ ကျပ် ၃၀၁၀၀ အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ၅၆၇၆ ကျပ် |
| | ( ဍ ) ဝိုင်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၃၀၁၀၁ ကျပ်နှင့် အထက်အဆင့်ဖြစ်လျှင် | တစ်လီတာ တန်ဖိုး၏ ၅၀ ရာခိုင်နှုန်း |
| ၁၁ | သစ်လုံး၊ သစ်ခွဲသားများ။ | | ၅ ရာခိုင်နှုန်း |
| ၁၂ | (က) ဘက်ထရီလျှပ်စစ်သုံး လူစီးယာဉ်။ | | ၅ ရာခိုင်နှုန်း |
| | (ခ) Double Cab 4 Door Pickup ကားများအပါအဝင် Pickup ကားများမှအပ ၁၅၀၁ CC မှ ၂၀၀၀ CC အထိ ဗင်ကားများ၊ ဆလွန်း၊ ဆီဒင်နှင့်ဝက်ဂွန် (Estate Wagon) ကားများ၊ ကူပေး (Coupe) ကားများ။ | | ၁၀ ရာခိုင်နှုန်း |
| | (ဂ) Double Cab 4 Door Pickup ကားများ အပါအဝင် Pickup ကားများမှအပ ၂၀၀၁ CC မှ ၄၀၀၀ CC အထိ ဗင်ကားများ၊ ဆလွန်း၊ ဆီဒင်နှင့် ဝက်ဂွန် (Estate Wagon)ကားများ၊ ကူပေး (Coupe) ကားများ။ | | ၃၀ ရာခိုင်နှုန်း |
| | (ဃ) Double Cab 4 Door Pickup ကားများ အပါအဝင် Pickup ကားများမှအပ ၄၀၀၁ CC နှင့် အထက် ဗင်ကားများ၊ ဆလွန်း၊ ဆီဒင်နှင့်ဝက်ဂွန် (EstateWagon) ကားများ၊ ကူပေး (Coupe) ကားများ။ | | ၅၀ ရာခိုင်နှုန်း |
| ၁၃ | ရေနံဆီ၊ ဓာတ်ဆီ၊ ဒီဇယ်ဆီ၊ ဂျက်လေယာဉ်ဆီ။ | | ၅ ရာခိုင်နှုန်း |
| ၁၄ | သဘာဝဓာတ်ငွေ့။ | | ၈ ရာခိုင်နှုန်း |

(ခ) အောက်ပါအထူးကုန်စည်များကို ပြည်ပသို့တင်ပို့ရောင်းချသူသည် ယင်းရောင်းရငွေအပေါ် ယှဉ်တွဲဖော်ပြပါ အခွန်နှုန်းများအတိုင်း အထူးကုန်စည်ခွန်ကျသင့်စေရမည်။ ဖော်ပြပါအထူးကုန်စည်များမှတစ်ပါး ကျန်အထူးကုန်စည်များကို ပြည်ပသို့တင်ပို့ခြင်းအတွက် အထူးကုန်စည်ခွန်မကျသင့်စေရ။ အခွန်ကျသင့်သည့် အထူးကုန်စည်ကို ပြည်ပသို့တင်ပို့ရောင်းချခြင်းအတွက် ကျသင့်အထူးကုန်စည်ခွန်မှ ကုန်စည်ကို ဝယ်ယူစဉ်၊ တင်သွင်းစဉ်၊ ထုတ်လုပ်စဉ်က ပေးဆောင်ခဲ့သည့် အထူးကုန်စည်ခွန်ကို သတ်မှတ်ချက်များနှင့်အညီ ခုနှိမ်ရမည် -

| စဉ် | ကုန်စည်အမျိုးအစား | အခွန်နှုန်း |
|---|---|---|
| ၁ | သစ်လုံး၊ သစ်ခွဲသားများ။ | ၁၀ ရာခိုင်နှုန်း |

(ဂ) အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ ယာယီတင်သွင်းခြင်း (Temporary Admission) သို့မဟုတ် ပြန်လျော့အကောက်ခွန် (Drawback)စနစ်ဖြင့် တင်သွင်းလာသောကုန်စည်များကို သတ်မှတ်ကာလအတွင်း ပြန်လည်တင်ပို့ခြင်းမပြုဘဲ ပြည်တွင်းသုံးစွဲခြင်းဖြစ်ပါက မူလကင်းလွတ်ခွင့်ပြုခဲ့သော အထူးကုန်စည်ခွန်ကို ပြန်လည်ပေးဆောင်ရမည်။

၁၂။ ဤဥပဒေအရ အခွန်ကျသင့်သည့် အထူးကုန်စည်များအနက် သမဝါယမကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍများက ပြည်တွင်း၌ထုတ်လုပ်ရောင်းချသည့် ဆေးရွက်ကြီး၊ ဆေးပေါ့လိပ်နှင့် ဆေးပြင်းလိပ် ထုတ်လုပ်ရောင်းချခြင်းအတွက် နှစ်တစ်နှစ်အတွင်း ထုတ်လုပ်ရောင်းရငွေ စုစုပေါင်း ကျပ်သိန်း ၂၀၀ တိုတိုထက် မပိုလျှင် အထူးကုန်စည်ခွန်စည်းကြပ်ခြင်းမပြုရ။

၁၃။ ဤဥပဒေ၏ အခန်း(၅)တွင် ဖော်ပြပါရှိသော စကားရပ်များ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်သည် အထူးကုန်စည်ခွန်ဥပဒေတွင် ဖော်ပြထားသည့်အတိုင်းဖြစ်စေရမည်။

## အခန်း (၆)
## ကုန်သွယ်လုပ်ငန်းခွန်

၁၄။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ ပုဒ်မ ၆ အရ ယင်းဥပဒေ၏ နောက်ဆက်တွဲဇယားများကို အောက်ပါအတိုင်း ပြဋ္ဌာန်းလိုက်သည် -

### ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ နောက်ဆက်တွဲဇယားများ

(က) အောက်ဖော်ပြပါ ကုန်စည်တစ်မျိုးမျိုးနှင့်စပ်လျဉ်း၍ ကုန်သွယ်လုပ်ငန်းခွန် မကျသင့်စေရ-

| စဉ် | ကုန်စည်အမျိုးအမည် |
|---|---|
| **စားသောက်ကုန်စည်များ** | |
| ၁ | စပါး၊ ဆန်၊ ဆန်ကွဲ၊ ဖွဲနု၊ ဖွဲကြမ်း၊ စပါးခွံ၊ ဂျုံစေ့၊ ဂျုံဖွဲနု၊ ဂျုံဖွဲကြမ်း၊ အစေ့ထုတ်ပြောင်းနှင့်ပြောင်းစေ့အမျိုးမျိုး။ |
| ၂ | ပဲလုံးအမျိုးမျိုး၊ ပဲခြမ်းအမျိုးမျိုး၊ ပဲမှုန့်အမျိုးမျိုး၊ ပဲဖွဲ၊ ပဲခွံများ၊ မြေပဲတောင့်၊ မြေပဲဆန်၊ နှမ်း၊ ပန်းနှမ်း၊ မြေပဲဖတ်၊ နှမ်းဖတ်၊ ဝါစေ့ဆီဖတ်၊ ဖွဲနုဆီဖတ် စသည့် ဆီကြိတ်ပြီးအဖတ်များ။ |
| ၃ | ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ အာလူး၊ ဟင်းခတ်အမွှေးအကြိုင်များဖြစ်သော အရွက် အသီး၊ အစေ့အခေါက်များ၊ ဟင်းခတ်မဆလာ၊ ငရုတ်သီး၊ ငရုတ်သီးမှုန့်၊ နနွင်း၊ နနွင်းမှုန့်၊ ချင်း၊ မန်ကျည်းမှည့်၊ ဆားအမျိုးမျိုး။ |
| ၄ | သစ်သီးစိမ်းအမျိုးမျိုး၊ ဟင်းသီးဟင်းရွက်များ။ |
| ၅ | လက်ဖက်စို၊ လက်ဖက်ခြောက်၊ လက်ဖက်အချိုခြောက်၊ ပြုပြင်ထုပ်ပိုးထားသည့် လက်ဖက်ခြောက်အမျိုးမျိုး။ |
| ၆ | ငါးစို၊ ပုစွန်စို၊ အသားစိုနှင့် ကြက်ဥ၊ ဘဲဥ စသည့်ဥအမျိုးမျိုး။ |
| ၇ | ပဲဆီ၊ နှမ်းဆီ။ |
| ၈ | ကြံ၊ သကြား၊ ထန်းလျက်၊ ကြံသကာ၊ ပဲနို့၊ နို့နှင့် နို့ထွက်ပစ္စည်းအမျိုးမျိုး၊ နို့ဆီ၊ နို့စိမ်း၊ နို့မှုန့်အမျိုးမျိုး၊ ဒိန်ချဉ်။ |
| ၉ | ခရင်မာ (Creamer) များ။ |
| ၁၀ | ငံပြာရည်အမျိုးမျိုး၊ ငါးခြောက်၊ ပုစွန်ခြောက်အမျိုးမျိုး၊ ငါးချဉ်၊ ပုစွန်ချဉ်အမျိုးမျိုး၊ ပုစွန်ဖွဲ၊ ငါးပေါင်းမှုန့်၊ ငါးပိအမျိုးမျိုး။ |
| **စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာကုန်စည်များ** | |
| ၁၁ | ပိုးစာရွက်၊ ပိုးအိမ်။ |
| ၁၂ | သက်ရှိတိရစ္ဆာန်၊ ငါး၊ ပုစွန်များ၊ ကုန်းနေသတ္တဝါများ၊ ရေနေသတ္တဝါများ၊ ကုန်းတစ်ပိုင်းရေတစ်ပိုင်းနေသတ္တဝါများ၊ ယင်းတို့၏ဥများ၊ သားလောင်းများ၊ သားပေါက်များ၊ မျိုးစိတ်များ၊ ရေတွင်ပေါက်ဖွားသည့် အပင်များနှင့်မျိုးစေ့များ၊ အပင်ပေါက်များ၊ ရေညှိရေမှော်များ။ |
| ၁၃ | စိုက်ပျိုးရေးလုပ်ငန်းများတွင် အပင်များကြီးထွားသန်မာပြီး သီးပွင့်မှုအားကောင်းစေရန် အသုံးပြုသော မြေဆီ၊ ဓာတ်မြေသြဇာအပါအဝင် မြေသြဇာအမျိုးမျိုး၊ လယ်ယာစိုက်ပျိုးရေးသုံး ပိုးသတ်ဆေးအမျိုးမျိုး၊ ပေါင်းသတ်ဆေးအမျိုးမျိုး၊ မှို၊ ဗက်တီးရီးယား၊ နီမတုတ်များနှင့် အခြားရောဂါကျရောက်မှုမရှိစေရေး စိုက်ပျိုးရေးသုံး ရောဂါကာကွယ်ဆေးနှင့် ရောဂါသတ်ဆေးအမျိုးမျိုး၊ မွေးမြူရေးသုံး ခြံဖျန်းဆေးအမျိုးမျိုး (စပရေး၊ ကြွက်သတ်ဆေးများမပါဝင်)၊ တိရစ္ဆာန်၊ ငါး၊ ပုစွန်သုံးဆေးဝါးများနှင့် ကာကွယ်ဆေးများ (စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ လက်မှတ်ရရှိပြီး ဆေးဝါးနှင့် ကာကွယ်ဆေးများအပါအဝင်နှင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ထုတ်ပေးသည့် ထောက်ခံချက်ရရှိထားသော ဆေးဝါးများအပါအဝင်)၊ တိရစ္ဆာန်၊ ငါး၊ ပုစွန်အစာထုတ်လုပ်ရန် ကုန်ကြမ်း၊ ကုန်ချောပစ္စည်းများ (အိမ်မွေးတိရစ္ဆာန်များအတွက် အသုံးပြုသော တိရစ္ဆာန်အစားအစာများမပါဝင်)။ |
| ၁၄ | ဆီအုန်း၊ နေကြာစေ့၊ ဝါစေ့၊ ဖရုံစေ့၊ ဖရဲစေ့၊ သီဟိုဠ်စေ့၊ ကွမ်းသီး၊ ကွမ်းသီးခွံ၊ သီးနှံများ၏ မျိုးကောင်းမျိုးသန့်၊ မျိုးစေ့၊ မျိုးပင်များ။ |
| ၁၅ | ဝါကုန်ကြမ်း၊ ဝါအမျိုးမျိုး၊ ဖာလာ၊ သနပ်ခါးနှင့် အခြားနေရာတွင် သီးခြားဖော်ပြထားခြင်းမရှိသည့် လယ်ယာကိုင်းကျွန်းဥယျာဉ်ထွက်ကုန်များ၊ အုန်းဆီ (စားအုန်းဆီမဟုတ်)။ |
| ၁၆ | အုန်းဆန်ချည်ခင်။ |
| ၁၇ | ထင်း၊ ဝါး၊ ကြိမ်အကြမ်းအချော၊ ထင်းအစားထိုးလောင်စာတောင့်။ |
| **ကျောင်းသုံး၊ ရုံးသုံးကုန်စည်များ** | |
| ၁၈ | ချိပ်များ၊ တံဆိပ်ခေါင်းအမျိုးမျိုး (အခွန်အမှတ်တံဆိပ်အပါအဝင်)။ |
| ၁၉ | နိုင်ငံတော်အလံ။ |
| ၂၀ | ကျောက်သင်ပုန်း၊ ကျောက်တံ၊ မြေဖြူ၊ ခဲတံလုပ်ရန်ခဲဆံ။ |
| ၂၁ | ကျောင်းသုံးစာအုပ်အမျိုးမျိုး၊ အခြေခံကျောင်း၊ တက္ကသိုလ်၊ ကောလိပ်အသီးသီးတွင် အသုံးပြုနိုင်သည့် ပညာအခြေပြု၊ အတတ်ပညာအခြေပြု စာအုပ်အမျိုးမျိုး၊ ဗလာစာအုပ်၊ ပုံဆွဲစာအုပ်အမျိုးမျိုး၊ သုတရသစာအုပ်၊ မဂ္ဂဇင်း၊ စာစောင်နှင့် သတင်းစာအမျိုးမျိုး၊ ယင်းစာအုပ်စာပေများထုတ်လုပ်ရန်စက္ကူများ (40 gsm မှ 80 gsm အတွင်းသာ)၊ ခဲတံအမျိုးမျိုး၊ ပေတံအမျိုးမျိုး၊ ခဲဖျက်အမျိုးမျိုး၊ ချွန်စက်အမျိုးမျိုး။ |

စာမျက်နှာ ၂၀ သို့

စာမျက်နှာ ၁၉ မှအဆက်

| စဉ် | ကုန်စည်အမျိုးအမည် |
|---|---|
| **ကျန်းမာရေးဆိုင်ရာကုန်စည်များ** | |
| ၂၂ | ပရဆေးများ။ |
| ၂၃ | ခြင်ဆေးအမျိုးမျိုး။ |
| ၂၄ | ပျားရည်၊ ပျားဖယောင်း။ |
| ၂၅ | ဓာတ်မှန်ဖလင်ကော်ပြား၊ ဓာတ်မှန်ရိုက်ပစ္စည်းကိရိယာ တန်ဆာပလာများနှင့် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနက သတ်မှတ်သည့် ဆေးဘက်ဆိုင်ရာသုံးပစ္စည်းကိရိယာ တန်ဆာပလာများ၊ ဆေးဂွမ်း၊ ဆေးဝတ်၊ ဆေးပတ်တီး၊ ဆေးထည့်ရန် ဆေးရုံသုံးပစ္စည်းများ၊ ဆေးရုံသုံးတစ်ခါသုံးနှာခေါင်းစည်း၊ ခေါင်းစည်း၊ လက်အိတ် (Surgical Glove)၊ တုပ်ကွေး ရောဂါကူးစက်ခြင်းအား ကာကွယ်ရန်တပ်ဆင်သည့် နှာခေါင်းစည်း၊ အိမ်သုံးဆေးဝါး၊ အခြား လူသုံးဆေးဝါးအမျိုးမျိုးနှင့် တိုင်းရင်းဆေးဝါးအမျိုးမျိုး (ဥပဒေ၊ နည်းဥပဒေများဖြင့် ကန့်သတ်ထားသော ဆေးဝါးများမှအပ FDA မှတ်ပုံတင်လက်မှတ်ရရှိပြီး ဆေးဝါးများ၊ တိုင်းရင်းဆေးဝါး ကုန်ကြမ်းများအပါအဝင် ဆေးဝါးကုန်ကြမ်းများ)။ |
| ၂၆ | ကွန်ဒုံး(Condom)။ |
| **ဘာသာရေးနှင့် လူမှုရေးသုံးကုန်စည်များ** | |
| ၂၇ | စိပ်ပုတီးအမျိုးမျိုး (အဖိုးတန်ကျောက်မျက်ရတနာဖြင့် ပြုလုပ်သည့် စိပ်ပုတီးများမပါဝင်)၊ သာသနာရေးဆိုင်ရာ အဝတ်အထည်များ။ |
| ၂၈ | မီးသတ်ယာဉ်များ၊ ရှာဖွေကယ်ဆယ်ရေးယာဉ်များ၊ နာရေးယာဉ်များ။ |
| **သယ်ယူပို့ဆောင်ရေးဆိုင်ရာကုန်စည်များ** | |
| ၂၉ | စွမ်းအင်ဝန်ကြီးဌာနက နိုင်ငံခြားသံရုံးများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် နိုင်ငံခြားသံတမန်များသို့ ရောင်းချပေးသည့် စက်သုံးဆီများ။ |
| ၃၀ | ပြည်တွင်းပြည်ပ ပျံသန်းသည့်ခရီးစဉ်တွင် အသုံးပြုရန်ရောင်းချသည့် ဂျက်လေယာဉ်ဆီ။ |
| ၃၁ | လေယာဉ်သုံး သို့မဟုတ် ရဟတ်ယာဉ်သုံးစက်၊ စက်ကိရိယာ၊ ပစ္စည်းကိရိယာနှင့် ယင်းတို့၏ အရန်နှင့်အပိုပစ္စည်း။ |
| **စက်မှုလုပ်ငန်းသုံးကုန်စည်များ** | |
| ၃၂ | အရောင်ချွတ်ဖတ် (အရောင်ချွတ်ရာတွင်အသုံးပြုသည့် Hypochloride များသာ)၊ ဆပ်ပြာမှုန့်ပြုလုပ်မည့်ကုန်ကြမ်း၊ ဆပ်ပြာပြုလုပ်မည့်ကုန်ကြမ်း၊ ဆပ်ပြာကြမ်း။ |
| ၃၃ | ဂုန်လျှော်နှင့် အခြားလျှော်များ၊ ရော်ဘာ(ခေါ်)ကြက်ပေါင်စေး၊ လျှော်ဖြူစေး(ခေါ်) ဆေးကုလားမ။ |
| ၃၄ | လယ်ယာနှင့် မွေးမြူရေးလုပ်ငန်းသုံးကိရိယာများ၊ လယ်ယာနှင့် မွေးမြူရေးလုပ်ငန်းသုံးစက်နှင့် စက်အပိုပစ္စည်းများ၊ ထွန်စက်များ၊ မြေပြုပြင်ထွန်ယက်သည်မှ သီးနှံရိတ်သိမ်းခြွေလှေ့အခြောက်ခံသည်အထိ လူ သို့မဟုတ် တိရစ္ဆာန်၏ လုပ်အားနှင့် တွဲဖက်၍သော်လည်းကောင်း၊ စက်စွမ်းအား သီးသန့်သော်လည်းကောင်း ဆောင်ရွက်နိုင်သောကိရိယာ၊ စက်နှင့် စက်အပိုပစ္စည်းအမျိုးမျိုး (မော်တော်ယာဉ်ဥပဒေအရ မှတ်ပုံတင်ရန်လိုအပ်သော ယာဉ်ယန္တရားများမှအပ)၊ မွေးမြူရေးလုပ်ငန်းသုံးကိရိယာများ၊ မွေးမြူရေးလုပ်ငန်းသုံးစက်နှင့် စက်အပိုပစ္စည်းများ၊ မျိုးမြှင့်သားစပ်ရာတွင်အသုံးပြုရန် မျိုးရည်၊ မျိုးချောင်း၊ မျိုးဥ (အေးခဲမျိုးရည်အပါအဝင် သန္ဓေသားလောင်းနှင့် မေထုန်မဲ့သားစပ်လုပ်ငန်းသုံးကိရိယာများ)။ |
| ၃၅ | နေရောင်ခြည်စွမ်းအင်များ ထုတ်လုပ်ပေးနိုင်သည့်အချပ်များ [PV Module/ Solar Module / PV Panel / Solar Panel / Solar Panel 92 Watt CIGS (Copper Indium Gallium Selenide)]၊ နေရောင်ခြည်စွမ်းအင်သုံး ပေါင်းစပ်ထိန်းချုပ်ကိရိယာ [PV / Solar (Hybrid/ Smart Array) Controller, Charge Controller for PV / Solar]၊ နေရောင်ခြည်စွမ်းအင်သုံး အင်ဗာတာ (စထရင်း/ပေါင်းစပ်/ဘက်ထရီ/နှစ်မျိုးသုံး/ပင်မ) [PV / Solar Inverter (String/ Hybrid / Battery / Bidirectional / Central)]၊ အိမ်သုံးတပ်ဆင်မှုပုံစံများ (ခေါင်မိုးနှင့် မြေပြင်တွင်တပ်ဆင်ခြင်း) [PV / Solar Mounted Structure, Solar /PV Mounted Frames, Solar/ PV Mounted Kits (Roof and Ground Mounted)]၊ နေရောင်ခြည်စွမ်းအင်တပ်ဆင်မှုစနစ် (ရေပေါ်တွင်တပ်ဆင်ခြင်း) [PV/ Solar Mounted System (Floating)]၊ နေရောင်ခြည်စွမ်းအင်သုံး ထိန်းချုပ်ကိရိယာနှင့် ဘက်ထရီပုံး [(PV / Solar Controller and Battery Box) (PV / Solar Controller နှင့် Battery တွဲလျက်တင်သွင်းခြင်းအတွက်သာ)]။ |
| ၃၆ | လက်ခစားအပ်ကုန်စနစ်ဖြင့် ကုန်ချောကုန်စည် ထုတ်လုပ်ပေးခြင်းအတွက် အသုံးပြုရန် ပြည်ပနေလုပ်ငန်းအပ်နှံသူမှ ပေးပို့သည့်ကုန်ကြမ်း သို့မဟုတ် အစိတ်အပိုင်းအဖြစ် တိုက်ရိုက် အသုံးပြုရသည့် ကုန်စည်များ၊ ထွက်ရှိလာမည့် ကုန်ချောကိုထုပ်ပိုးရာတွင် အသုံးပြုသည့် ကုန်စည်များ၊ လက်ခစား အပ်ကုန်စနစ်ဖြင့် ဆောင်ရွက်သည့် လုပ်ငန်းများက လုပ်ငန်း လိုအပ်ချက်အရ ပြန်လည်ရောင်းချရန် မဟုတ်သည့် တင်သွင်းလာသော စက်ပစ္စည်းများ၊ စက်ကိရိယာများ၊ ပစ္စည်းကိရိယာနှင့် ယင်းတို့၏ အရန်နှင့်အပိုပစ္စည်းများ။ |
| **ကာကွယ်ရေးဆိုင်ရာကုန်စည်များ** | |
| ၃၇ | နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ နိုင်ငံတော်အဖွဲ့အစည်းများသုံး လက်နက်ကိရိယာများ၊ ယာဉ်ယန္တရားများ၊ ပစ္စည်းနှင့် ကိရိယာများ၊ ယင်းတို့၏ အရန်နှင့် အပိုပစ္စည်းများ၊ နယ်ဘက်ဌာနသုံး ယမ်းမှုန့်အမျိုးမျိုး၊ ယမ်းဘီလူးအမျိုးမျိုးနှင့် ဆက်စပ်ပစ္စည်းများ (ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ခွင့်ပြုချက်ဖြင့် တင်သွင်းသော ပစ္စည်းအမျိုးအမည်များသာ)၊ ကာကွယ်ရေးဝန်ကြီးဌာနအတွက် ခွဲဝေလျာထားပေးသည့် ရသုံးမှန်းခြေငွေစာရင်းပါ အသုံးစရိတ်မှကျခံ၍ တပ်မတော်တွင်အသုံးပြုရန်နှင့် တပ်မတော်သားများ စားသုံးရန်ဝယ်ယူသည့်ကုန်စည်များ။ |
| **ကျောက်မျက်ရတနာနှင့် တွင်းထွက်ကုန်စည်များ** | |
| ၃၈ | ပြည်ထောင်စုအစိုးရက ကြီးမှူးကျင်းပသော မြန်မာ့ကျောက်မျက်ရတနာ ပြည်တွင်းပြပွဲများတွင် ရောင်းချသော ကျောက်စိမ်း၊ ပတ္တမြား၊ နီလာ၊ ကျောက်မျက်ရတနာ အရိုင်းထည်၊ အချောထည်များ။ |
| ၃၉ | ရေနံချေး။ |
| **အထွေထွေကုန်စည်များ** | |
| ၄၀ | ပြည်ပသို့ထွက်ခွာမည့်ခရီးသည်များကို သီးခြားသတ်မှတ်ထားသည့်နေရာတွင် ရောင်းချသည့် ပစ္စည်းများ။ |
| ၄၁ | နှစ်နိုင်ငံအကြား အပြန်အလှန်အခွင့်အရေးမူ ကျင့်သုံးသော မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများ၊ ကောင်စစ်ဝန်ချုပ်ရုံးများနှင့် ယင်းတို့၏ အဖွဲ့ဝင်များအသုံးပြုမည့် အပြန်အလှန် အခွင့်အရေးမူနှင့် အကျုံးဝင်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနက ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် အတည်ပြုထောက်ခံသည့် ကုန်စည်များ။ |
| ၄၂ | ပြည်တွင်းရှိကုလသမဂ္ဂအဖွဲ့အစည်းများမှ အဖွဲ့အစည်းအမည်ဖြင့် ပြည်တွင်း ပြည်ပမှ ဝယ်ယူသည့်ကုန်စည်များ။ |
| ၄၃ | ပြည်တွင်းပြည်ပအဖွဲ့အစည်းများက နိုင်ငံတော်သို့လှူဒါန်းသည့်ငွေ သို့မဟုတ် နိုင်ငံတော်သို့ ထောက်ပံ့သည့်ငွေဖြင့်ဝယ်ယူသော ကုန်စည်များ။ |
| ၄၄ | နိုင်ငံတော်၏လိုအပ်ချက်အရ ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့က အမိန့်ကြော်ငြာစာထုတ်ပြန်၍ အခွန်ကင်းလွတ်ခွင့်ပြုသည့် ကုန်စည်များ။ |
| ၄၅ | အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ ယာယီတင်သွင်းခြင်း (Temporary Admission) သို့မဟုတ် ပြန်လျော့အကောက်ခွန် (Drawback) စနစ်ဖြင့် တင်သွင်းလာသောကုန်စည်များ။ |
| ၄၆ | ကုန်စည်ချို့ယွင်းပျက်စီးမှုကြောင့် အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ ပြည်ပသို့တင်ပို့၍ ပြင်ဆင်ပြီး ပြန်လည်တင်သွင်းခြင်း (Repair and Return) စနစ်ဖြင့် မူရင်းကုန်စည်၏ အခြေအနေပျက်ယွင်းမှုမရှိဘဲ ပြန်လည်တင်သွင်းလာသောကုန်စည်များ။ |

(ခ) ပုဒ်မခွဲ (က) တွင် ဖော်ပြပါရှိသည့် ကုန်စည်များမှတစ်ပါး အခြားကုန်စည်တစ်မျိုးမျိုးကို ပြည်တွင်း၌ ထုတ်လုပ်ရောင်းချခြင်းဖြစ်ပါက ရောင်းရငွေအပေါ်တွင်လည်းကောင်း၊ ပြည်ပမှတင်သွင်းခြင်းဖြစ်ပါက ကုန်းပေါ်ရောက်တန်ဖိုးအပေါ်တွင်လည်းကောင်း ၅ ရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရမည်။ ဤဥပဒေ၏ ပုဒ်မ ၁၁ ပါ အထူးကုန်စည်တစ်မျိုးမျိုးကို ပြည်တွင်း၌ ထုတ်လုပ်ရောင်းချခြင်းဖြစ်ပါက အထူးကုန်စည်ခွန် အပါအဝင်ဖြစ်သော ရောင်းရငွေအပေါ်တွင်လည်းကောင်း၊ ပြည်ပမှတင်သွင်းခြင်းဖြစ်ပါက အထူးကုန်စည်ခွန် အပါအဝင်ဖြစ်သော ကုန်းပေါ်ရောက် တန်ဖိုးအပေါ်တွင်လည်းကောင်း ၅ ရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရမည်။

(ဂ) မည်သူမဆို ဤဥပဒေနှင့်အညီ ကင်းလွတ်ခွင့်ပြုထားသော ကုန်စည်နှင့် ကုန်သွယ်မှု ဆောင်ရွက်ခြင်းမှတစ်ပါး ပုဒ်မ ၁၁ ပါ အထူးကုန်စည်များအပါအဝင် အောက်ဖော်ပြပါလုပ်ငန်းများ ဆောင်ရွက်ခြင်းအတွက် ရောင်းရငွေအပေါ် ၅ ရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရမည်-

(၁) ကုန်စည်တင်သွင်း၍ ပြည်တွင်း၌ပြန်လည်ရောင်းချခြင်း၊

(၂) ကုန်သွယ်မှုဆောင်ရွက်ခြင်း။

(ဃ)အောက်ဖော်ပြပါ ဝန်ဆောင်မှုလုပ်ငန်းများအား ကုန်သွယ်လုပ်ငန်းခွန် မကျသင့်စေရ-

| စဉ် | ဝန်ဆောင်မှုအမျိုးအမည် |
|---|---|
| **နိုင်ငံခြားရေးကဏ္ဍ** | |
| ၁ | နှစ်နိုင်ငံအကြား အပြန်အလှန်အခွင့်အရေးမူ ကျင့်သုံးသော မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများ၊ ကောင်စစ်ဝန်ချုပ်ရုံးများနှင့် ယင်းတို့၏အဖွဲ့ဝင်များ ရယူသည့် အပြန်အလှန်အခွင့်အရေးမူနှင့် အကျုံးဝင်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနက ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် အတည်ပြုထောက်ခံသည့် ဝန်ဆောင်မှုလုပ်ငန်းများ။ |
| ၂ | ပြည်တွင်းရှိ ကုလသမဂ္ဂအဖွဲ့အစည်းများမှ အဖွဲ့အစည်းအမည်ဖြင့် ပြည်တွင်းမှရယူသည့် ဝန်ဆောင်မှုလုပ်ငန်း။ |
| **ကာကွယ်ရေးကဏ္ဍ** | |
| ၃ | ကာကွယ်ရေးဝန်ကြီးဌာန၏ လုံခြုံရေးနှင့်ဆိုင်သော ပုံနှိပ်လုပ်ငန်းမှ ပုံနှိပ်ထုတ်ဝေမှု ဝန်ဆောင်မှုလုပ်ငန်း။ |
| **သာသနာရေးနှင့် ယဉ်ကျေးမှုကဏ္ဍ** | |
| ၄ | ယဉ်ကျေးမှုအနုပညာ ဝန်ဆောင်မှုလုပ်ငန်း။ |
| **ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍ** | |
| ၅ | ယာဉ်များရပ်နားရန်နေရာငှားရမ်းခြင်း ဝန်ဆောင်မှုလုပ်ငန်း။ |
| ၆ | ကုန်စည်သယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်း (ပိုက်လိုင်းဖြင့် သယ်ယူပို့ဆောင်ရေးမှ အပဖြစ်သည့် ရထား၊ မော်တော်ယာဉ်၊ ရေယာဉ်၊ လေယာဉ်၊ ဝန်ချီစက်များဖြင့် သယ်ပို့ပေးခြင်း)။ |
| ၇ | နေအိမ်ရွှေ့ပြောင်းခြင်းဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း။ |
| ၈ | လမ်းအသုံးပြုခကောက်ခံသည့် ဝန်ဆောင်မှုလုပ်ငန်း။ |
| ၉ | ပြည်တွင်း သို့မဟုတ် ပြည်ပခရီးစဉ်များတွင် ခရီးသည်များကို အဖိုးအခ တစ်ရပ်ရပ်ရယူ၍ လေယာဉ်ဖြင့်ပို့ဆောင်သော ဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၀ | အများပြည်သူခရီးသည် သယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၁ | အစိုးရကဆောင်ရွက်သည့် စာတိုက်ဝန်ဆောင်မှုလုပ်ငန်း။ |
| **ပညာရေးနှင့် ပြန်ကြားရေးကဏ္ဍ** | |
| ၁၂ | ပညာရေးဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၃ | စာအုပ်စာပေ၊ မဂ္ဂဇင်း၊ စာစောင်၊ သတင်းစာထုတ်ဝေရေးဝန်ဆောင်မှုလုပ်ငန်း။ |
| **ကျန်းမာရေးကဏ္ဍ** | |
| ၁၄ | ခန္ဓာကိုယ်အလှပြုပြင်ခြင်းမှအပဖြစ်သည့် ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၅ | ရိုးရာအကြောပြင် ဝန်ဆောင်မှုလုပ်ငန်း၊ မျက်မမြင်အကြောပြင် ဝန်ဆောင်မှုလုပ်ငန်း။ |

စာမျက်နှာ ၂၁ သို့

စာမျက်နှာ ၂၁ မှအဆက်

(ဃ) ဝင်ငွေခွန်ဥပဒေတွင် မည်သို့ပင်ပြဋ္ဌာန်းပါရှိစေကာမူ မည်သူမဆို မြေငှားရမ်းခြင်း၊ အဆောက်အအုံငှားရမ်းခြင်းနှင့် အခန်းငှားရမ်းခြင်းတို့မှရရှိသော စုစုပေါင်းငှားရမ်းခရငွေအပေါ် ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ နှင့် ၆-က တို့အရ သက်သာခွင့်များ နုတ်ပယ်ပြီးနောက် ကျန်ဝင်ငွေအပေါ် ၁၀ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်သီးခြားစည်းကြပ်ရမည်။ အခြားဝင်ငွေများနှင့်ပူးပေါင်း၍ ထပ်မံစည်းကြပ်ခြင်း မပြုရ။ သို့ရာတွင် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ထုတ်ပေးသည့် ခွင့်ပြုမိန့်ဖြင့်ဆောင်ရွက်သော လုပ်ငန်းများ၊ ကုမ္ပဏီများ၊ သမဝါယမအသင်းများ ဖြစ်ပါက အခွန်ထမ်းအမျိုးအစားအလိုက် သီးခြားသတ်မှတ်ပေးထားသော အခွန်နှုန်းများဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။

(င) အစုစပ်လုပ်ငန်းများဖြစ်ပါက ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ နှင့် ၆-က တို့အရ သက်သာခွင့်များ နုတ်ပယ်ပြီးနောက် ကျန်ဝင်ငွေအပေါ် ပုဒ်မခွဲ (ဂ) ဇယားပါ အခွန်နှုန်းများဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။

(စ) ဤပုဒ်မပါ အခွန်နှုန်းများသည် ဝင်ငွေရရှိသူတစ်ဦးဦး သို့မဟုတ် ဝင်ငွေအမျိုးအစား တစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ သီးခြားအခွန်နှုန်း သတ်မှတ်ထားသည့် အခွန်ထမ်းများနှင့် သက်ဆိုင်ခြင်းမရှိစေရ။

၂၀။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ ပုဒ်မခွဲ(က)ပုဒ်မခွဲငယ် (၁) နှင့် (၂)တို့အရ အခြေခံသက်သာခွင့် ခွင့်ပြုငွေသည် ဝင်ငွေအမျိုးအစားတစ်ခုစီ၏ ၂၀ ရာခိုင်နှုန်းနှင့် ညီမျှသောငွေ ဖြစ်ရမည်။ သို့ရာတွင် နှစ်တစ်နှစ်အတွက် အခြေခံသက်သာခွင့် ခွင့်ပြုငွေစုစုပေါင်းသည် ကျပ်သိန်း ၁၀၀ ထက်မပိုစေရ။

၂၁။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၂) အရ သက်သာခွင့် ခွင့်ပြုငွေမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) အတူနေမိဘတစ်ဦးလျှင် ကျပ် ၁၀ သိန်းစီ၊

(ခ) အိမ်ထောင်ဖက်တစ်ဦးအတွက်သာလျှင် ကျပ် ၁၀ သိန်း၊

(ဂ) သားသမီးတစ်ဦးလျှင် ကျပ် ၅ သိန်းစီ။

၂၂။ (က) ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ နှင့် ၆-က တို့အရ သက်သာခွင့်များနုတ်ပယ်ခြင်းမပြုဘဲ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၈ ပုဒ်မခွဲ(က)ပါ ဝင်ငွေခေါင်းစဉ်များအနက် လစာမှအပ ပြည်ပနေနိုင်ငံသား၏ နိုင်ငံခြားငွေဖြင့် ပြည်ပတွင်ရရှိသည့် စုစုပေါင်းဝင်ငွေအပေါ် ရရှိသည့် နိုင်ငံခြားငွေအမျိုးအစားဖြင့် ၁၀ ရာခိုင်နှုန်း ဝင်ငွေခွန်စည်းကြပ်ရမည်။

(ခ) ဝင်ငွေခွန်နည်းဥပဒေများတွင် မည်သို့ပင်ပြဋ္ဌာန်းပါရှိစေကာမူ ပြည်ပနေနိုင်ငံသား၏ နိုင်ငံခြားငွေဖြင့် ပြည်ပတွင်ရရှိသည့် စုစုပေါင်းလစာဝင်ငွေအပေါ် အောက်ပါနည်းလမ်း ၂ ရပ်အနက် နည်းရာကျသင့်အခွန်ကို ရရှိသည့် နိုင်ငံခြားငွေအမျိုးအစားဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်-

(၁) ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ အရ သက်သာခွင့်များ နုတ်ပယ်ပြီး ဤဥပဒေ၏ ပုဒ်မ ၁၉ ပုဒ်မခွဲ(ဂ) ပါ အခွန်နှုန်းထားဖြင့် ဝင်ငွေခွန်စည်းမျဉ်းများ စည်းမျဉ်း ၈ ပါ ပြဋ္ဌာန်းချက်နှင့်အညီ တွက်ချက်၍ စည်းကြပ်ခြင်း၊

(၂) ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ နှင့် ၆-က တို့အရ သက်သာခွင့်များ နုတ်ပယ်ခြင်းမပြုဘဲ ၂ ရာခိုင်နှုန်းဖြင့် တွက်ချက်၍ စည်းကြပ်ခြင်း။

(ဂ) ဤပုဒ်မအရ တွက်ချက်ရရှိသည့် အခွန်မှတွက်ချက်သည့် ဝင်ငွေအမျိုးအစားအလိုက် ပြည်ပတွင် ပေးဆောင်ခဲ့ရသည့် အခွန်ကို ခုနှိမ်ပေးရမည်။

၂၃။ ကိုဗစ်-၁၉ (Coronavirus Disease 2019) ကပ်ရောဂါကြောင့် နှောင့်နှေးလျက်ရှိသည့် စီးပွားရေးလုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံမှုများ ပြန်လည်တိုးတက်မှုရှိလာစေရေး အားပေးမြှင့်တင်ရန်အလို့ငှာ-

(က) အောက်ဖော်ပြပါ အခွန်ထမ်းအမျိုးအစားများနှင့်ပတ်သက်၍ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ အရ သက်သာခွင့်များနုတ်ပယ်ခြင်းမပြုဘဲ စုစုပေါင်းအသားတင် အမြတ်ဝင်ငွေအပေါ် ၂၂ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည် -

(၁) မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရဖြစ်စေ၊ ၁၉၅၀ ပြည့်နှစ်၊ အထူးကုမ္ပဏီ အက်ဥပဒေအရဖြစ်စေ မြန်မာနိုင်ငံ၌ မှတ်ပုံတင်၍ ဖွဲ့စည်းတည်ထောင်ထားသည့်ကုမ္ပဏီ၊

(၂) ပြည်ပနေနိုင်ငံခြားသား၏ လစာခေါင်းစဉ်မှတစ်ပါး အခြားဝင်ငွေ၊

(၃) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ထုတ်ပေးသည့် ခွင့်ပြုမိန့်ဖြင့် ဆောင်ရွက်သော လုပ်ငန်း၊

(၄) နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ။

(ခ) အခြေခံသမဝါယမအသင်းမှအပဖြစ်သော သမဝါယမအသင်းများ၏ အသားတင်အမြတ်ဝင်ငွေမှ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ နှင့် ၆-က တို့အရ သက်သာခွင့်များ နုတ်ပယ်ပြီးနောက် ကျန်ဝင်ငွေအပေါ် ၂၂ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။

(ဂ) ရန်ကုန်စတော့အိပ်ချိန်းစာရင်းဝင် အများပိုင်ကုမ္ပဏီများအပေါ် ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ အရ သက်သာခွင့်များ နုတ်ပယ်ခြင်းမပြုဘဲ စုစုပေါင်း အသားတင်အမြတ်ဝင်ငွေအပေါ် ၁၇ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။ ထို့ပြင် ရန်ကုန်စတော့အိပ်ချိန်းသို့ အသစ်ဝင်ရောက်သည့်ကုမ္ပဏီများသည် ယခင်ကဝင်ငွေခွန်အပြည့်အဝ ထမ်းဆောင်ရန် ပျက်ကွက်မှုရှိပါက ရန်ကုန်စတော့အိပ်ချိန်းစာရင်းဝင်သည့် ဘဏ္ဍာရေးနှစ်မတိုင်မီ ပြီးခဲ့သည့်ဘဏ္ဍာရေးနှစ် ၂ နှစ်အတွက် ဝင်ငွေအမှန်ကို ဖော်ထုတ်၍ ကျသင့်ဝင်ငွေခွန် ပေးဆောင်ရမည်ဖြစ်ပြီး ယင်းကျသင့်ဝင်ငွေခွန်ကို အပြည့်အဝ ပေးသွင်းပြီးဖြစ်ပါက အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေအရ ဒဏ်ကြေးငွေတပ်ရိုက်ခြင်း၊ တရားစွဲဆိုခြင်းတို့မှ ကင်းလွတ်ခွင့်ရှိစေရမည်။

၂၄။ (က) မြန်မာနိုင်ငံ၏ ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ်ခြင်းကဏ္ဍတွင် ပါဝင်လုပ်ကိုင်သည့် ပုဂ္ဂိုလ်စုဖြစ်လျှင် ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ အရ သက်သာခွင့်များ နုတ်ပယ်ခြင်းမပြုဘဲ စုစုပေါင်းအသားတင်အမြတ်ဝင်ငွေအပေါ် ၂၅ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန် စည်းကြပ်ရမည်။

(ခ) ပြည်ပနေနိုင်ငံခြားသားဖြစ်လျှင် ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ နှင့် ၆-က တို့အရ သက်သာခွင့်များ နုတ်ပယ်ခြင်းမပြုရ။ ယင်း၏စုစုပေါင်းဝင်ငွေအပေါ် လစာခေါင်းစဉ်မှဝင်ငွေဖြစ်ပါက ဤဥပဒေ ပုဒ်မ ၁၉ ပုဒ်မခွဲ(ဂ)ပါ အခွန်နှုန်းများအတိုင်း ဝင်ငွေခွန်စည်းကြပ်ရမည်။

၂၅။ (က) ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ နှင့် ၆-က တို့အရ သက်သာခွင့်များနုတ်ပယ်ခြင်းမပြုဘဲ စည်းကြပ်မှုမှလွတ်ကင်းနေသော ဝင်ငွေအပေါ် ၃၀ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။ သို့ရာတွင် ကိုဗစ်-၁၉ (Coronavirus Disease 2019) ကပ်ရောဂါကြောင့် နှောင့်နှေးလျက်ရှိသည့် စီးပွားရေးလုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံမှုများ ပြန်လည်တိုးတက်မှုရှိလာစေရေး အားပေးမြှင့်တင်ရန်အလို့ငှာ နိုင်ငံသားမည်သူမဆို အခြေပစ္စည်းတစ်ရပ်ရပ်ကို ဝယ်ယူခြင်း၊ တည်ဆောက်ခြင်း၊ ရယူခြင်းနှင့် လုပ်ငန်းအသစ်တည်ထောင်ခြင်း၊ လုပ်ငန်းထပ်မံတိုးချဲ့ဆောင်ရွက်ခြင်းတို့အတွက် အသုံးပြုသည့်ဝင်ငွေမှ ဝင်ငွေရလမ်းတင်ပြနိုင်သည့် ဝင်ငွေရှိပါက ယင်းဝင်ငွေအား နုတ်ပယ်ပြီး ကျန်စည်းကြပ်မှုမှလွတ်ကင်းနေသော ဝင်ငွေအပေါ်တွင်လည်းကောင်း၊ ဝင်ငွေရလမ်းတင်ပြနိုင်ခြင်းမရှိပါက အသုံးပြုသည့် ဝင်ငွေအပေါ်တွင်လည်းကောင်း အောက်ဖော်ပြပါ အခွန်နှုန်းအတိုင်း ဝင်ငွေခွန် စည်းကြပ်ရမည်။ အသုံးပြုသည့် ဝင်ငွေအားလုံးအပေါ် ဝင်ငွေရလမ်းအတိအကျ တင်ပြနိုင်ပါက ဝင်ငွေခွန်ထမ်းဆောင်ရန်မလို။ ဤပုဒ်မအရ အခွန်စည်းကြပ်ခြင်းသည် တရားမဝင်ရရှိသည့်ပစ္စည်းများပိုင်ဆိုင်ခြင်း၊ ရောင်းဝယ်ခြင်းတို့နှင့်လည်းကောင်း၊ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေအရ အရေးယူသည့်ကိစ္စရပ်များနှင့်လည်းကောင်း သက်ဆိုင်ခြင်းမရှိစေရ -

| စဉ် | ဝင်ငွေ(ကျပ်) | | ဝင်ငွေခွန်နှုန်း |
|---|---|---|---|
| | မှ | ထိ | |
| ၁ | ၁ | ၃၀၀,၀၀၀,၀၀၀ | ၃ ရာခိုင်နှုန်း |
| ၂ | ၃၀၀,၀၀၀,၀၀၁ | ၆၀၀,၀၀၀,၀၀၀ | ၅ ရာခိုင်နှုန်း |
| ၃ | ၆၀၀,၀၀၀,၀၀၁ | ၁,၀၀၀,၀၀၀,၀၀၀ | ၁၀ ရာခိုင်နှုန်း |
| ၄ | ၁,၀၀၀,၀၀၀,၀၀၁ | ၃,၀၀၀,၀၀၀,၀၀၀ | ၁၅ ရာခိုင်နှုန်း |
| ၅ | ၃,၀၀၀,၀၀၀,၀၀၁ နှင့်အထက် | | ၃၀ ရာခိုင်နှုန်း |

(ခ) ပုဒ်မခွဲ(က)ပါ စည်းကြပ်မှုမှလွတ်ကင်းနေသောဝင်ငွေဆိုသည်မှာ ၂၀၂၇ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့ မတိုင်မီ စည်းကြပ်မှုမှလွတ်ကင်းနေသော ဝင်ငွေကိုဆိုသည်။

(ဂ) ပုဒ်မခွဲ(က)ပါ အခွန်နှုန်းများကို နိုင်ငံတော်၏ စီးပွားရေးအခြေအနေနှင့် နိုင်ငံတကာသက်ရောက်မှု အခြေအနေများကို သုံးသပ်၍ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနသည် ပြင်ဆင်သတ်မှတ်မှုများကို ဆောင်ရွက်ရန်လိုအပ်ပါက ပြည်ထောင်စုအစိုးရအဖွဲ့မှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရမည်။

၂၆။ သမဝါယမအသင်းဥပဒေအရ မှတ်ပုံတင်ဖွဲ့စည်းထားသည့် အခြေခံသမဝါယမအသင်းများ၏ အသားတင်အမြတ်ဝင်ငွေမှ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ နှင့် ၆-က တို့အရ သက်သာခွင့်များ နုတ်ပယ်ပြီးနောက် ကျန်ဝင်ငွေအပေါ် ဤဥပဒေ ပုဒ်မ ၁၉ ပုဒ်မခွဲ (ဂ) ပါ အခွန်နှုန်းများဖြင့် ဝင်ငွေခွန် စည်းကြပ်ရမည်။

၂၇။ အခြေပစ္စည်းတစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ ရောင်းချခြင်း၊ လဲလှယ်ခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းမှ မြတ်စွန်းငွေရရှိလျှင် ထိုသို့မြတ်စွန်းသည့် ကျပ်ငွေ သို့မဟုတ် နိုင်ငံခြားငွေအပေါ် ဝင်ငွေခွန် ဥပဒေ ပုဒ်မ ၆ နှင့် ၆-က တို့အရ သက်သာခွင့်များ နုတ်ပယ်ခြင်းမပြုဘဲ -

(က) မြန်မာနိုင်ငံ၏ ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ်ခြင်းကဏ္ဍတွင် ပါဝင်လုပ်ကိုင်သည့် ကုမ္ပဏီဖြစ်ပါက အောက်တွင်မြတ်စွန်းငွေနှင့် ယှဉ်တွဲဖော်ပြထားသော အခွန်နှုန်းများအတိုင်း ရရှိသည့်ငွေကြေးအမျိုးအစားဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည် -

| မြတ်စွန်းငွေ | ပေးဆောင်ရမည့်ဝင်ငွေခွန်နှုန်း |
|---|---|
| (၁) ညီမျှကျပ်သန်းပေါင်း (၁၀၀,၀၀၀) အထိ | ၄၀ ရာခိုင်နှုန်း |
| (၂) ညီမျှကျပ်သန်းပေါင်း (၁၀၀,၀၀၀) အထက်မှ (၁၅၀,၀၀၀) အထိ | ၄၅ ရာခိုင်နှုန်း |
| (၃) ညီမျှကျပ်သန်းပေါင်း (၁၅၀,၀၀၀) အထက် | ၅၀ ရာခိုင်နှုန်း |

(ခ) မြန်မာနိုင်ငံ၏ ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ်ခြင်းကဏ္ဍတွင် ပါဝင်လုပ်ကိုင်သော ကုမ္ပဏီမှအပဖြစ်သည့် ပုဂ္ဂိုလ်စုများ သို့မဟုတ် တစ်ဦးချင်းပုဂ္ဂိုလ်ဖြစ်ပါက မြတ်စွန်းသည့်ကျပ်ငွေ သို့မဟုတ် နိုင်ငံခြားငွေအပေါ် ၁၀ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။ ကျသင့်အခွန်ကို ရရှိသည့် ငွေကြေးအမျိုးအစားဖြင့် ပေးဆောင်ရမည်။

၂၈။ နှစ်တစ်နှစ်အတွင်း အခြေပစ္စည်းတစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ ရောင်းချခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းပြုလုပ်သည့် အခြေပစ္စည်း၏ တန်ဖိုးစုစုပေါင်းသည် ကျပ်သိန်း ၁၀၀ ထက်မပိုလျှင် အခြေပစ္စည်းမှမြတ်စွန်းငွေပေါ်ပေါက်စေကာမူ ဝင်ငွေခွန် မကျသင့်စေရ။

၂၉။ ဝင်ငွေခွန်ဥပဒေတွင် မည်သို့ပင်ပြဋ္ဌာန်းပါရှိစေကာမူ ပြည်တွင်းထုတ်လုပ်မှုကို အခြေခံသည့် အသစ်ထူထောင်သော အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၊ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ သို့မဟုတ် အသေးစားစက်မှုလက်မှုလုပ်ငန်းများအတွက် လုပ်ငန်းစတင်သောနှစ်အပါအဝင် တစ်ဆက်တည်း သုံးနှစ်ကာလအတွင်း နှစ်တစ်နှစ် စုစုပေါင်းအသားတင် အမြတ်ဝင်ငွေ ကျပ်သိန်း ၂၀၀ ထိ ဝင်ငွေခွန်ကင်းလွတ်ခွင့်ပြုသည်။ ဖော်ပြပါဝင်ငွေထက် ပိုမိုရရှိပါက ပိုမိုရရှိသည့် ဝင်ငွေအပေါ်တွင်သာ ဝင်ငွေခွန်စည်းကြပ်ရမည်။

၃၀။ အခြေပစ္စည်းမှမြတ်စွန်းငွေခေါင်းစဉ်မှအပ ကျန်ဝင်ငွေခေါင်းစဉ်များအတွက် နိုင်ငံခြားငွေဖြင့် ဝင်ငွေရရှိလျှင် ယင်းဝင်ငွေအပေါ်တွင် ဝင်ငွေခွန်စည်းမျဉ်းများ စည်းမျဉ်း ၈ ပါ ပြဋ္ဌာန်းချက်နှင့်အညီ တွက်ချက်၍ ရရှိသည့်ငွေကြေးအမျိုးအစားဖြင့် ဝင်ငွေခွန်ပေးဆောင်ရမည်။

၃၁။ (က) အောက်ဖော်ပြပါ ဝင်ငွေတစ်ရပ်ရပ် သို့မဟုတ် ဝင်ငွေအမျိုးအစား တစ်ရပ်ရပ်အပေါ် ဝင်ငွေခွန် ကင်းလွတ်ခွင့်ပြုသည် -

(၁) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများဆိုင်ရာဥပဒေအရ ဖမ်းဆီးရမှုအပေါ် ဆုငွေချီးမြှင့်ခြင်းအစီအစဉ်အရ နှစ်တစ်နှစ်အတွင်း ဆုငွေကို တစ်ကြိမ်တည်းရရှိခြင်းဖြစ်စေ၊ အကြိမ်ကြိမ်ရရှိခြင်းဖြစ်စေ ရရှိသည့် စုစုပေါင်းဝင်ငွေ၊

(၂) တရားမဝင်ပစ္စည်းများ ဖမ်းဆီးရမှုအပေါ် ဆုငွေချီးမြှင့်ခြင်း အစီအစဉ်အရ နှစ်တစ်နှစ်အတွင်း ဆုငွေကို တစ်ကြိမ်တည်းရရှိခြင်းဖြစ်စေ၊ အကြိမ်ကြိမ်ရရှိခြင်းဖြစ်စေ ရရှိသည့် စုစုပေါင်းဝင်ငွေ၊

(၃) နိုင်ငံတော်မှချီးမြှင့်သော ဘွဲ့ထူးဂုဏ်ထူးတံဆိပ်များနှင့်အတူ ရရှိသည့် ချီးမြှင့်ငွေများ၊

(၄) အစိုးရအောင်ဘာလေသိန်းဆု ဆုမဲမှ ထုတ်ယူရရှိငွေ၊

(၅) အငြိမ်းစားယူသည့်အခါ ရရှိသည့်ပင်စင်၊ ပင်စင်မှပြောင်းလဲ၍ ရရှိသောငွေနှင့် လုပ်သက်ဆုငွေ(Gratuity)၊

(၆) ရှေးဟောင်းပစ္စည်းတွေ့ရှိမှုအပေါ် နိုင်ငံတော်မှ ဂုဏ်ပြုချီးမြှင့်ငွေ။

(ခ) အောက်ဖော်ပြပါ ကိစ္စရပ်များအတွက် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဝင်ငွေခွန်ကင်းလွတ်ခွင့်၊ သက်သာခွင့်များပြုနိုင်သည်-

စာမျက်နှာ ၂၃ သို့

စာမျက်နှာ ၂၂ မှအဆက်

(၁) ပြည်တွင်းပြည်ပအဖွဲ့အစည်းများက နိုင်ငံတော်သို့လှူဒါန်းငွေ၊ ထောက်ပံ့ငွေဖြင့် ဆောင်ရွက်သည့် လုပ်ငန်းများနှင့်စပ်လျဉ်းသည့် ဝင်ငွေခွန်ကိစ္စရပ်များ၊

(၂) ငွေချေးသက်သေခံလက်မှတ်ဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်းသည့် ဝင်ငွေခွန်ကိစ္စရပ်များ။

၃၂။ ဤဥပဒေ၏ အခန်း(၇)တွင် ဖော်ပြပါရှိသော စကားရပ်များ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်သည် ဝင်ငွေခွန်ဥပဒေတွင် ဖော်ပြထားသည့်အတိုင်း ဖြစ်စေရမည်။

## အခန်း (၈)

## ရတနာခွန်

၃၃။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၃၈ အရ အောက်ဇယားပါ ကျောက်မျက်ရတနာများကို ရောင်းချခြင်းဖြစ်ပါက အမှန်တကယ်ရောင်းချသည့် တန်ဖိုးအပေါ်တွင်လည်းကောင်း၊ အမှန်တကယ်ရောင်းချသည့် တန်ဖိုးအပေါ်အခြေပြု၍ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းက သတ်မှတ်သည့် ရောင်းဈေးတန်ဖိုးအပေါ်တွင်လည်းကောင်း၊ ယင်းတန်ဖိုးနှစ်ရပ်အနက် များရာတန်ဖိုးအပေါ်တွင်လည်းကောင်း ယင်းတို့နှင့်ယှဉ်တွဲဖော်ပြပါ အခွန်နှုန်းများအတိုင်း ရတနာခွန် ကျသင့်စေရမည်။ ကောက်ခံရရှိသည့် ရတနာခွန်နှင့်စပ်လျဉ်း၍ ပြည်တွင်းအခွန်များဦးစီးဌာန၏ သက်ဆိုင်ရာဘဏ်စာရင်းသို့ လွှဲပြောင်းပေးသွင်းရမည် -

| စဉ် | ကျောက်မျက်ရတနာအမျိုးအစား | အခွန်နှုန်း |
|---|---|---|
| ၁ | ကျောက်စိမ်းအရိုင်းများ။ | ၁၁ ရာခိုင်နှုန်း |
| ၂ | ပတ္တမြား၊ နီလာနှင့် အခြားအဖိုးတန် ကျောက်မျက်ရတနာအရိုင်းများ။ | ၉ ရာခိုင်နှုန်း |
| ၃ | ကျောက်စိမ်း၊ ပတ္တမြား၊ နီလာနှင့် အခြားအဖိုးတန် ကျောက်မျက်ရတနာအချောထည်များ၊ ကျောက်စိမ်း၊ ပတ္တမြား၊ နီလာနှင့် အခြားအဖိုးတန် ကျောက်မျက်ရတနာများ စွဲကပ်ထားသည့် လက်ဝတ်ရတနာ အချောထည်များ။ | ၅ ရာခိုင်နှုန်း |
| ၄ | ကျောက်မျက်ရတနာဖြင့် ပြုလုပ်သောပစ္စည်းများ။ | ၅ ရာခိုင်နှုန်း |

## အခန်း (၉)

## အခြားအခွန်အကောက်ဆိုင်ရာကောက်ခံရမည့်နှုန်းထားများ

၃၄။ သက်ဆိုင်ရာဝန်ကြီးဌာနများသည် အောက်ဖော်ပြပါ အခွန်တစ်ရပ်ရပ်၏ ကောက်ခံရမည့်နှုန်းထားများ၊ ကင်းလွတ်ခွင့်နှင့် သက်သာခွင့်တို့ကို တည်ဆဲဥပဒေနှင့်အညီ စီမံဆောင်ရွက်ရမည် -

(က) ယစ်မျိုးခွန်၊

( ခ ) သွင်းကုန်အတွက် လိုင်စင်ကြေး၊ ပါမစ်ကြေးများ၊

( ဂ ) မြန်မာနိုင်ငံအောင်ဘာလေသိန်းဆု၊

(ဃ) မော်တော်ယာဉ်၊ ယာဉ်မောင်းလိုင်စင်၊ လုပ်ငန်းလိုင်စင်ဆိုင်ရာ အခငွေများ၊

( င ) ရုံးခွန်နှင့် တံဆိပ်ခေါင်းခွန်၊

( စ ) ခရီးလှည့်လည်ရေးလိုင်စင်၊ ဟိုတယ်နှင့်တည်းခိုရိပ်သာလိုင်စင်၊ ဧည့်လမ်းညွှန်လုပ်ငန်းလိုင်စင်များအတွက် လိုင်စင်ကြေး၊

(ဆ) ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့် ကုမ္ပဏီမှတ်ပုံတင်ခြင်းဆိုင်ရာ ဝန်ဆောင်မှုပေးခြင်းမှ ရရှိသည့် အခကြေးငွေများ၊

( ဇ ) ကုန်အမှတ်တံဆိပ်မှတ်ပုံတင်ကြေးရငွေ၊

(ဈ) မူပိုင်ခွင့်မှတ်ပုံတင်ကြေးရငွေများ၊

(ည) အကောက်ခွန်၊

( ဋ ) မြေယာပေါ်တွင်ကောက်ခံသည့်အခွန်၊

( ဌ ) ရေခွန်၊

( ဍ ) တာတမံခွန်၊

( ဎ ) သစ်တောများမှ ပစ္စည်းများထုတ်ယူသည့်အတွက် ကောက်ခံသည့်သစ်တောခွန်၊

(ဏ) ဓာတ်သတ္တုပစ္စည်းများထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန် (စက်မှုကုန်ကြမ်းတွင်းထွက်နှင့် အလှဆင်ကျောက်များမပါ)၊

(တ) ငါးလုပ်ငန်းဆိုင်ရာအခွန်အခ၊

(ထ) ရေနံနှင့်သဘာဝဓာတ်ငွေ့ထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန်၊

( ဒ ) ဓာတ်သတ္တုခွန်နှင့် တွင်းဝခွန်၊

( ဓ ) ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်ခြင်းကြောင့် ကောက်ခံသည့် အခွန်အခ၊

( န ) ရေအားအရင်းအမြစ်မှ လျှပ်စစ်ဓာတ်အား ထုတ်ယူသည့်အတွက် အခမဲ့ရရှိသည့် ဓာတ်အားခ၊

( ပ ) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများလုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူများထံမှ ကောက်ခံရရှိသည့် အခွန်။

## အခန်း (၁၀)

## အထွေထွေ

၃၅။ ပြည်ထောင်စုအစိုးရအဖွဲ့သည် အခွန်ကောက်ခံမှု အထောက်အကူပြုအဖွဲ့များကို အမိန့်ကြော်ငြာစာထုတ်ပြန်၍ ဖွဲ့စည်းဆောင်ရွက်ရမည်။

၃၆။ ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်အတွင်း ထုတ်လုပ်သည့် ကုန်စည်များနှင့် ပြည်ပမှ တင်သွင်းသည့်ကုန်စည်များ ဈေးကွက်အတွင်း ယှဉ်ပြိုင်ရောင်းချနိုင်ရေးအတွက် လည်းကောင်း၊ ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အဓိကမှီတည်ဆောင်ရွက်နေရသည့် ပြည်တွင်းစိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ၊ နိုင်ငံတော်အတွင်း ဆောင်ရွက်လျက်ရှိကြသည့် ပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ရေရှည်အကျိုးစီးပွား ဖြစ်ထွန်းတိုးတက်လာစေရန်လည်းကောင်း နိုင်ငံတော်မှ ပါဝင်လက်မှတ်ရေးထိုးထားသည့် အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်များနှင့် ဆန့်ကျင်ခြင်းမရှိစေဘဲ အောက်ပါတို့ကိုဆောင်ရွက်ပေးရမည် -

(က) ကုန်စည်များ တင်သွင်းခွင့်ပြုသည့်ပမာဏ၊ အကောက်ခွန်နှုန်းများနှင့်စပ်လျဉ်း၍ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၊ ကမ္ဘာ့အကောက်ခွန်အဖွဲ့နှင့် ဒေသတွင်းကုန်သွယ်ရေးဆိုင်ရာ သဘောတူစာချုပ်များမူဘောင်အတွင်းမှ အာဆီယံဒေသတွင်းနိုင်ငံများနည်းတူ အမြင့်ဆုံးရရှိနိုင်သည့် အခွင့်အရေး၊ သက်သာခွင့်များ ရရှိစေနိုင်ရန် ဆောင်ရွက်ပေးခြင်း၊

(ခ) အကောက်ခွန်ဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီဖြစ်စေ၊ ပို့ကုန်သွင်းကုန် ခွင့်ပြုခြင်းနှင့် ခွဲတမ်းသတ်မှတ်ပေးခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း ပြဋ္ဌာန်းချက်များနှင့်အညီဖြစ်စေ လိုအပ်သည့် အစီအမံများကို ဆောင်ရွက်ပေးခြင်း။

၃၇။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့် အမိန့်ကြော်ငြာစာထုတ်ပြန်၍ ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန်၊ အထူးကုန်စည်ခွန်နှင့် ရတနာခွန် ကင်းလွတ်ခွင့်ပေးခြင်း သို့မဟုတ် သက်သာခွင့်ပေးခြင်းကို ဆောင်ရွက်နိုင်သည်။

၃၈။ (က) ပြည်တွင်းအခွန်များဦးစီးဌာနသည် အခွန်ပေးဆောင်ထိုက်သူများ ဥပဒေနှင့်အညီ ခံစားနိုင်သော အခွန်ဆိုင်ရာသက်သာခွင့်၊ ကင်းလွတ်ခွင့်များကို ပြည်သူများအား အသိပေးခြင်း၊ သက်သာခွင့်များနှင့်အညီ အခွန်ကောက်ခံရာတွင် တွက်ချက်ခွင့်ပြုပေးခြင်း၊ အခွန်ဆိုင်ရာ တာဝန်ကျေပွန်သည့် အခွန်ဝန်ထမ်းများ၊ အခွန်ထမ်းပြည်သူများအား အသိအမှတ်ပြုခြင်းနှင့် ထိုက်သင့်သော ချီးမြှင့်မှုများ စီမံဆောင်ရွက်ပေးခြင်းတို့ကို ပြုလုပ်ပေးရမည်။

( ခ ) ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနသည် အခွန်စနစ် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ ထိရောက်စွာဆောင်ရွက်နိုင်ရေးအတွက် ပုဒ်မခွဲ (က) ပါ လုပ်ငန်းရပ်များကို အကောင်အထည်ဖော်ရာတွင် ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေ၌ ပြည်တွင်းအခွန်များဦးစီးဌာန၏ သာမန်အသုံးစရိတ်အဖြစ် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ခွင့်ပြုပေးနိုင်သည်။

( ဂ ) ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနသည် ပုဒ်မခွဲ(ခ)ပါ အသုံးစရိတ်များအား အခွန်ကောက်ခံမှုဆိုင်ရာ လုပ်ငန်းတာဝန်ကျေပွန်သည့် နိုင်ငံ့ဝန်ထမ်းများကို ဆုကြေးငွေချီးမြှင့်ရန်အတွက် ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ သုံးစွဲနိုင်သည်။

၃၉။ အခွန်မပေးဆောင်ရသေးသော အထူးကုန်စည်များ ရရှိပိုင်ဆိုင်ထားခြင်းအတွက် အောက်ဖော်ပြပါ ကောက်ခံရဒဏ်ကြေးငွေများ၏ ၂၀ ရာခိုင်နှုန်းကို သတင်းပေးတင်ပြသူအားလည်းကောင်း၊ ၃၀ ရာခိုင်နှုန်းကို ရှာဖွေဖမ်းဆီးသူအားလည်းကောင်း ဆုကြေးအဖြစ်ချီးမြှင့်ရမည်။ သတင်းပေးတင်ပြသူ မည်သူမည်ဝါဖြစ်ကြောင်းကို အစိုးရကိစ္စမှတစ်ပါး ထုတ်ဖော်ခြင်းမပြုရ -

(က) အခွန်အမှတ်တံဆိပ် ကပ်နှိပ်ရောင်းချစေရမည့် အထူးကုန်စည်များနှင့် စပ်လျဉ်း၍ အခွန်မပေးဆောင်ရသေးသော အထူးကုန်စည်ကို လက်ဝယ်ရရှိပိုင်ဆိုင်ထားသူနှင့် သတ်မှတ်အခွန်အမှတ်တံဆိပ်ကပ်နှိပ်ပေးရန် ပျက်ကွက်သည့် အထူးကုန်စည် ထုတ်လုပ်သူတို့အပေါ် အထူးကုန်စည်ခွန်ဥပဒေ ပုဒ်မ ၂၂ ပုဒ်မခွဲ(ဂ)နှင့် ပုဒ်မခွဲ(စ)အရ တပ်ရိုက်သည့်ဒဏ်ကြေးငွေများ၊

( ခ ) ကျန်အထူးကုန်စည်များနှင့်စပ်လျဉ်း၍ အခွန်မပေးဆောင်ရသေးသော အထူးကုန်စည်ကို လက်ဝယ်ရရှိပိုင်ဆိုင်ထားသူအပေါ် အထူးကုန်စည်ခွန်ဥပဒေ ပုဒ်မ ၂၂ ပုဒ်မခွဲ(ဂ)အရ တပ်ရိုက်သည့်ဒဏ်ကြေးငွေ။

၄၀။ (က) ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ ပုဒ်မ ၂၁ ပုဒ်မခွဲ (စ) တွင် မည်သို့ပင်ပါရှိစေကာမူ ပြေစာ သို့မဟုတ် ငွေလက်ခံရရှိကြောင်း အထောက်အထားကိုထားရှိသော်လည်း ဝယ်ယူသူ သို့မဟုတ် ဝန်ဆောင်မှုရယူသူထံသို့ ထုတ်ပေးရန် ပျက်ကွက်ခြင်း သို့မဟုတ် ပြေစာအား ထုတ်ပေးသော်လည်း ကုန်သွယ်လုပ်ငန်းခွန်စည်းမျဉ်းများဖြင့် သတ်မှတ်ထားသော ကျသင့်အခွန်တန်ဖိုးအတိုင်း အခွန်အမှတ်တံဆိပ်ကပ်နှိပ်ပေးရန် ပျက်ကွက်ခြင်းတို့ကို မြို့နယ်အခွန်ဦးစီးဌာနမှူးက စစ်ဆေးတွေ့ရှိပါက ယင်းသို့ပျက်ကွက်ခြင်းအတွက် ပြေစာ သို့မဟုတ် ငွေလက်ခံရရှိကြောင်း အထောက်အထားတန်ဖိုးအပေါ် ထပ်မံပေးဆောင်ရမည့် အခွန်၏ ၁၀၀ ရာခိုင်နှုန်းကို ဒဏ်ကြေးငွေအဖြစ်ပေးဆောင်စေရမည့်အပြင် ပျက်ကွက်မှုအကြိမ်အလိုက် အောက်ပါငွေပမာဏကိုပါ ဒဏ်ကြေးငွေအဖြစ်ပေးဆောင်ရမည် -

(၁) ပထမအကြိမ်ပျက်ကွက်ခြင်းအတွက် ကျပ် ၁၀ သိန်း၊

(၂) ဒုတိယအကြိမ်ပျက်ကွက်ခြင်းအတွက် ကျပ် ၂၀ သိန်း၊

(၃) တတိယအကြိမ်ပျက်ကွက်ခြင်းအတွက် ကျပ် ၃၀ သိန်း၊

(၄) တတိယအကြိမ်အထက် ပျက်ကွက်ခြင်းအတွက် ကျပ်သိန်း ၆၀။

( ခ ) အခွန်အမှတ်တံဆိပ် ကပ်နှိပ်ရောင်းချစေရမည့် ကုန်စည်နှင့်စပ်လျဉ်း၍ သတ်မှတ်အခွန်အမှတ်တံဆိပ် ကပ်နှိပ်ထားခြင်းမရှိဘဲရောင်းချကြောင်း မြို့နယ်အခွန်ဦးစီးဌာနမှူးက စစ်ဆေးတွေ့ရှိပါက အခွန်အမှတ်တံဆိပ် ကပ်နှိပ်ထားခြင်းမရှိသော ကုန်စည်ကို လက်ရှိပိုင်ဆိုင်ထားခြင်းအတွက် လက်ဝယ်ထားရှိသူက ယင်းကုန်စည်တန်ဖိုး၏ ၁၀၀ ရာခိုင်နှုန်းကို ဒဏ်ကြေးငွေအဖြစ်ပေးဆောင်ရမည်။

၄၁။ ပြည်ထောင်စုအစိုးရအဖွဲ့သည် အောက်ဖော်ပြပါ ကောက်ခံရဒဏ်ကြေးငွေများနှင့် စပ်လျဉ်း၍ ဆုကြေးငွေချီးမြှင့်ခြင်းကို အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်နိုင်သည် -

(က) ကုန်သွယ်လုပ်ငန်းခွန်ဥပဒေတွင် မည်သို့ပင်ပါရှိစေကာမူ ပြေစာ သို့မဟုတ် ငွေလက်ခံရရှိကြောင်း အထောက်အထားကိုထားရှိသော်လည်း ဝယ်ယူသူ သို့မဟုတ် ဝန်ဆောင်မှုရယူသူထံသို့ ထုတ်ပေးရန် ပျက်ကွက်ခြင်း၊ ပြေစာအား ထုတ်ပေးသော်လည်း ကျသင့် အခွန်တန်ဖိုးနှင့်ညီမျှသော အခွန်အမှတ်တံဆိပ်ကပ်နှိပ်ပေးရန် ပျက်ကွက်ခြင်းတို့အတွက် ဤဥပဒေ ပုဒ်မ ၄၀ ပုဒ်မခွဲ (က)အရ တပ်ရိုက်သည့် ဒဏ်ကြေးငွေ၊

( ခ ) အခွန်အမှတ်တံဆိပ် ကပ်နှိပ်ရောင်းချရန် သတ်မှတ်ထားသော ကုန်စည်နှင့်စပ်လျဉ်း၍သတ်မှတ်ထားသည့်အတိုင်း အခွန်အမှတ်တံဆိပ် ကပ်နှိပ်ထားခြင်းမရှိဘဲ ရောင်းချခြင်းအတွက် ဤဥပဒေ ပုဒ်မ ၄၀ ပုဒ်မခွဲ(ခ)အရ တပ်ရိုက်သည့် ဒဏ်ကြေးငွေ။

၄၂။ ဘဏ္ဍာရေးနှစ်ပြောင်းလဲခြင်းအတွက် သက်ဆိုင်ရာဥပဒေတွင် မည်သို့ပင်ပြဋ္ဌာန်းထားစေကာမူ အကူးအပြောင်းကာလအတွင်း အခွန်ကောက်ခံမှုဆိုင်ရာလုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနသည် လိုအပ်သော လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

စာမျက်နှာ ၂၄ သို့

စာမျက်နှာ ၂၃ မှအဆက်

၄၃။ နှစ်စဉ်ပြဋ္ဌာန်းသည့် ပြည်ထောင်စု၏အခွန်အကောက်ဥပဒေနှင့်စပ်လျဉ်း၍ ထုတ်ပြန်ခဲ့သည့် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်း၊ အဓိပ္ပာယ်ရှင်းလင်းဖွင့်ဆိုချက်၊ လိုက်နာ ကျင့်သုံးရန် သတ်မှတ်ချက်နှင့် အများပြည်သူသိရှိလိုက်နာရန်သတ်မှတ်ချက် စသည်တို့သည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၂၇ အရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ယာယီသမ္မတ

ဇယား (၁)

ပြည်ထောင်စု၏အခွန်အကောက်များကောက်ခံရန် မူလခန့်မှန်းခြေ

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | ဝန်ကြီးဌာန/အဖွဲ့အစည်း | အကြောင်းအရာ | ၂၀၂၆ မူလခန့်မှန်းခြေ |
|---|---|---|---|---|
| ၁ | | | **ပြည်တွင်းထွက်ကုန်နှင့် ပြည်သူပြည်သားများ သုံးစွဲမှုအပေါ် ကောက်ခံသည့် အခွန်အကောက်** | **၇,၀၆၉,၅၇၂.၃၂၃** |
| | ၁ | ပြည်ထဲရေးဝန်ကြီးဌာန | ယစ်မျိုးခွန်၊ | ၂,၂၉၃.၄၀၁ |
| | ၂ | ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန | ကုန်သွယ်လုပ်ငန်းခွန်၊ | ၄,၃၅၄,၀၆၂.၄၇၄ |
| | ၃ | စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | သွင်းကုန်အတွက် လိုင်စင်ကြေး၊ ပါမစ်ကြေးများ၊ | ၄,၅၀၀.၀၀၀ |
| | ၄ | ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန | မြန်မာနိုင်ငံအောင်ဘာလေ သိန်းဆု၊ | ၃၃,၉၉၀.၄၈၀ |
| | ၅ | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | မော်တော်ယာဉ်၊ ယာဉ်မောင်း လိုင်စင်၊ လုပ်ငန်းလိုင်စင်ဆိုင်ရာ အခငွေများ၊ | ၁၂၄,၇၉၂.၉၉၄ |
| | ၆ | ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန | ရုံးခွန်နှင့် တံဆိပ်ခေါင်းခွန်၊ | ၃၄၉,၀၈၆.၇၃၅ |
| | ၇ | ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန | ခရီးလှည့်လည်ရေး လိုင်စင်၊ ဟိုတယ်နှင့်တည်းခိုရိပ်သာ လိုင်စင်၊ ဧည့်လမ်းညွှန်လုပ်ငန်း လိုင်စင်များအတွက် လိုင်စင်ကြေး၊ | ၆၄၈.၄၀၅ |
| | ၈ | ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန | အထူးကုန်စည်ခွန်၊ | ၂,၁၂၉,၈၂၆.၉၂၈ |
| | ၉ | ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန | ရတနာခွန်၊ | ၅၉,၉၅၁.၉၀၆ |
| | ၁၀ | ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန | ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့်ကုမ္ပဏီမှတ်ပုံတင်ခြင်းဆိုင်ရာ ဝန်ဆောင်မှုပေးခြင်းမှ ရရှိသည့် အခကြေးငွေများ၊ | ၈,၇၀၀.၀၀၀ |
| | ၁၁ | စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | ကုန်အမှတ်တံဆိပ်မှတ်ပုံတင်ကြေး ရငွေ၊ | ၁,၆၅၀.၀၀၀ |
| | ၁၂ | စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | မူပိုင်ခွင့်မှတ်ပုံတင်ကြေးရငွေများ၊ | ၆၉.၀၀၀ |
| ၂ | | | **ဝင်ငွေနှင့် ပိုင်ဆိုင်မှုအပေါ် ကောက်ခံသည့် အခွန်အကောက်** | **၆,၀၇၃,၀၈၁.၄၇၇** |
| | ၁ | ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန | ဝင်ငွေခွန်၊ | ၆,၀၇၃,၀၈၁.၄၇၇ |
| ၃ | | | **အကောက်ခွန်** | **၄၆၀,၀၀၀.၀၀၀** |
| | ၁ | ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန | အကောက်ခွန်၊ | ၄၆၀,၀၀၀.၀၀၀ |
| ၄ | | | **နိုင်ငံပိုင်သယံဇာတများ ထုတ်ယူသုံးစွဲမှုအပေါ် ကောက်ခံသည့် အခွန်အကောက်** | **၈၇၀,၅၉၇.၁၆၉** |
| | ၁ | ပြည်ထဲရေးဝန်ကြီးဌာန | မြေယာပေါ်တွင်ကောက်ခံသည့် အခွန်၊ | ၅၇.၂၄၁ |
| | ၂ | နေပြည်တော်ကောင်စီ | ရေခွန်၊ | ၁၂၃.၈၁၀ |
| | ၃ | ပြည်ထဲရေးဝန်ကြီးဌာန | တာတမံခွန်၊ | ၀.၃၃၆ |
| | ၄ | သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | သစ်တောများမှ ပစ္စည်းများ ထုတ်ယူသည့်အတွက် ကောက်ခံသည့် သစ်တောခွန်၊ | ၃,၅၅၁.၉၇၇ |
| | ၅ | ပြည်ထဲရေးဝန်ကြီးဌာန | ဓာတ်သတ္တုပစ္စည်းများ ထုတ်ယူသည့်အတွက် ကောက်ခံသည့် အခွန်(စက်မှုကုန်ကြမ်းတွင်းထွက်နှင့် အလှဆင်ကျောက်များမပါ)၊ | ၇၈.၂၅၀ |
| | ၆ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန | ငါးလုပ်ငန်းဆိုင်ရာ အခွန်အခ၊ | ၅,၉၆၅.၉၁၈ |
| | ၇ | စွမ်းအင်ဝန်ကြီးဌာန | ရေနံနှင့် သဘာဝဓာတ်ငွေ့ထုတ်ယူသည့်အတွက် ကောက်ခံသည့် အခွန်၊ | ၅၅၁,၄၇၈.၆၂၂ |
| | ၈ | သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | ဓာတ်သတ္တုခွန်နှင့် တွင်းဝခွန်၊ | ၁၆၈,၇၃၉.၂၀၀ |
| | ၉ | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | ဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်ခြင်းကြောင့် ကောက်ခံသည့် အခွန်အခ၊ | ၉၄,၁၉၃.၂၅၂ |
| | ၁၀ | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန | ရေအားအရင်းအမြစ်မှ လျှပ်စစ်ဓာတ်အားထုတ်ယူသည့်အတွက် အခမဲ့ရရှိသည့် ဓာတ်အားခ၊ | ၄၄,၂၀၆.၅၆၅ |
| | ၁၁ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန | မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများလုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူများထံမှ ကောက်ခံရရှိသည့် အခွန်၊ | ၂,၂၀၁.၉၉၈ |
| | | | စုစုပေါင်း | ၁၄,၄၇၃,၂၅၀.၉၆၉ |

## ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ် ရေနည်းမည့် အခြေအနေ

နေပြည်တော် မတ် ၁၅

ဧရာဝတီမြစ်ရေသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ မန္တလေးမြို့တွင် ၂၁၉ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် ၅ ရက်အတွင်း လက်ရှိရေမှတ်အထက် လေးပေခန့် မြင့်တက်လာနိုင်သော်လည်း ယင်းမြို့၏ ရေနည်းသတိပေးမှတ် ၃၆၀ စင်တီမီတာအောက်တွင် ဆက်လက်တည်ရှိနိုင်သည်။

ဧရာဝတီမြစ်ရေသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ စစ်ကိုင်းမြို့တွင် ၁၄၇ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် ၅ ရက်အတွင်း လက်ရှိရေမှတ်အထက် လေးပေခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ ရေနည်းသတိပေးမှတ် ၁၇၀ စင်တီမီတာအထက်သို့ ပြန်လည်ရောက်ရှိနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ မုံရွာမြို့တွင် ၇၇ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် ၅ ရက်အတွင်း လက်ရှိရေမှတ်အထက် နှစ်လက်မခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ ရေနည်းသတိပေးမှတ် ၁၀၀ စင်တီမီတာအောက်တွင် ဆက်လက်တည်ရှိနိုင်သည်။

မိုး/ဇလ

**မိမိပိုင်နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card၊ Mobile Payment Account၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့်ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## မွေးမြူရေးတိရစ္ဆာန်များ အပူချိန်ပြင်းထန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

မွေးမြူရေးတိရစ္ဆာန်များ ရာသီဥတုအပူချိန်ပြင်းထန်လွန်ကဲချိန်တွင် အပူဒဏ်ကြိုတင် ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) တိရစ္ဆာန်ကို အပူချိန်မြင့်သောအချိန်တွင် အရိပ်ရှိသောနေရာများ၌ ထားရှိရန်နှင့် အပူချိန်ပြင်းထန်မှုနည်းပါးသော နံနက်နှင့် ညနေမှသာ လွှတ်ကျောင်းခြင်းပြုရန်၊

(၂) မွေးမြူထားသော တိရစ္ဆာန်များအတွက် သောက်သုံးရေများ လုံလောက်စွာရရှိရေး ကြိုတင်စုဆောင်းရန်နှင့် လေလွှင့်ဆုံးရှုံးမှု မရှိအောင် ဆောင်ရွက်ထားရန်၊

(၃) ပူပြင်းသောဒဏ်ကို ကာကွယ်ရန်အတွက် ရေဓာတ်ပါသော အစာအစားများကို ဖြည့်စွက်ကျွေးမွေးရန်၊

(၄) တိရစ္ဆာန်များ ရွှေ့ပြောင်းရန်လိုအပ်ပါက သောက်သုံးရေရရှိနိုင်ပြီး အပူဒဏ်မှ ကာကွယ်နိုင်သောနေရာများ စီစဉ်ထားရှိရန်၊

(၅) တိရစ္ဆာန်အစာများဖြစ်သည့် ကောက်ရိုး၊ မြက်စို၊ မြက်နုများ စနစ်တကျ ကြိုတင် စုဆောင်းထားရန်၊

(၆) တိရစ္ဆာန်များတွင် ကူးစက်ရောဂါဖြစ်ပွားကျရောက်စေခြင်းမရှိစေရန်အတွက် ကာကွယ်ဆေးများ ပုံမှန်ထိုးနှံထားရန်၊

(၇) တိရစ္ဆာန်မွေးမြူထားရှိသောခြံနှင့် အစာသိုလှောင်ထားသောနေရာများတွင် မီးဘေးအန္တရာယ်ကာကွယ်ရေးအတွက် မီးချိတ်၊ မီးကပ်၊ သဲနှင့် ရေပုံးများထားရှိရန်၊

(၈) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ထူးခြားဖြစ်စဉ်များရှိပါက သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ဆက်သွယ်အကြောင်းကြားပူးပေါင်းဆောင်ရွက်ရန်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

## လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးများ အစားထိုးခန့်အပ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး**
**အမိန့်အမှတ် ၁၃ /၂၀၂၆**
၁၃၈၇ ခုနှစ် တပေါင်းလပြည့်ကျော် ၁၃ ရက်
(၂၀၂၆ ခုနှစ် မတ်လ ၁၅ ရက်)

**လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးများ အစားထိုးခန့်အပ်ခြင်း**

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၂၇၊ ပုဒ်မခွဲ (ခ)အရ အောက်ပါ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးများကို ယှဉ်တွဲပါအတိုင်း အစားထိုးခန့်အပ်တာဝန်ပေးလိုက်သည်-

(၁) ကရင်ပြည်နယ်အစိုးရအဖွဲ့ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး

| | | |
|---|---|---|
| ကြည်း ၂၇၂၃၈ | အစား | ကြည်း ၃၂၈၃၅ |
| ဗိုလ်မှူးကြီးမင်းသူကျော် | | ဗိုလ်မှူးကြီးစိုးမိုးဝင်း |

(၂) ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး

| | | |
|---|---|---|
| ကြည်း ၃၀၁၀၇ | အစား | ကြည်း ၃၀၃၃၉ |
| ဗိုလ်မှူးကြီးခန့်မွန်ဆွေ | | ဗိုလ်မှူးကြီးစိုးမင်းဦး |

အမိန့်အရ

အောင်လင်းဒွေး
အမှုဆောင်ချုပ်

## မြန်မာနိုင်ငံပြန်တမ်း

**အမြဲတမ်းအတွင်းဝန်/ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်ခြင်း**

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် အမျိုးသားစီမံကိန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ် ဦးအောင်ခိုင်ထွန်းအား အမြဲတမ်းအတွင်းဝန်/ ညွှန်ကြားရေးမှူးချုပ် တာဝန်များကိုထမ်းဆောင်ရန် တာဝန်ပေးအပ်လိုက်သည်။

**လျှပ်စစ်မီတာခ သက်သာဖို့**
**LED ပစ္စည်း သုံးကြစို့။**

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် သတင်းထုတ်ပြန်ချက်အမှတ်(၃/ ၂၀၂၆)ထုတ်ပြန်

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ပါ နိုင်ငံသားများ၏ မူလအခွင့်အရေးများကို မြှင့်တင်ရန်နှင့် ကာကွယ်စောင့်ရှောက်နိုင်ရန် ၂၀၁၁ ခုနှစ် စက်တင်ဘာ ၅ ရက်တွင် ပြည်ထောင်စုအစိုးရအဖွဲ့ အမိန့်ကြော်ငြာစာအမှတ် (၃၄/၂၀၁၁)ဖြင့် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ကို စတင်ဖွဲ့စည်းခဲ့ပါသည်။ ကော်မရှင်ကို စနစ်တကျနှင့် ခိုင်ခိုင်မာမာ ရပ်တည်ဆောင်ရွက်နိုင်ရန်နှင့် လူ့အခွင့်အရေး မြှင့်တင်ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရန်အလို့ငှာ ၂၀၁၄ ခုနှစ် မတ် ၂၈ ရက်တွင် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေကို ပြည်ထောင်စုလွှတ်တော်ဥပဒေ အမှတ် ၂၁ ဖြင့် ပြဋ္ဌာန်းခဲ့ပါသည်။ ကော်မရှင်ဥပဒေရေးဆွဲခဲ့ရာတွင် လူ့အခွင့်အရေးအဖွဲ့အစည်းများ ဖွဲ့စည်းတည်ထောင်ခြင်းဆိုင်ရာ ပါရီအခြေခံမူများနှင့် ကိုက်ညီစေရန် နိုင်ငံတကာအဖွဲ့အစည်းများဖြစ်သည့် ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး (Office of the High Commissioner for Human Rights – OHCHR)၊ အာရှ-ပစိဖိတ် အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ်(Asia-Pacific Forum of National Human Rights Institutions – APF)နှင့် ဆွီဒင်နိုင်ငံရှိ Raoul Wallenberg Institute of Human Rights and Humanitarian Law-RWI တို့မှ ဘာသာရပ်ဆိုင်ရာ ပညာရှင်များ၊ ဥပဒေပညာရှင်များ၏ အကြံဉာဏ်များရယူ၍ ကော်မရှင်ဥပဒေ(မူကြမ်း)ကို တစ်နှစ်နှင့် ခြောက်လနီးပါး အချိန်ယူရေးဆွဲပြုစုခဲ့ပြီး ပြည်တွင်းရှိ သက်ဆိုင်ရာအစိုးရအဖွဲ့အစည်းများနှင့် ညှိနှိုင်းခြင်း၊ ပြည်တွင်းဥပဒေပညာရှင်များ၊ ဘာသာရပ်ကျွမ်းကျင်ပုဂ္ဂိုလ်များ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများအား ချပြဆွေးနွေးခြင်းတို့ကိုလည်း ဆောင်ရွက်ခဲ့ပါသည်။

ကော်မရှင်သည် ၂၀၁၁ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သည်မှ ယနေ့ထိ ၁၅ နှစ်တာကာလအတွင်း လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းတာဝန်များကို ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ရှေ့လုပ်ငန်းစဉ်မူဘောင်၊ နှစ်ရှည်မဟာဗျူဟာစီမံကိန်းများနှင့် နှစ်စဉ်လုပ်ငန်းစီမံချက်များရေးဆွဲ ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။

ယင်းသို့ဆောင်ရွက်ရာတွင် လူ့အခွင့်အရေး ပညာပေးရေးနှင့် အသိပညာပြန့်ပွားရေးမြှင့်တင်ဆောင်ရွက်မှုအနေဖြင့် နိုင်ငံတော်ယန္တရားအသီးသီးမှ တာဝန်ရှိသူများအပါအဝင် အလွှာအသီးသီးမှ ပြည်သူများအတွက် ပညာပေးဟောပြောပွဲများပြုလုပ်ခြင်း၊ သင်ခန်းစာများပို့ချခြင်း၊ သင်တန်းများဖွင့်လှစ်ခြင်း၊ အလုပ်ရုံဆွေးနွေးပွဲများပြုလုပ်ခြင်း၊ လူ့အခွင့်အရေး ပညာပေး စာစောင်များ၊ ဗီဒီယိုများ ထုတ်ဝေဖြန့်ချိခြင်းတို့ပြုလုပ်ခဲ့ပါသည်။ ထို့ပြင် လူသားအားလုံး၊ နိုင်ငံအားလုံးက လိုက်နာဆောင်ရွက်ရမည့် လူ့အခွင့်အရေး "စံနှုန်း"များပါဝင်သော ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း(UDHR)ကို မြန်မာဘာသာနှင့် တိုင်းရင်းသားဘာသာစကား အမျိုး ၃၀ ဖြင့် ဘာသာပြန်ဆို ဖြန့်ချိခြင်း၊ အမြင်အာရုံချို့တဲ့သူများအတွက် မျက်မမြင်လက်စမ်းဘာသာ (Braille)ဖြင့် ပြုစုဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်မှုအနေဖြင့် လူ့အခွင့်အရေးဖောက်ဖျက်ခံရမှုနှင့် စပ်လျဉ်းသည့် တိုင်ကြားစာများကိုစိစစ်၍ တိုင်ကြားစာပါ နစ်နာမှုအတွက် ဖြေရှင်းဆောင်ရွက်ပေးနိုင်ရေး သက်ဆိုင်ရာ အဖွဲ့အစည်းအသီးသီးနှင့် ညှိနှိုင်းဆောင်ရွက်ကာ ကုစားမှုများဆောင်ရွက်ပေးခြင်း၊ လိုအပ်ပါက ကွင်းဆင်းစစ်ဆေးခြင်း၊ နိုင်ငံတစ်ဝန်းရှိ အကျဉ်းထောင်၊ အကျဉ်းစခန်းများ၊ အချုပ်ခန်းများနှင့် ထိန်းသိမ်းစောင့်ရှောက်ရေးစခန်းတို့သို့ ကြည့်ရှုစစ်ဆေးပြီး အကြံပြုချက်များပေးပို့ခြင်းတို့ ဆောင်ရွက်ခဲ့ပါသည်။ ကော်မရှင်၏ အကြံပြုချက်များကို သက်ဆိုင်ရာအဖွဲ့အစည်းများက အကောင်အထည်ဖော်ဆောင်ရွက်ပေးမှုဖြင့် အကျဉ်းကျနေသူများ၊ အချုပ်အနှောင်ခံနေရသူများ၊ ထိန်းသိမ်းစောင့်ရှောက်ထားခြင်းခံရသူများ၏ အခြေခံအခွင့်အရေးများ ပိုမိုပြည့်ဝစွာရရှိခံစားနိုင်ရေး ဆောင်ရွက်နိုင်ခဲ့ပါသည်။

ကော်မရှင်ပေါ်ပေါက်လာပြီးနောက် စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ် (International Covenant on Economic, Social and Cultural Rights-ICESCR) နှင့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာသဘောတူစာချုပ်၏နောက်ဆက်တွဲစာချုပ်(Optional Protocol to the Convention on the Rights of the Child on the Involvement of Children in Armed Conflict – CRC-OP-AC) တို့ကို မြန်မာနိုင်ငံက ပါဝင်လက်မှတ်ရေးထိုးနိုင်ရေး ကော်မရှင်က အကြံပြုတိုက်တွန်းခဲ့ပါသည်။ ၂၀၁၅ ခုနှစ်၌ မြန်မာနိုင်ငံက ယင်းစာချုပ်များတွင် ပါဝင်ချုပ်ဆိုခဲ့ပါသည်။ ပြည်တွင်းတည်ဆဲဥပဒေများနှင့် ဥပဒေမူကြမ်းများကို အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးစံနှုန်းများနှင့် လိုက်လျောညီထွေမှုရှိစေရန် လူ့အခွင့်အရေးရှုထောင့်မှ အကြံပြုချက်များကို သက်ဆိုင်ရာသို့ပေးပို့ခဲ့ရာ တိုးတက်ဖြစ်ပေါ်မှုများ ရရှိခဲ့ပါသည်။ ထို့ပြင် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးစာချုပ်ကြီး ကိုးခု အနက် စာချုပ် ခုနစ်ခုနှင့် နောက်ဆက်တွဲစာချုပ် ငါးခုတို့ကို ကော်မရှင်က မြန်မာဘာသာပြန်ဆို၍ ပုံနှိပ်ဖြန့်ချိခဲ့ပါသည်။

ကော်မရှင်၏ လူ့အခွင့်အရေးဆိုင်ရာ ဆောင်ရွက်ချက်များနှင့် သဘောထားအမြင်များကို ပြည်သူများ သိရှိနိုင်စေရန်အတွက် နိုင်ငံပိုင်ရုပ်မြင်သံကြားနှင့် သတင်းစာများ၊ ကော်မရှင် website နှင့် Myanmar National Portal တို့မှတစ်ဆင့် သတင်းထုတ်ပြန်ချက်များ ထုတ်ပြန်လျက်ရှိရာတွင် ကလေးသူငယ်များ၊ သက်ကြီးပုဂ္ဂိုလ်များ၊ အမျိုးသမီးများ၊ မသန်စွမ်းသူများအစရှိသည့် ထိခိုက်လွယ်အုပ်စုဝင်များ၏ အခွင့်အရေးများနှင့်စပ်လျဉ်းသည့် ထုတ်ပြန်ချက်များ၊ တည်ငြိမ်အေးချမ်းရေးနှင့် ငြိမ်းချမ်းရေးတို့အတွက် တိုက်တွန်းအားပေးသည့် ထုတ်ပြန်ချက်များ၊နိုင်ငံသူ၊ နိုင်ငံသားများ၏ ပညာရေး၊ ကျန်းမာရေး၊ အသက်ရှင်သန်ခွင့်အစရှိသည့် လူ့အခွင့်အရေးဆိုင်ရာ အခြေအနေများနှင့်စပ်လျဉ်းသည့် ထုတ်ပြန်ချက်များ၊ ကော်မရှင်၏ လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေး ဆောင်ရွက်ချက်များနှင့် စပ်လျဉ်းသော ထုတ်ပြန်ချက်များ၊ လူ့အခွင့်အရေးဆိုင်ရာ အထိမ်းအမှတ်နေ့ရက်များအား ကြိုဆိုသော ထုတ်ပြန်ချက်များ စသည်တို့ကိုထုတ်ပြန်ခဲ့ပါသည်။ အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးနေ့ အခမ်းအနားများကို နိုင်ငံတော်အဆင့်အခမ်းအနား လေးကြိမ်အပါအဝင် နှစ်စဉ်ကျင်းပခဲ့ပါသည်။

ကော်မရှင်သည် ကော်မရှင်ဥပဒေပုဒ်မ ၂၂ (ဆ) အရ ကုလသမဂ္ဂလူ့အခွင့်အရေးအဖွဲ့အစည်းများ၊ ဒေသတွင်းနှင့် နိုင်ငံတကာအဆင့် အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာတွင် အစည်းအဝေးများ တက်ရောက်ခြင်း၊ အိမ်ရှင်အဖြစ် လက်ခံကျင်းပခြင်း၊ အလုပ်ရုံဆွေးနွေးပွဲများ၊ ဆွေးနွေးပွဲများနှင့် လူ့အခွင့်အရေးဆိုင်ရာ သင်တန်းများတက်ရောက်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။ ကော်မရှင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ လူ့အခွင့်အရေးကော်မရှင်နှင့် ၂၀၂၅ ခုနှစ် အောက်တိုဘာလအတွင်းတွင် ကော်မရှင်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှုစာချွန်လွှာ (Memorandum of Cooperation – MoC) ကို လက်မှတ်ရေးထိုးခဲ့ပြီး လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေး ကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ကော်မရှင်သည် လူ့အခွင့်အရေးအဖွဲ့အစည်းများ၏ တာဝန်တစ်ရပ်ဖြစ်သော လူ့အခွင့်အရေးရှုထောင့်မှ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာခြင်းကို မကြာမီက အောင်မြင်စွာကျင်းပပြီးစီးခဲ့သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ၏ အပိုင်းသုံးပိုင်းလုံးတွင် ဆောင်ရွက်ခဲ့ပြီး ရွေးကောက်ပွဲနှင့် စပ်လျဉ်းသည့် နိုင်ငံသားများ၏ အခွင့်အရေးဆိုင်ရာ အကြံပြုချက်များပါဝင်သော အစီရင်ခံစာများပြုစုတင်ပြခဲ့ပါသည်။

ကော်မရှင်သည် စတင်ဖွဲ့စည်းသည့်အချိန်မှစ၍ နိုင်ငံတော်၏ လူ့အခွင့်အရေးခြေအနေနှင့် ကော်မရှင်၏ ဆောင်ရွက်မှုများ၊ လုပ်ငန်းတာဝန်များနှင့် စပ်လျဉ်း၍ သင့်လျော်သည့်အကြံပြု ထောက်ခံချက်များပါဝင်သော နှစ်ပတ်လည် အစီရင်ခံစာကို နိုင်ငံတော်သမ္မတနှင့် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြခဲ့ပြီး လူ့အခွင့်အရေးနှင့်စပ်လျဉ်းသည့်အထူး အစီရင်ခံစာများကိုလည်း နိုင်ငံတော်သမ္မတထံ တင်ပြခဲ့ပါသည်။

ကော်မရှင်သက်တမ်း ၁၅ နှစ်တာကာလအတွင်း ကိုဗစ်-၁၉ ကပ်ရောဂါ၊ မန္တလေးငလျင်ကြီးနှင့် မိုခါမုန်တိုင်းကဲ့သို့သော သဘာဝဘေးအန္တရာယ်များ၊ နိုင်ငံ၏အရေးပေါ်အခြေအနေများ၊ ပြည်တွင်းမငြိမ်သက်မှုများ စသည့်အခက်အခဲများ ကြုံတွေ့ခဲ့ရပြီး ယင်းအခြေအနေများတွင်ပင် ကော်မရှင်သည် လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းတာဝန်များကို စဉ်ဆက်မပြတ် ဆောင်ရွက်ခဲ့ပါကြောင်းနှင့် နိုင်ငံသူနိုင်ငံသားများ၏ အခြေခံအခွင့်အရေးများနှင့် လူ့အခွင့်အရေးများကို ပိုမိုကာကွယ်စောင့်ရှောက်နိုင်ရေး အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**
ရက်စွဲ၊ ၂၀၂၆ ခုနှစ်၊ မတ်လ ၁၅ ရက်

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ရွှေ့ဆိုင်းခွင့်ရသူများ

**ရွှေ့ဆိုင်းခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှ တင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကိုစိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့် မမီကြောင်း သက်ဆိုင်ရာ တပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

(ခ) နိုင်ငံ့ဝန်ထမ်းများ။

(ဂ) ပညာသင်ကြားနေသူများ။

(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိဘအိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။

(င) မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။

(စ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်း မပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည် အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။

(ခ) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ် တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။

(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

# ၈၁ နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့် ဝတ္ထုပြိုင်ပွဲ ဆုရရှိသူများစာရင်း

| စဉ် | ကလောင်အမည် | စာမူအမည် | မှတ်ချက် |
|---|---|---|---|
| **စစ်ချီသီချင်း** | | | |
| ၁။ | အောင်ဇော်ဦး(ရဲတီးဝိုင်း) | ကြည်း၊ ရေ၊ လေ သည် ထာဝရညီ | ပထမ |
| ၂။ | မိုးမြင့်ဦး(လုပ်သား-ရှုပ) | တပ်မတော်သားပီပီ | ဒုတိယ |
| ၃။ | ခန့်ငြား(ကေတုမတီ) | ကြည်း၊ ရေ၊ လေ ညီနောင်တပ်မတော် | တတိယ |
| ၄။ | ဇော်မျိုးထွန်း (အုပ်ခွဲတပ်ကြပ်ကြီး) | ပြည်သူ့အတွက် ဒို့တပ်မတော် | စတုတ္ထ |
| ၅။ | ဗိုလ်ထိန်(မီးသတ်) | မျိုးချစ်ဒို့စစ်သည် | ပဥ္စမ |
| **စစ်သည်တေးသီချင်း** | | | |
| ၁။ | စုစုဇော် (သီရိခေတ္တရာ) | သူရဲကောင်းစစ်သည် | ပထမ |
| ၂။ | ခင်ငြိမ်းချမ်းစိုး(သဇင် FM) | ဂုဏ်ပြုလျက်ပါအဖေ | ဒုတိယ |
| ၃။ | ကျော်ဆွေအောင် | ကျွန်တော်စစ်သားပါ | တတိယ |
| ၄။ | ကေသီအောင် | မေ့စစ်သားမောင် | စတုတ္ထ |
| ၅။ | လှိုင်ဝင်းထွန်း | တုန့်နှိုင်းမဲ့စစ်သည်တွေ | ပဥ္စမ |
| **ကဗျာ(ဝါသနာရှင်)** | | | |
| ၁။ | ထွန်းထွန်း(လားရှိုး) | ညီညာပေါင်းစည်း ရှေ့ခရီး၊ ကောင်းချီးမြတ်မော် တပ်မတော် | ပထမ |
| ၂။ | မြတ်မင်းသန့် | နိုင်ငံတော်သစ် သမိုင်းတစ်ခေတ်၊ ထုဆစ်ပုံဖော် မြန်မာ့တပ်မတော် | ဒုတိယ |
| ၃။ | ရဲကျော် | ရှစ်ဆယ့်တစ်နှစ်မြောက် ကမ္ပည်းမော်ကွန်း | တတိယ |
| ၄။ | ကြေးမုံဖြိုးသန့်( ရွှေရတု) | စွမ်းအားထိန်ဝေ နေ့သစ်နေ ပြည်သူ့သားဆွေ ကြည်း၊ ရေ၊ လေ | စတုတ္ထ |
| ၅။ | ထာဝရမွန် (ဂုဏ်ထူးတန်း) | ပြည်မြန်မာရွှေတစ်ခေတ် ထွန်းသစ်စို့လေး | ပဥ္စမ |
| **ကဗျာ(အလွတ်တန်း)** | | | |
| ၁။ | ရဲမင်းစိုး | ကျည်ခွံများကပြောသော တာဝန်ကျေသူတို့အကြောင်း | ပထမ |
| ၂။ | မြတ်ထွဏ်းနောင် | ပြည်ထောင်စုရဲ့တို့တပ်မတော် နိုင်ငံရွှေခေတ် ပြန်ထုတ်ဖော် | ဒုတိယ |
| ၃။ | မျိုးစစ်သည် | ဗန်းမော်၊ တောင်ခမ်း စစ်ဆင်စွမ်း အောင်ပန်း ဂုဏ်ကျော် ပြည့်တပ်မတော် | တတိယ |

| စဉ် | ကလောင်အမည် | စာမူအမည် | မှတ်ချက် |
|---|---|---|---|
| ၄။ | ဘုန်းမောင်ဝင်း(ဖျာပုံ) | ရွှေရောင်လင်းသည့် နိုင်ငံတော်နှင့် ပြည်သူချစ်သော တပ်မတော် | စတုတ္ထ |
| ၅။ | မောင်အေးသန်း (ကြို့ပင်ကောက်) | အရေးသုံးပါးဦးထိပ်ထား | ပဥ္စမ |
| **ဝတ္ထုတို(ဝါသနာရှင်)** | | | |
| ၁။ | မနော့ဖြူ | ကျွန်တော့်သားမှာ ကိုယ်ပိုင်အမှတ်ရှိပါတယ် | ပထမ |
| ၂။ | မနောသစ်(ပခုက္ကူ) | မုန်းမုန်း ချစ်ချစ် | ဒုတိယ |
| ၃။ | ရဲမွန်ကျော် | သူရဲကောင်းတို့၏ ဒိုင်ယာရီ | တတိယ |
| ၄။ | မောင်အေးချမ်း(ခနုဖြူ) | အလေးပြုပါသည် ဆရာဖိုးနီ | စတုတ္ထ |
| ၅။ | ကိုစော (ပထဝီဝင်) | အမေဂုဏ်ယူနေပါတော့ | ပဥ္စမ |
| **ဝတ္ထုတို(အလွတ်တန်း)** | | | |
| ၁။ | ကျော်တေဇ(ဥက္ကလာ) | ဝတ်မှုန်ကူးသော နှလုံးသားများ၏ ဝီရအလင်္ကာ | ပထမ |
| ၂။ | မုန်းမောင်မောင် | ပစ်မထားရက်ခဲ့ပါ | ဒုတိယ |
| ၃။ | နွေးထက်လှိုင် | မအေးမြရဲ့ သတ္တိသွေး ပျံ့နှံ့လို့နေပါပြီ | တတိယ |
| ၄။ | မင်းလပြည့်(ဟားခါး) | စစ်ကိုမုန်းခဲ့သော်လည်း | စတုတ္ထ |
| ၅။ | မောင်မောင်လွင်(ရွှေဘိုသား) | သစ္စာပန်းခက်ခြောက်တို့၏ ရင်တွင်းစကား | ပဥ္စမ |
| **ဝတ္ထုရှည်(ဝါသနာရှင်)** | | | |
| ၁။ | အမောင် | တိမ်တိုက်တွေရဲ့ အဖြူရောင်သက်တံ | ပထမ |
| ၂။ | ရှားမိန်း | အလွမ်းတွေဝေးလို့ ပန်းတွေဝေစေ | ဒုတိယ |
| ၃။ | ကျော်စိုး(ဒိုက်ဦး) | စစ်သားဂုဏ်ရည် | တတိယ |
| ၄။ | ဟန်ညွန့်(ယဉ်ကျေးမှု) | စိန်ပန်းနီနီနှလုံးသား | စတုတ္ထ |
| ၅။ | တင်ဦး (ရန်ကင်း) | လှိုင်းကြီးလို့လေထန် ရေဆန်ကိုလှော်ခတ်ကြမည် | ပဥ္စမ |
| **ဝတ္ထုရှည်(အလွတ်တန်း)** | | | |
| ၁။ | ပိုင်ဇင်ဇော်(သတ္တု) | သစ္စာစမ်းမှာ ပန်းစုံလန်းသည် | ပထမ |
| ၂။ | ခန့်ပိုင် | လက်ဆင့်ကမ်းအမွေ | ဒုတိယ |
| ၃။ | ဘုန်းရဲနိုင်(ဂန့်ဂေါ) | မလေးမောင်ချစ်မငြီးနိုင် | တတိယ |
| ၄။ | မောင်စူးရှ(အနောက်ရိုးမ) | မမေ့ဘယ်ခါ နှလုံးသားထဲကကြည်ပြာ | စတုတ္ထ |
| ၅။ | ရဲခေါင် | ရှုံ့ကြောက်မဲ့တွန် နိုင်ငံ့ဝန်ဦ | ပဥ္စမ |









## ၂၀၂၆ ခုနှစ် မတ် ၁၅ ရက် ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၇၁၀၀၀၀၀ ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး
သတ်မှတ်ရေးကော်မတီ

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန (https://www.mod.gov.mm)

၂။ ဥပဒေရေးရာဝန်ကြီးဌာန (https://www.mlis.gov.mm)

၃။ ပြန်ကြားရေးဝန်ကြီးဌာန (https://www.moi.gov.mm)

၄။ Myawady Webportal (https://myawady.net.mm)

၅။ Myanmar National Portal (https://myanmar.gov.mm)

❖ **ဂေါက်သီးရိုက်ပြိုင်ပွဲမှ**

ဩစတြေးလျ ဂေါက်သီးရိုက်မယ် ပေါ်တာတို့က စုစုပေါင်းသတ်မှတ်ရိုက် ချက်ထက် ၁၀ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ပူးတွဲရပ်တည်နိုင်ခဲ့ကြပြီး တောင်အာဖရိက ဂေါက်သီးရိုက်မယ် အလက်ဇန္ဒြားနှင့် ဩစတြေးလျ ဂေါက်သီးရိုက်မယ် ဒါဗစ်ဆန်တို့က စုစုပေါင်းသတ်မှတ် ရိုက်ချက်ထက် ခြောက်ချက်စီ လျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ပူးတွဲရပ်တည်နိုင်ခဲ့ကြသည်။

ဟန်နာဂရင်းက “ရည်မှန်းထားတဲ့အတိုင်း အမှန်တကယ်ဖြစ်လာတဲ့အတွက် အတိုင်း မသိအောင်ဝမ်းသာမိပါတယ်။ ဩစတြေးလျပရိသတ်တွေ အမြောက်အမြားစောင့်ကြည့်နေတဲ့ ပြိုင်ပွဲမှာ ချန်ပီယံဆုဖလားကို ကိုင်မြှောက်ခွင့်ရခဲ့တဲ့ အခိုက်အတန့်ဟာ ဘဝအတွက် မမေ့နိုင်မယ့် အမှတ်တရဖြစ်ပါတယ်။ ဒီပြိုင်ပွဲဟာ တကယ့်ကို ခက်ခဲတဲ့ပြိုင်ပွဲပါ။ ချန်ပီယံဆုအတွက် ကျွန်မနဲ့အတူ တခြားပြိုင်ပွဲဝင် နှစ်ဦးကလဲ နောက်ဆုံးကျင်းထိကို အကြိတ်အနယ် ယှဉ်ပြိုင်ခဲ့ကြတယ်။ ရိုက်ချက်တစ်ချက်အသာနဲ့ ချန်ပီယံဖြစ်ခွင့်ရခဲ့တာပါ။ Women's Australian Open ဂေါက်သီးရိုက်ပြိုင်ပွဲရဲ့ ဆုဖလားမှာ ကျွန်မနာမည် ပါဝင်ခွင့်ရခဲ့တဲ့အတွက် အရမ်းဂုဏ်ယူပါတယ်”ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : TSN
Trs : AZL

## ထူးခြားသည့် နေ့အပူချိန်များ (၁၅- ၃ -၂၀၂၆)

| | | | | |
|---|---|---|---|---|
| ချောက် | ၃၉ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယပ် |
| မင်းဘူး | ၃၉ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |
| မကွေး | ၃၉ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |
| ကျောက်ဆည် | ၃၉ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ညောင်ဦး | ၃၈ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| တောင်တွင်းကြီး | ၃၈ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| ကော့ကရိတ် | ၃၈ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| အောင်လံ | ၃၈ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းမူ | ၃၈ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် |

# ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့(World Consumer Rights Day) အထိမ်းအမှတ် အခမ်းအနားကျင်းပ

**နေပြည်တော် မတ် ၁၅**

ယခုနှစ် မတ် ၁၅ ရက်တွင် ကျရောက်သော ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာန ရုံးအမှတ်(၅၂)၌ ကျင်းပသည်။

ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ အထိမ်းအမှတ်အခမ်းအနားကို ယခုနှစ်အတွက် အပြည်ပြည်ဆိုင်ရာ စားသုံးသူများအဖွဲ့အစည်းက သတ်မှတ်ထားသည့် ဆောင်ပုဒ်ဖြစ်သည့် "ထုတ်ကုန်ဘေးကင်းလုံခြုံမှု ယုံကြည်စိတ်ချစားသုံးသူဘဝ" (Safe Products, Confident Consumers)ဆောင်ပုဒ်နှင့်အညီ ဂုဏ်ပြုကျင်းပခြင်းဖြစ်ပြီး အခမ်းအနားတွင် မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင်ဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုယ်စား ဒုတိယဝန်ကြီး ဦးမင်းမင်းက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသူများသည် စားသုံးသူရေးရာဦးစီးဌာန၏ စားသုံးသူကာကွယ်ရေးလုပ်ငန်းဆောင်ရွက်မှု Video Clip ပြသမှု၊ ဂုဏ်ပြုသီချင်းဖြင့် သီဆိုဖျော်ဖြေတင်ဆက်မှုနှင့် သီဆိုကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ တာဝန်ရှိသူများက ကော်မရှင်အဖွဲ့ဝင်များကို အထိမ်းအမှတ်လက်ဆောင်များပေးအပ်ခြင်း၊ ခေတ်မီ Digital နည်းပညာကိုအသုံးပြု၍ မြန်မာဆန်စပါးအွန်လိုင်း MyRo ကို အကောင်အထည်ဖော်နိုင်ခဲ့ခြင်းအတွက် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်သို့ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြပြီး တာဝန်ရှိသူများက ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ အထိမ်းအမှတ်ဆောင်းပါးပြိုင်ပွဲ၊ ကာတွန်းပြိုင်ပွဲများတွင် ဆုရရှိသူများကိုလည်းကောင်း၊ ဝန်ထမ်းစွမ်းဆောင်ရည် မြှင့်တင်ရေးအတွက် ကျင်းပခဲ့သည့် ကျပန်းစကားပြောပြိုင်ပွဲ၊ ဝန်ထမ်းကျင့်ဝတ် အပါး ၃၀ ရွတ်ဆိုမှုပြိုင်ပွဲ၊ ကွန်ပျူတာကျွမ်းကျင်မှုပြိုင်ပွဲတို့တွင် ဆုရရှိသည့်ဝန်ထမ်းများကိုလည်းကောင်း ဆုများအသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြသည်။

အခမ်းအနားသို့ ကော်မရှင်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ အထိမ်းအမှတ်ဆောင်းပါးနှင့် ကာတွန်းပြိုင်ပွဲများတွင် ဆုရရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**






မြဝတီမြို့နယ် မဲ့ထော်သလေးကျေးရွာဝန်းကျင်အနီး၌ တရားမဝင်နယ်စပ်ဖြတ်ကျော်ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၆၉ ဦး ဖမ်းဆီးရမိမှုနေရာပြပုံ။

☆ ကျောဖုံးမှအဆက်

သွားရောက်ရှာဖွေစစ်ဆေးခဲ့ရာ မတ် ၁၄ ရက်တွင် တရားမဝင် ပြည်ပနိုင်ငံသား ၈၆ ဦးတို့ကို ဖော်ထုတ်ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့သည်။

အလားတူ ယနေ့တွင်လည်း မြဝတီမြို့နယ် မဲ့ထော်သလေးကျေးရွာ၏ အရှေ့ဘက်မီတာ ၆၅၀ ခန့်အကွာနေရာ၌ တရားမဝင်ပြည်ပနိုင်ငံသားများ ဝင်ရောက်ပုန်းအောင်း နေထိုင်လျက်ရှိကြောင်း သတင်းများအရ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ ပါဝင်သော ပူးပေါင်းအဖွဲ့များက မွန်းတည့် ၁၂ နာရီခန့်တွင် သွားရောက်စစ်ဆေးရာ မြဝတီမြို့နယ် မဲ့ထော်သလေးကျေးရွာ၏ အရှေ့ဘက်မီတာ ၆၅၀ ခန့်အကွာအနီးရှိ တောအုပ်အတွင်း၌ ပုန်းအောင်းနေသည့် တရားမဝင် တရုတ်နိုင်ငံသား အမျိုးသား ၆၃ ဦး၊ အမျိုးသမီး နှစ်ဦး၊ ဗီယက်နမ်နိုင်ငံသား အမျိုးသား တစ်ဦး၊ မလေးရှားနိုင်ငံသား အမျိုးသမီး တစ်ဦး၊ ရုရှားနိုင်ငံသား အမျိုးသမီး တစ်ဦး၊ လာအိုနိုင်ငံသား အမျိုးသမီး တစ်ဦး စုစုပေါင်း ၆၉ ဦးတို့ကို ထပ်မံဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့သည်။

အဆိုပါ တရားမဝင် နယ်စပ်ဖြတ်ကျော်ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၆၉ ဦးတို့ကို မြဝတီမြို့၌ ထိန်းသိမ်းထားရှိပြီး ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များက လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများစာရင်းကောက်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး သက်ဆိုင်ရာနိုင်ငံများသို့ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(၅၀၁)**

# စစ်ကိုင်းမြို့တွင် ငွေကျပ် ၃၁၅ သိန်းတန်ဖိုးရှိ ဘိန်းစိမ်းများနှင့် တောင်ကြီးမြို့နယ်တွင် ငွေကျပ် သိန်း ၉၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၁၅**

စစ်ကိုင်းမြို့တွင် ငွေကျပ် ၃၁၅ သိန်းတန်ဖိုးရှိ ဘိန်းစိမ်းများနှင့် တောင်ကြီးမြို့နယ်တွင် ငွေကျပ် သိန်း ၉၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှသိရသည်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၁၂ ရက် နံနက် ၇ နာရီခွဲတွင် သတင်းအရ စစ်ကိုင်းမြို့ တကောင်းရပ်ကွက်တွင် မန္တလေးမှ စစ်ကိုင်းမြို့ဘက်သို့ မောင်းနှင်လာသော ခရီးသည်တင် BAJAJ RE အမျိုးအစား မီနီအိုးဝေ သုံးဘီးယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ဝန်းသိုမြို့နယ် ကျုံးကြီးကျေးရွာနေ မရွှေဇင်ဦး ၂၂ နှစ် သယ်ဆောင်လာသည့် ဘိန်းစိမ်း ၂၁ ကီလို (တစ်ကီလိုလျှင် ငွေကျပ် ၁၅ သိန်းနှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၃၁၅ သိန်း) ဖမ်းဆီးရမိသဖြင့် မရွှေဇင်ဦးကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ထို့အတူ မတ် ၁၂ ရက် မွန်းလွဲ ၁ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ တောင်ကြီးမြို့နယ် ရွှေညောင်မြို့ မင်္ဂလာအောင်မြေရပ်ကွက် နယ်မြေ(၃)နေ ကျော်ဝင်းနိုင် ၃၅ နှစ်၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ (တစ်ပြားလျှင်ငွေကျပ် ၅၀၀ ဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၁၀ သိန်း)ဖမ်းဆီးရမိပြီး ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်အရ ယင်းနေ့ မွန်းလွဲ ၂ နာရီခွဲတွင် တောင်ကြီးမြို့နယ် အေးသာယာမြို့ အကွက်ကြီး(၁၀)နေ မစုစုစံ ၂၅ နှစ်၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၆၀၀၀ (တစ်ပြားလျှင် ငွေကျပ် ၅၀၀ ဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၈၀)ဆက်လက်ဖမ်းဆီးရမိသဖြင့် ကျော်ဝင်းနိုင်နှင့် မစုစုစံတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



မရွှေဇင်ဦးအား ဖမ်းဆီးရမိသည့် ဘိန်းစိမ်းများနှင့်အတူ တွေ့ရစဉ်။

**အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDFအမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကိုကာကွယ်ပေးခြင်းဖြစ်သည်။

# သက်ရှိအားလုံးရှင်သန်ဖို့ အဖိုးတန်ရေချိုကို စနစ်တကျချွေတာသုံးစွဲကြပါစို့

သက်ရှိအားလုံးအတွက် အရေးပါဆုံးသောအရာသည် ရေပင်ဖြစ်နေသည်။ ဓာတုဒြပ်ပေါင်းတစ်ခုဖြစ်သည့် ရေမော်လီကျူးတစ်ခုတွင် ဟိုက်ဒရိုဂျင်အက်တမ်တစ်ခုနှင့် အောက်ဆီဂျင်အက်တမ် နှစ်ခု ($H_2O$)တို့ ပေါင်းစပ်ပါဝင်ကြောင်းကို ငယ်စဉ်ကတည်းက ဓာတုဗေဒဘာသာရပ်တွင် သင်ကြားခဲ့ရသည်။ ရေကိုသတ်မှတ်အပူချိန်နှင့် ဖိအားအောက်တွင် အရည်အဖြစ်တွေ့ရလေ့ရှိသည်။ ထို့ပြင် ရေခဲ၊ ရေခိုးရေငွေ့၊ နှင်းခဲ၊ မြူငွေ့နှင့် တိမ်တိုက်အဖြစ်လည်း ရပ်တည်နေသည်။ ကမ္ဘာ့မြေမျက်နှာပြင် ၇၀ ရာခိုင်နှုန်းကျော်ကို ရေထုဖြင့် ဖုံးလွှမ်းထားရှိပြီး ရေအများစုသည် ပင်လယ်သမုဒ္ဒရာများတွင် စုဖွဲ့တည်ရှိနေကြသည်။

**ရေဘယ်လောက်သောက်မလဲ**

လူတစ်ဦး၏ နေ့စဉ်လုံလောက်စွာ သောက်သုံးသည့်ရေပမာဏသည် ထိုသူ၏ကျန်းမာကြံ့ခိုင်သောကိုယ်ခန္ဓာကိုထိန်းသိမ်းရာတွင် အဓိကအခန်းကဏ္ဍမှပါဝင်လျက်ရှိသည်။ နေ့စဉ် သောက်ရေဖန်ခွက် ရှစ်ခွက်မှ ၁၀ ခွက်ခန့်ထိ သောက်သုံးသူသည် ကျန်းမာရေးကောင်းမွန်မည်ဟု ကျွမ်းကျင်သူများက အကြံပြုထားသည်။ အထူးသဖြင့် အမျိုးသားများသည် ရေ ၁၃ ခွက် (သုံးလီတာခန့်)ထိ သောက်သုံးသင့်ပြီး အမျိုးသမီးများသည် ကိုးခွက် (၂ ဒသမ ၂လီတာခန့်) ထိသောက်သင့်သည်ဟု အကြံပြုထားသည်။

စင်စစ်အားဖြင့် ရေသည်လူတစ်ဦး၏ ကျန်းမာရေးအတွက် များစွာအရေးပါလျက်ရှိသည်။ ထို့ပြင် ရေသည် လူ့ကိုယ်ခန္ဓာတွင် အဓိကကျသောအစိတ်အပိုင်းတစ်ရပ်အဖြစ်လည်း ပါဝင်နေသည်။ လူတစ်ဦး၏ ကိုယ်ခန္ဓာအရွယ်အစားပေါ်မူတည်၍ ရေ ၅၅ ရာခိုင်နှုန်းမှ ၇၈ ရာခိုင်နှုန်းထိပါဝင်သည်။ ဦးနှောက်နှင့်နှလုံးတွင် ရေ ၇၃ ရာခိုင်နှုန်းပါဝင်ပြီး အဆုတ်တွင် ၈၃ ရာခိုင်နှုန်းထိပါဝင်သည်။

**အကျိုးကျေးဇူးများ**

ရေတွင်ကယ်လိုရီနှင့်အာဟာရများ ပါဝင်ခြင်းမရှိသော်လည်း ဘေးကင်းလုံခြုံသောသောက်သုံးရေသည် လူသားတို့နှင့် အခြားသက်ရှိသတ္တဝါများ အသက်ရှင်နေထိုင်ရေးအတွက် များစွာအရေးပါလျက်ရှိသည်။ လူတစ်ဦးသည် ရေကိုဖူလုံစွာသောက်သုံးထားပါက ဦးနှောက်၊ ကိုယ်ခန္ဓာဆဲလ်များ၊ အစာခြေစနစ်၊ နှလုံး၊ ကျောက်ကပ်နှင့်ကြွက်သားများ၏ လုပ်ဆောင်ချက်များကို အထောက်အကူဖြစ်စေရုံသာမက အသားရေခြောက်ခန်းမှု၊ ပြင်ပရောဂါပိုးဝင်မှုတို့ကိုပါ ကာကွယ်ပေးသည့်အပြင် ကိုယ်ခန္ဓာအပူချိန်ကိုလည်း ထိန်းညှိပေးနိုင်သည်။

ထို့ပြင် ရေကိုလုံလောက်စွာ သောက်သုံးခြင်းကြောင့် ပင်ပန်းနွမ်းနယ်မှုလျော့ပါးသက်သာစေခြင်း၊ စိတ်ရွှင်လန်းစေခြင်း၊ ခေါင်းကိုက်ခြင်းနှင့် မူးဝေအော့အန်သည့်ဝေဒနာမှ သက်သာစေခြင်း၊ အစာကြေလွယ်ပြီး ဝမ်းချုပ်ခြင်းမှကင်းဝေးခြင်း၊ ကိုယ်ခန္ဓာအလေးချိန်လျော့ကျစေခြင်း၊ အဆိပ်အတောက်ဖြစ်ပွားနိုင်မှုမှလျော့ပါးစေခြင်း၊ ကိုယ်ခန္ဓာအေးမြမှုကို ထိန်းချုပ်ပေးခြင်း စသည့်အကျိုးကျေးဇူးပေါင်းများစွာကိုရရှိစေသည်။

အထူးသဖြင့် ရေသည် ကမ္ဘာ့စီးပွားရေးလုပ်ငန်းများစွာတွင် အရေးပါသောအခန်းကဏ္ဍမှပါဝင်လျက်ရှိသည်။ လူသားတို့သည် ရေ ၇၀ ရာခိုင်နှုန်းခန့်ကို စိုက်ပျိုးရေးလုပ်ငန်းတွင် အသုံးပြုလျက်ရှိသည်။ ထို့ပြင် စက်ရုံအလုပ်ရုံများသည်လည်း ရေရှိမှသာလည်ပတ်နိုင်မည်ဖြစ်သည်။ ရေတွင် ကယ်လိုရီနှင့် အာဟာရများပါဝင်ခြင်းမရှိသော်လည်း ဘေးကင်းလုံခြုံသောသောက်သုံးရေသည် လူသားတို့နှင့် အခြားသက်ရှိသတ္တဝါများ အသက်ရှင်နေထိုင်ရေးအတွက် များစွာအရေးပါလျက်ရှိသည်။

**သန့်ရှင်းသောရေချိုရှားပါလာ**

လက်ရှိအချိန်တွင် ကမ္ဘာတစ်ဝန်း၌ သန့်ရှင်းသော ရေချိုရှားပါလာသဖြင့် ပြည်သူသန်းပေါင်းများစွာအပေါ် ဆိုးကျိုးများသက်ရောက်လျက်ရှိသည်။ လူဦးရေ သန်း၂၀၀၀ ကျော်သည် ဘေးကင်းလုံခြုံမှုမရှိသော သောက်သုံးရေကို အသုံးပြုနေကြရ



သည်။ ထို့ပြင် ကမ္ဘာ့လူဦးရေ သန်း ၄၀၀၀ ခန့်သည် တစ်နှစ်လျှင် တစ်လခန့် သောက်သုံးရေ အလွန်အမင်း ရှားပါးပြတ်လပ်မှုနှင့် ကြုံတွေ့ရလျက်ရှိသည်။ ၂၀၃၀ ပြည့်နှစ်တွင် ကမ္ဘာ့လူဦးရေ သန်း ၇၀၀ ခန့်သည် အလွန်အမင်း ရေရှားပါးပြတ်လပ်မှုကြောင့် အိမ်ခြေရာမဲ့ဘဝသို့ ရောက်ရှိနိုင်သည်။ ၂၀၄၀ ပြည့်နှစ်တွင် ကမ္ဘာ့ကလေးငယ် လေးယောက်လျှင် တစ်ယောက်သည် အလွန်အမင်း ရေရှားပါးပြတ်လတ်သည့်နေရာများတွင် နေထိုင်သွားရဖွယ်ရှိနေသည်။

အလားတူ မြန်မာနိုင်ငံတွင်လည်း နှစ်စဉ် နွေရာသီတွင် ကျေးလက်နေပြည်သူများ၊ အထူးသဖြင့် မြစ်၊ ချောင်း၊ အင်း၊ အိုင်နှင့် ဝေးကွာသောဒေသများတွင် နေထိုင်သူများအတွက် ခေါင်းအခဲရဆုံးပြဿနာသည် သောက်သုံးရေရှားပါးမှုပင်ဖြစ်သည်။ နွေရာသီ၌ ရေရှားပါးမှုကြုံတွေ့ရသည့် တချို့သောဒေသများတွင် နေ့စဉ်သုံးရေရရှိရေးထက် သောက်ရေဖူလုံရေးကိုပင် များစွာခက်ခဲကြသည်။ ကျေးလက်နေပြည်သူများသည် သောက်သုံးရေတစ်ပုံး၊ တစ်အိုးရရှိရေးအတွက် မိုင်ပေါင်းများစွာ ဝေးကွာသောနေရာများသို့ ပင်ပန်းကြီးစွာသွားရောက်ကာ ရေခပ်ကြရလေ့ရှိသည်။ နွေရာသီတွင် အိမ်မွေးတိရစ္ဆာန်များဖြစ်သည့် ကျွဲ၊ နွားများနှင့်အတူ ရေရှိသည့် မြစ်၊ ချောင်း၊ အင်း၊ အိုင်နှင့် ရေကန်ရှိသောနေရာများသို့ သွားရောက်နားခိုရလေ့ရှိသည်။

**ရေရှားပါးမှုဖြစ်ရသည့်အကြောင်းတရားများ**

မြို့ပြများတိုးချဲ့တည်ဆောက်ခြင်း၊ စက်မှုလုပ်ငန်းများထူထောင်ခြင်းနှင့် သဘာဝသစ်တောများကို လွန်ကဲစွာခုတ်လှဲခြင်းသည်ရေရှားပါးရခြင်း၏အခြေခံအကြောင်းတရားများပင်ဖြစ်သည်။ ရာသီဥတုဖောက်ပြန်ခြင်းကြောင့် အပူလွန်ကဲခြင်း၊ မိုးခေါင်ခြင်း၊ မိုးကြီးခြင်း၊ ရေကြီးခြင်း၊ ဆီးနှင်းများကျခြင်း၊ ရေခဲတောင်များအရည်ပျော်ခြင်းတို့ကို ဖြစ်ပေါ်စေသည်။ ထိုသို့သဘာဝလွန်ဖြစ်ရပ်များ အကြိမ်ကြိမ်ဖြစ်ပွားမှုသည် သဘာဝရေအရင်းမြစ်ကို ထိန်းသိမ်းထားနိုင်စွမ်းနည်းပါးလာပြီး ရေရှားပါးခြင်းဆိုသော နောက်ဆက်တွဲ ဆိုးကျိုးများကိုသာဖြစ်ပေါ်စေသည်။

ထို့ပြင် မြို့ပြများတွင် စက်ရေတွင်းများလွန်ကဲစွာတူးဖော်ခြင်းသည်လည်း မြေအောက်ရေအရင်းမြစ်ကို ဆုတ်ယုတ်စေသည်။ ရေသည်ကမ္ဘာ့စီးပွားရေးလုပ်ငန်းများတွင် အရေးပါသောအခန်းကဏ္ဍမှပါဝင်လျက်ရှိသည်။ စက်ရုံများမှ ထုတ်လွှတ်သော စွန့်ပစ်ဓာတုပစ္စည်းများကို မြစ်၊ ချောင်းများနှင့် ပင်လယ်သမုဒ္ဒရာများအတွင်းသို့ စွန့်ပစ်လေ့ရှိကြသည်။ စက်ရုံ၊ အလုပ်ရုံများကို အအေးခံခြင်းနှင့် ထုတ်ကုန်ပစ္စည်းကို တင်ပို့ရာတွင်လည်း ရေလမ်းကိုသာအသုံးပြုကြရသည်။ ထို့ကြောင့် စနစ်တကျစီမံခန့်ခွဲမှုများဖြင့်သာ အနာဂတ်ရေရှားပါးပြတ်လပ်မှုပြဿနာကို ကြိုတင်ကာကွယ်နိုင်မည်ဖြစ်သည်။

ရေအရင်းအမြစ်ကို စနစ်တကျထိန်းသိမ်းရန်လိုအပ်သည့်အပြင် ရေထုညစ်ညမ်းမှုကို ကာကွယ်သွားရေးသည်လည်း လူသားအားလုံး၏တာဝန်တစ်ရပ်ဖြစ်သည်။ ဓာတုစက်ရုံများမှ စွန့်ပစ်ပစ္စည်းများကို မြစ်၊ ချောင်းများအတွင်းသို့ စည်းမဲ့ကမ်းမဲ့စွန့်ပစ်ခြင်းနှင့် ခေတ်မီဆန်းသစ်သောလက်နက်များကို ပင်လယ်သမုဒ္ဒရာများအတွင်းသို့ ပစ်ခတ်စမ်းသပ်မှုများသည် ရေထုညစ်ညမ်းမှုကိုဆိုးရွားစွာ ဖြစ်ပေါ်စေသည်။ ထို့ကြောင့် သက်ဆိုင်ရာအဖွဲ့အစည်းများသည် နိုင်ငံတကာပဋိညာဉ်များနှင့် ကတိကဝတ်များကို လိုက်နာစောင့်ထိန်းပြီး ရေထုညစ်ညမ်းမှုအန္တရာယ်ကို ကြိုတင်ကာကွယ်သွားသင့်သည်။

**ခြိုးခြံချွေတာရေးနည်းလမ်းများ**

လူတိုင်းသည် နေ့စဉ် မိုးလင်း၊ မိုးချုပ် ရေကိုသုံးစွဲနေရမည်ဖြစ်သည်။ ထိုသို့သုံးစွဲရာတွင် လူတစ်ဦးတစ်ယောက်ချင်းစီမှ အဖိုးတန်ရေကိုချွေတာသုံးစွဲသွားမည်ဆိုလျှင် ရေရှားပါးသောဒေသရှိပြည်သူများကို ကူညီရာရောက်သည်။ ရေကို အောက်ပါနည်းလမ်းများအတိုင်းသာ ခြိုးခြံချွေတာသုံးစွဲသွားသင့်သည်-

(၁) သွားတိုက်နေစဉ် သို့မဟုတ် ခေါင်းလျှော်နေစဉ် ရေပိုက်ခေါင်းကိုပိတ်ထားခြင်း။
(၂) ရေပိုက်ခေါင်းများကို မလိုအပ်လျှင် ပိတ်ထားခြင်း။
(၃) နေအိမ်ရှိ ရေပိုက်ခေါင်းအားလုံးကို ပြုပြင်ထားခြင်း။
(၄) ရေချိုးခန်းတွင် ရေပန်းခေါင်းတိုတိုကိုသာ အသုံးပြုခြင်း။
(၅) ရေပန်းခေါင်းကို လိုအပ်သလောက်သာဖွင့်၍ ရေချိုးခြင်း။
(၆) ပန်းဥယျာဉ်များကို မိုးရေနှင့်သာ ပက်ဖျန်းခြင်း။
(၇) အိမ်သာရေစိမ့်မှုကိုပြုပြင်ထားခြင်း။
(၈) ရေစိမ့်နေသည့်နေရာများကိုစစ်ဆေးခြင်း။
(၉) မိုးရေကိုခံထားခြင်း။
(၁၀) ရေအိမ်ကိုအမှိုက်ပုံးကဲ့သို့အသုံးမပြုခြင်း။
(၁၁) ရေချွေတာသည့်စက်များ ဝယ်ထားခြင်း (ဥပမာ- ပန်းကန်ဆေးစက်၊ အဝတ်လျှော်စက်)။
(၁၂) ရေကိုသွန်ပစ်တတ်သည့် အလေ့အကျင့်ကို လုံးဝစွန့်လွှတ်ခြင်း။

ထို့ပြင် သဘာဝပတ်ဝန်းကျင်သည် ရေအရင်းအမြစ်ထိန်းသိမ်းရာတွင် များစွာအရေးပါလျက်ရှိသည်။ အထူးသဖြင့် သစ်တောသစ်ပင်များနှင့် ရေဝေရေလဲဒေသများသည် စွတ်စိုမှုကို ကြာရှည်ထိန်းသိမ်းထားနိုင်ပေသည်။ ထို့ကြောင့် လူသားများအနေဖြင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်လိုသဘောထားလုပ်ဆောင်ရမည်။ သစ်ပင်များကို လွန်ကဲစွာခုတ်ထွင်ခြင်းနှင့် သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုကိုဖြစ်ပေါ်စေသည့် တောမီးရှို့ခြင်း၊ မြစ်ချောင်းများတွင် ပလတ်စတစ်ကဲ့သို့ အမှိုက်များစွန့်ပစ်ခြင်းနှင့် ကာဗွန်ဒိုင်အောက်ဆိုဒ်ထုတ်လွှတ်မှုများပြားသည့် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ခြင်းတို့ကို ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်သင့်နေပြီဖြစ်သည်။

ဆိုရလျှင် နှစ်စဉ် နွေရာသီတွင် အတူကြုံတွေ့ရသည့်ပြဿနာသည် သောက်သုံးရေရှားပါးမှုပင်ဖြစ်သည်။ မြန်မာနိုင်ငံတွင် လူဦးရေ၏ ၇၀ ရာခိုင်နှုန်းကျော်သည် ကျေးလက်နေပြည်သူများဖြစ်ကြသည်။ ထိုကျေးလက်နေပြည်သူအများစုသည် နှစ်စဉ်နွေရာသီတွင် သောက်သုံးရေရှားပါးမှုဒဏ်ကို ခါးစည်းခံရလေ့ရှိကြသည်။ ထို့ကြောင့် နိုင်ငံသားတစ်ဦးတစ်ယောက်ချင်းစီအနေဖြင့် အနာဂတ်တွင် ကြုံတွေ့လာရနိုင်သည့် ရေရှားပါးမှုပြဿနာ၊ အထူးသဖြင့် နွေရာသီတွင်ရေရှားပါးပြတ်လပ်မှုမဖြစ်ပေါ်စေရေးအတွက် ကြိုတင်မြော်တွေးကာ ကိုယ်စီအသိစိတ်ဓာတ်ရှိစွာဖြင့် **သက်ရှိအားလုံးရှင်သန်ဖို့ အဖိုးတန်ရေချိုကို စနစ်တကျချွေတာသုံးစွဲသွားကြပါစို့**ဟု အကြံပြုတိုက်တွန်းရေးသားလိုက်ရပါသည်။

**ကိုးကား**

- https://www.unicef.org/wash/water-scarcity

မောင်သောင်းဝင်း(တမန်ဟောင်း)

# ဆေးလိပ်ဖြတ်ခြင်းကြောင့်ရရှိနိုင်မည့် ကျန်းမာရေးအကျိုးကျေးဇူးများ

**နီကိုတင်း သို့မဟုတ် အဆိပ်ငွေ့**

နီကိုတင်း (Nicotine) ဆိုသည်မှာ ဓာတုဒြပ်ပေါင်းတစ်မျိုးဖြစ်ပြီး ဓာတုဗေဒနည်းအရ ဖော်မြူလာကို C10H14N2 ဟုသတ်မှတ်သည်။ ခန္ဓာကိုယ်ထဲရောက်ရှိသွားပြီးနောက် နီကိုတင်းဓာတ်သည် ခန္ဓာကိုယ်တွင်း နာရီ ၂၀ ကြာသည်ထိ အာနိသင်မပြယ်ရှိနေတတ်ပြီး ၎င်းဓာတ်ဝင်ရောက်ရှိမှု ပမာဏ၏ ရာခိုင်နှုန်းအနည်းငယ်ကိုသာ ဆီးအဖြစ် ကျောက်ကပ်က ဖယ်ရှားနိုင်သည်။ မိမိကိုယ်တိုင် ဆေးလိပ်မသောက်သော်လည်း တစ်ဆင့်ခံဆေးလိပ်ငွေ့ကြောင့် နီကိုတင်းအဆိပ်သင့်နိုင်သည်။ ဆေးလိပ်ငွေ့ထဲတွင် ကင်ဆာဖြစ်စေနိုင်သည့် ဓာတုပစ္စည်း ၅၀ ကျော်နှင့် အခြားဓာတ်ပစ္စည်းအမျိုးပေါင်း ၄၀၀၀ ကျော်ပါဝင်သည်။ ရာပေါင်းများစွာသောပစ္စည်းများသည် အဆိပ်အတောက်ဖြစ်စေပြီး ၇၀ ရာခိုင်နှုန်းခန့်မှာ ကင်ဆာရောဂါဖြစ်စေသည်။

**နီကိုတင်းဆိုးကျိုးများ**

နီကိုတင်းဓာတ်သည် လူကိုစွဲလမ်းစေတတ်သောဂုဏ်သတ္တိရှိပြီး စိတ်ကိုပါပြောင်းလဲစေတတ်သည်။ လေ့လာမှုမှတ်တမ်းများအရ နီကိုတင်းစွဲလမ်းမှုသည် အရက်စွဲလမ်းမှုထက် ၆ ဆ မှ ၈ ဆထိ ပိုကြောင်းသိရသည်။ ထို့ကြောင့် နီကိုတင်းကိုသုံးစွဲသူများမှာ ၉၅ ရာခိုင်နှုန်းမှ ၁၀၀ ရာခိုင်နှုန်းထိ ဖြစ်သွားကြသည်။ ဆေးလိပ်ထဲတွင်ပါရှိသော နီကိုတင်းဓာတ်သည် ကောင်းစွာအိပ်စက်မှုကို နှောင့်ယှက်ရုံသာမက အဆုတ်ထဲရောက်သွားသော နီကိုတင်းဓာတ်သည် အိပ်ပျော်နေစဉ် အသက်ရှူလမ်းကြောင်းကို အဟန့်အတားဖြစ်စေသည်။ ထို့မျှမက နှလုံးသွေးကြောကျဉ်း၊ သွေးကြောပိတ်၊ လေဖြတ်၊ အဆုတ်ပွန်ရောင်၊ အဆုတ်ပွ၊ သွေးတိုး၊ ခြေပုပ်လက်ပုပ်၊ ပန်းသေပန်းညှိုး၊ ခြေတုံလက်တုံရောဂါ၊ ဦးနှောက်ရောဂါ၊ အူရောင်ရောဂါ၊ စိတ်ကျရောဂါ၊ အရိုးအဆစ်ရောင်ရောဂါ စသည့်ရောဂါများစွာ ခံစားရရှိနိုင်သည်။ နီကိုတင်းဓာတ်ကြောင့် ခံတွင်း၊ ဆီး၊ ချွေးများမှ ရနံ့ဆိုးထွက်စေနိုင်သည်။

မိမိကိုယ်တိုင် ဆေးလိပ်မသောက်သော်လည်း ဆေးလိပ်ငွေ့ရှူမိသူကို Second Hand Smoke (Second Smoker) ဟုခေါ်သည်။ ကိုယ်ဝန်ဆောင်မိခင်များကိုယ်တိုင် ဆေးလိပ်သောက်၍ဖြစ်စေ၊ ကိုယ်ဝန်ဆောင်စဉ် Second Smoker အဖြစ် နီကိုတင်းဓာတ်ကို မကြာခဏ ရှူရှိုက်မိ၍ဖြစ်စေ မိခင်ရောသန္ဓေသားပါ ဆိုးကျိုးများစွာ ခံစားရနိုင်သည်။ အိမ်သာ (Toilet) ထဲတွင်သော်လည်းကောင်း၊ အိမ်ခန်းအတွင်းမှာသော်လည်းကောင်း ဆေးလိပ်သောက်သူတစ်ဦးရှိနေပါက ဆေးလိပ်ငွေ့သည် လေထဲတွင် ငါးနာရီခန့်ကြာသည်ထိ ပျံ့လွင့်နေတတ်သောကြောင့် ထိုအငွေ့ကို ကျန်မိသားစုများက second smoker အဖြစ် ရှူရှိုက်ကြရသည်။

လေ့လာမှုမှတ်တမ်းများအရ ယနေ့ကမ္ဘာတွင် တစ်နှစ်လျှင် လူဦးရေခြောက်သန်းခန့် ဆေးလိပ်သောက်ခြင်းကြောင့် စောစီးစွာ သေဆုံးနေရပြီး ဆေးလိပ်မသောက်သော်လည်း ဆေးလိပ်ငွေ့ရှူမိသူမှာ ၁၀ ရာခိုင်နှုန်း (လူဦးရေ ခြောက်သိန်း) ခန့် သေဆုံးနေကြရသည်။ ထိုနှုန်းအတိုင်းဆက်လက်ဖြစ်ပေါ်နေပါက ၂၁ ရာစုနှစ်အတွင်း ဆေးလိပ်ကြောင့် လူသန်းတစ်ထောင်သေဆုံးနိုင်သည်ဟု WHO က ခန့်မှန်းထားသည်။

**နီကိုတင်းစွဲလမ်းခြင်းပုံစံသစ်များ**

တစ်ကမ္ဘာလုံးတွင် ဆေးလိပ်၊ ဆေးရွက်ကြီးသုံးစွဲမှုထိန်းချုပ်လျှော့ချရန် အရှိန်အဟုန်မြှင့်တင်ကြိုးပမ်းလာသောအခါ စီးပွားရေးလုပ်ငန်းရှင်တချို့က လူကိုစွဲလမ်းစေသည့်နီကိုတင်းကို အခြားနည်းလမ်းများဖြင့် သုံးစွဲမှုပျံ့နှံ့လာစေရန် ကြိုးပမ်းလာကြသည်။ အီးစီးကရက်နှင့် အီလက်ထရွန်နစ်သုံးအငွေ့ရှူကိရိယာများသာမက ရေပြောင်း (water pipe) နှင့် ရှီရှား (shisha) ကဲ့သို့သော အငွေ့ရှူကိရိယာအသုံးအဆောင်များသည် နီကိုတင်း၏ ပုံစံသစ်များဖြစ်သည်။ နီကိုတင်းကိုအီလက်ထရွန်နစ်နည်းဖြင့် သုံးစွဲသည့်ပုံစံပြောင်းသွားပြီး ခေတ်မီစတိုင်ကျသည့်ပုံစံအဖြစ် လူငယ်လူထုအတွင်း ထိုးဖောက်ဝင်ရောက်လာသည်။

နီကိုတင်းသာမက အခြားဓာတုပစ္စည်းများ၊ အနံ့အရသာများဖြင့် ထုတ်လုပ်ထားသည့် အီးစီးကရက်အမျိုးမျိုးတို့ကို ငွေကျပ်သောင်းဂဏန်း၊ သိန်းဂဏန်းတန်ဖိုးများဖြင့် ဈေးကွက်ထဲတွင် ကျယ်ကျယ်ပြန့်ပြန့် ဝယ်ယူသုံးစွဲနေကြသည်။ တရုတ်၊ မလေးရှား၊ ဂျပန်၊ ဗြိတိန်၊ အမေရိကန် ကုမ္ပဏီထုတ်အီးစီးကရက်တို့ကို ဈေးကြီးကြီးပေးဝယ်ကာ စတိုင်ထုတ်သုံးစွဲခြင်းဖြင့် ခေတ်မီသည်၊



အဆင့်အတန်းရှိသည်ဟု အတွေးမှားအမြင်မှားနေကြခြင်းမှာငွေကိုမီးရှို့၍ မိမိကိုယ်ကို အသက်တိုစေခြင်းသာဖြစ်ပေသည်။ ထို့ကြောင့် အသိ၊ သတိဖြင့် မိမိကိုယ်တိုင် စိတ်ကိုထိန်းချုပ်ရန် အထူးလိုအပ်သည်။

ဆေးလိပ်သောက်သုံးခြင်းကြောင့် နီကိုတင်း အဆိပ်ငွေ့များက နည်းလမ်းအသွယ်သွယ်ဖြင့် ဆိုးကျိုးများစွာပေးနိုင်သည်။ ဆေးလိပ်သောက်သူများတွင် အိပ်မရခြင်း၊ စိတ်ဓာတ်ကျလွယ်ခြင်းများ ပိုမိုခံစားရနိုင်ပြီး ပျမ်းမျှလူ့သက်တမ်း အသက် ၁၀နှစ်ပို၍ တိုတောင်းသွားစေနိုင်ကြောင်းကိုလည်း နိုင်ငံတကာသုတေသီများက သတိပေးထားကြသည်။ ထို့ပြင်ဆေးလိပ်၊ ဆေးရွက်ကြီးသုံးစွဲမှုကြောင့် အသက်ရှူလမ်းကြောင်းရောဂါ၊ နှလုံးရောဂါ၊ လေဖြတ်ရောဂါ၊ ခြေပုပ်လက်ပုပ်ရောဂါ၊ အစာအိမ်ရောဂါ၊ မျက်စိကွယ်ခြင်းရောဂါတို့ ဖြစ်ပွားနိုင်သည့်အပြင် ကင်ဆာရောဂါအမျိုးမျိုးတို့ ဖြစ်ပွား၍ လူ့သက်တမ်းစေ့မနေရဘဲ စောစီးစွာသေဆုံးနိုင်ပေသည်။

မိမိကိုယ်တိုင် ဆေးလိပ်မသောက်သော်လည်း တစ်ဆင့်ခံဆေးလိပ်ငွေ့ကို ရှူရှိုက်ရခြင်းသည် ဆေးလိပ်လောင်ကျွမ်းရာမှ ထွက်လာသောအဆိပ်ငွေ့များနှင့် ဆေးလိပ်သောက်သုံးသူမှ ရှူထုတ်လိုက်သောအငွေ့များကို တိုက်ရိုက်ရှူရှိုက်မိသောကြောင့် ဆေးလိပ်သောက်သူနှင့် အတူနေသူများတွင် ပို၍အန္တရာယ်ကြီးမားသည်။

တစ်ဆင့်ခံဆေးလိပ်ငွေ့ကြောင့် ကိုယ်ဝန်ဆောင်အမျိုးသမီးများတွင် အထက်ဖော်ပြပါရောဂါအမျိုးမျိုးတို့အပြင် ကိုယ်ဝန်ပျက်ကျခြင်း၊ ကိုယ်အလေးချိန်မပြည့်သော ကလေးမွေးဖွားခြင်းတို့ ဖြစ်နိုင်ပြီး ကလေးများတွင် မွေးကင်းစကလေးရုတ်တရက်သေဆုံးခြင်း၊ နားရောဂါဖြစ်ပွားခြင်း၊ မကြာခဏနေမကောင်းဖြစ်ခြင်း၊ အဆုတ်ကြီးထွားဖွံ့ဖြိုးမှုကိုထိခိုက်ခြင်းနှင့် ပန်းနာရင်ကျပ်ရောဂါခံစားရခြင်း စသည်တို့ကိုဖြစ်ပွားစေသည်။

ဆေးလိပ်ဖြတ်ရန် စဉ်းစားနေခြင်းသည် အလွန်ချီးကျူးဖွယ်ကောင်းသည့် ဆုံးဖြတ်ချက်ဖြစ်သည်။ ဆေးလိပ်ဖြတ်လိုက်သည်နှင့် ခန္ဓာကိုယ်၌ မိနစ်ပိုင်းအတွင်းမှစပြီး သိသိသာသာပြောင်းလဲမှုများဖြစ်ပေါ်လာသည်။ သုတေသီများ၏ လေ့လာဆန်းစစ်မှုမှတ်တမ်းများအရ ဆေးလိပ်ဖြတ်ခြင်းကြောင့်ရရှိနိုင်မည့် ကျန်းမာရေးအကျိုးကျေးဇူးများကို အောက်ပါအတိုင်းတွေ့ရသည်။

ဆေးလိပ်ဖြတ်ပြီးနောက် ချင်ခြင်းတက်ခြင်း၊ စိတ်အနှောက်အယှက်ဖြစ်လွယ်ခြင်း၊ ဂနာမငြိမ်ဖြစ်ခြင်း၊ အိပ်မရခြင်း စသည့်ပြဿနာများရှိသည့်တိုင် ရရှိမည့်ကျန်းမာရေးအကျိုးကျေးဇူးများမှာ များစွာသာလွန်ကြောင်း သုတေသီများက ပြောကြားထားသည်။

ဆေးလိပ်ဖြတ်ပြီးနောက် ဆေးလိပ်မီးခိုးကင်းလွတ်သည့် ပထမဆုံးအသက်ရှူခြင်းပြုလုပ်အပြီး မိနစ်ပိုင်းအကြာမှာပင် ခန္ဓာကိုယ်၏ ကျန်းမာရေးအခြေအနေသည် အကောင်းဘက်သို့ စတင်ပြောင်းလဲပြီဖြစ်သည်။

ဆေးလိပ်ဖြတ်ပြီး ၁၀ မိနစ်အတွင်း မြန်ဆန်သောနှလုံးခုန်နှုန်းနှင့် မြင့်တက်နေသော သွေးပေါင်ချိန် ကျဆင်းသွားသည်။

လူတချို့၌ နောက်ဆုံးဖွာရှိုက်မှု ပြုလုပ်ခဲ့ပြီးနောက် မိနစ် ၂၀ ခန့်အကြာတွင် ဆေးလိပ်ဖြတ်ခြင်း၏အကျိုးကျေးဇူးများ ပေါ်ထွက်လာရာ ဆေးလိပ်သောက်သူ၏ မြန်ဆန်သောနှလုံးခုန်နှုန်းနှင့် သွေးဖိအားနှစ်မျိုးလုံး စတင်ကျဆင်းလာသည်။

၁၂ နာရီအတွင်း သွေးကို အဆိပ်ငွေ့ဖြစ်စေတတ်သော ကာဗွန်မိုနောက်ဆိုဒ် (Carbon Monoxide) ပမာဏ သွေးတွင်းပါဝင်မှုလျော့ကျပြီး အောက်ဆီဂျင်ပမာဏပြန်တက်လာမည်။

ရေရှည် ကျန်းမာရေးအကျိုးကျေးဇူးများမှာ နှစ်ရက်မှသုံးရက်အတွင်း အနံ့ခံအာရုံနှင့် အရသာခံအာရုံများ သိသိသာသာပြန်ကောင်းလာသည်။ နှစ်ပတ်မှသုံးလအတွင်း အဆုတ်၏လုပ်ဆောင်ချက်ပိုကောင်းလာပြီး ခန္ဓာကိုယ်တွင်း သွေးလည်ပတ်မှုစနစ်နှင့် အသက်ရှူလမ်းကြောင်းစနစ်တို့ သိသိသာသာကောင်းမွန်တိုးတက်လာသည်။ အမောခံနိုင်လာမည်။ လူတချို့၌ ဆေးလိပ်ဖြတ်ပြီး နှစ်ပတ်မှ ၁၂ ပတ်အတွင်း သွေးလည်ပတ်မှုနှင့် နှလုံးလုပ်ဆောင်ချက်များ ကောင်းမွန်လာသည်။ နောင်လာမည့်သီတင်းပတ်များအတွင်း၊ လများအတွင်းကျန်းမာရေးနှင့် အညီအညွတ်အသက်ရှူရလေလေ လူ့ခန္ဓာကိုယ်အတွက်ရရှိမည့်ကျန်းမာရေးအကျိုးကျေးဇူးများမှာလည်း ဆပွားများပြားလာလေလေဖြစ်သည်။

ဆေးလိပ်ဖြတ်ပြီးနောက် တစ်လမှ ကိုးလအကြာတွင် ချောင်းဆိုးခြင်း၊ အသက်ရှူကျပ်ခြင်းများ သက်သာလာမည်။ တစ်နှစ်အကြာ နှလုံးရောဂါဖြစ်နိုင်ခြေသည် ဆေးလိပ်သောက်သူထက် ၅၀ ရာခိုင်နှုန်းခန့်လျော့ကျသွားသည်။ ထို့ပြင် တစ်နှစ်မှ လေးနှစ်အတွင်း သေဆုံးနိုင်ခြေကို ထက်ဝက်မျှ လျှော့ချနိုင်မည်ဖြစ်သည်။

ငါးနှစ်မှ ၁၀ နှစ်အတွင်း လေဖြတ်နိုင်ခြေနှင့် ကင်ဆာရောဂါဖြစ်နိုင်ခြေများ သိသိသာသာ လျော့နည်းသွားသည်။ ဆေးလိပ်ဖြတ်ခြင်းကြောင့် ရောဂါခံစားရမှုမှာ ဆေးလိပ်ဆက်သောက်နေသူထက် လျော့နည်းသွားကြောင်းနှင့် လူတချို့၌ ဆေးလိပ်ဖြတ်ပြီး ၁၀ နှစ်အကြာတွင် အဆုတ်ကင်ဆာဖြစ်ပွားမှု ၅၀ ရာခိုင်နှုန်း ကျဆင်းသွားသည်။

ကျန်းမာရေးအပြင် တခြားပြောင်းလဲလာမည့် အချက်အလက်များမှာ ရုပ်ပိုင်းဆိုင်ရာအနေဖြင့် အသားအရေကြည်လင်လာမည်။ သွားများဖြူလာမည်။ ခံတွင်းနံ့ဆိုးများပျောက်သွားမည်။ စိတ်ပိုင်းဆိုင်ရာအနေဖြင့် ဆေးလိပ်မသောက်ရရင်မနေနိုင်သော စိတ်ဖိစီးမှုများလျော့ပါးသွားပြီး ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုပိုရှိလာမည်။ ငွေကြေးအနေဖြင့် ဆေးလိပ်ဖိုးကုန်ကျစရိတ်များကို တခြားအကျိုးရှိသည့်နေရာတွင် အသုံးချနိုင်လာမည်။

အလွယ်တကူဝယ်ယူ၍ရသဖြင့် သေဆုံးရခြင်းများတွင် ဆေးလိပ်နှင့် ဆေးရွက်ကြီးပစ္စည်းအမျိုးမျိုးသောက်သုံးနေကြပြီး ပျမ်းမျှအရွယ်ရောက်သူ ၁၀ ဦးလျှင်တစ်ဦးသည် အသက်မသေသင့်ဘဲ သေဆုံးကြရကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ထုတ်ပြန်ချက်အရသိရသည်။ ကမ္ဘာတစ်ဝန်းတွင် ဆေးလိပ်၊ ဆေးရွက်ကြီးသုံးစွဲမှုကြောင့် နှစ်စဉ်လူဦးရေ ရှစ်သန်းကျော်သည် နာတာရှည်ရောဂါမျိုးစုံဖြစ်ပွား၍ သက်တမ်းစေ့မနေရဘဲ အချိန်မတိုင်မီ သေဆုံးလျက်ရှိသည်။ ၎င်းတို့အနက် ၁ ဒသမ ၂ သန်းခန့်သည် သူတစ်ပါး၏ဆေးလိပ်ငွေ့ကို တစ်ဆင့်ခံရှူရှိုက်ရသည့်အတွက်ကြောင့် ရောဂါများဖြစ်ပွားသေဆုံးနေကြရသည်။ ထို့ကြောင့် မိမိနှင့်တကွ မိမိနှင့်အနီးဆုံးလူများကို နီကိုတင်းအဆိပ်သင့်ရောဂါဆိုးများ ကျရောက်လာနိုင်သည်ဟူသော ကျန်းမာရေးအသိတရားဖြင့် ဆင်ခြင်တုံတရားရှိကြစေလိုသည်။

အချုပ်ဆိုရသော် ဆေးလိပ်ဖြတ်ကာစတွင် ခေါင်းကိုက်ခြင်း၊ စိတ်တိုခြင်းတို့ ခံစားရနိုင်သော်လည်း ထိုဝေဒနာသည်ခန္ဓာကိုယ်က အဆိပ်အတောက်များကို ဖယ်ရှားနေသည့်လက္ခဏာဖြစ်သဖြင့် ၎င်းအခြေအနေမှာ အခိုက်အတန့်မျှသာဖြစ်၍ ပြဿနာကြီးမဟုတ်ပေ။ "မူးယစ်အစ ဆေးလိပ်က" ဖြစ်၍ အထူးသဖြင့် လူငယ်လူရွယ်များဆေးလိပ်ကို အစလုပ်၍ပင်မသောက်သင့်ပေ။ အထူးသဖြင့် ဆေးလိပ်သောက်သူလူငယ်များတွင် စာသင်ကြားမှု၊ သင်ယူမှုမှတ်ဉာဏ်စွမ်းရည်ကို ကျဆင်းစေနိုင်သည်။ ထို့ပြင် အမောမခံနိုင် သက်လုံချို့ယွင်းလာစေနိုင်သဖြင့် လူကြီး၊ လူရွယ်၊ လူငယ်အားလုံး ဆေးလိပ်ဖြတ်သင့်ပါကြောင်း အကြံပြုလိုက်ရပါသည်။

**ပေါက်ပေါက်**

# မုံရွာမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပြောင်းသီးနှံဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီး



**မုံရွာ မတ် ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မုံရွာမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပြောင်းသီးနှံဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီ ဖြစ်ကြောင်း မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မုံရွာမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်း ၁၀၈၅ ဧကနှင့် ဖူးစားပြောင်း ဧက ၇၂၅၀ စုစုပေါင်း ၈၃၃၅ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော ပြောင်းစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် အစေ့ထုတ်ပြောင်း၁၀၈၅ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၄၃ ဒသမ ၅၂ တင်း ထွက်ရှိကာ ဖူးစားပြောင်းဧက၇၂၅၀ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ပြောင်းဖူးရေ၃၀၀၀ ကျော် ထွက်ရှိကြောင်း သိရသည်။

"မုံရွာမြို့နယ် ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ အစေ့ထုတ်ပြောင်းနဲ့ဖူးစားပြောင်း ၈၃၃၅ ဧကထိ စိုက်ပျိုးထားပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့ ပြောင်းခင်းတွေ လက်ရှိအချိန်မှာတော့ ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပြောင်းတွေ ဖြစ်ထွန်း အောင်မြင်ဖို့အတွက် အသိပညာပေးတာတွေ၊ ပိုးမွှား ရောဂါကျရောက်မှု မရှိအောင် အသိပညာပေး ဆောင်ရွက်ခဲ့ပါတယ်"ဟု မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြသည်။

မုံရွာမြို့နယ်တွင် အစေ့ထုတ်ပြောင်းနှင့်ဖူးစားပြောင်း စိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများ ဆောင်ရွက်ခြင်း၊ ဘက်စုံသီးနှံ ကာကွယ်ရေး စနစ်ဖြစ်သည့် တမာပိုးသတ်ဆေး ပြုလုပ်အသုံးပြုရေး စသည့်စိုက်ပျိုးရေးဆိုင်ရာများ အသိပညာ ပေးခဲ့ကြောင်း သိရသည်။

အစေ့ထုတ်ပြောင်းနှင့်ဖူးစားပြောင်းကို အထွက်နှုန်း တိုးတက်အောင် စိုက်ပျိုးနိုင်ပါကဒေသတွင်း စားသုံးမှုဖူလုံစေသည့်အပြင်ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ပြောင်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်း ဆောင်ရွက်သင့်ကြောင်း မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြ၍ သိရသည်။

(၂၀၆)

# ကျုံပျော်မြို့နယ် ထော်ဦးကျေးရွာ၌ ကျောက်ရောမြေလမ်းခင်းခြင်းပြီးစီးမှု စစ်ဆေး

**ကျုံပျော် မတ် ၁၅**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ကျုံပျော်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သဲကုန်းကျေးရွာအုပ်စု ထော်ဦးကျေးရွာ၌ ပြည်ထောင်စုရန်ပုံငွေဖြင့် ကျေးရွာကုန်ထုတ်လမ်း ကျောက်ရောမြေလမ်း ခင်းခြင်းလုပ်ငန်းပြီးစီးမှု အခြေအနေများကို မတ် ၁၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျုံပျော်မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလိန်းကွီးနှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာကုန်ထုတ်လမ်းဖြစ်မြောက်ရေး ကော်မတီဝင်များနှင့်အတူ ထော်ဦးကျေးရွာ၌ ကျောက်ရောမြေလမ်း ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီးနောက် မြို့နယ်ဦးစီးမှူးက ဆောင်ရွက်ပြီး ကုန်ထုတ်လမ်းကို အကျိုးရှိစွာ အသုံးပြုနိုင်ရေး သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

ကျုံပျော်မြို့နယ် ထော်ဦးကျေးရွာ၌ လမ်းအရှည် ပေ ၃၁၇၀၊ အကျယ် ၁၆ ပေ၊ အမြင့် ၂ ပေ ၉ လက်မရှိ ကုန်ထုတ်လမ်း ကျောက်ရောမြေခင်းခြင်း လုပ်ငန်းကို ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေကျပ် ၃၀၇ ဒသမ ၄၉၄ သန်း အသုံးပြုပြီး ကျုံပျော်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ အင်ဂျင်နီယာ ဝန်ထမ်းများက တာဝန်ယူ၍ ၂၀၂၅ ခုနှစ် နိုဝင်ဘာ ၁ ရက်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကုန်ထုတ်လမ်းဆောင်ရွက်ပြီးစီးမှုကြောင့် ကျေးရွာနေပြည်သူများ လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာပြီး ထုတ်ကုန်ထွက်ကုန်များ အချိန်နှင့်တစ်ပြေးညီ ပေးပို့နိုင်ပြီဖြစ်ကြောင်း သိရသည်။ **ကိုညီ(ကျုံပျော်)**












## ပျောက်ဆုံးကြောင်း

ဖားကန့်မြို့၊ ဟောင်ပါးကျေးရွာအုပ်စု၊ ရပ်ကွက်(၇)နေ မအေးရွှေ (ဘ) ဦးလိုက်ဆိုင်အောင်(၁/ကမန(နိုင်)၀၃၀၅၉၈)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09-420727891

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ တံတားဦးခရိုင်၊ တံတားဦးမြို့နယ်၊ ပန်းယုကျေးရွာအုပ်စု၊ ပန်းယု ဝန်ထမ်းကွက်သစ်၊ ကွင်းအမှတ်(၁၃၂၄)၊ ဦးပိုင်အမှတ်(၂၅)၊ ဧရိယာ(၀.၀၅၅)ကေရှိ ဦးပြေအေး (၉/မထလ(နိုင်)၀၁၈၁၈၉)အမည်ဖြင့် မြေငှားဂရန်ရရှိထားပြီး ဦးပြေအေး ကွယ်လွန်ပြီးဖြစ်သည့်အတွက် တစ်ဦးတည်းသော သားဖြစ်သူ ဦးကျော်လင်း(၉/တတဥ(နိုင်)၀၇၄၄၅၆)မှ အမည်ပြောင်းဂရန်လျှောက်ထားခြင်း၊ မြေစာရင်းပုံစံ(၁၀၅)၊ (၁၀၆) ရေးကူးခြင်းများ ပြုလုပ်မည်ဖြစ်သဖြင့် ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း သက်ဆိုင်ရာဌာနများသို့ ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးကျော်လင်း(၉/တတဥ(နိုင်)၀၇၄၄၅၆)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်
## အိတ်ဖွင့်တင်ဒါကြေညာချက်

၁။ မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်ဝင်းအတွင်း ကျောင်းသား/ ကျောင်းသူ နားနေဆောင်မှ ဆိုင်ခန်းများအား ငှားရမ်းရန်ရှိပါသည်။

၂။ အဆိုပါလုပ်ငန်းအား ဆောင်ရွက်လိုကြသော လုပ်ငန်းရှင်တစ်ဦးချင်းကဖြစ်စေ၊ အဖွဲ့အစည်းတစ်ခုချင်းကဖြစ်စေ ဆောင်ရွက်လိုပါက တင်ဒါအဆိုပြုလွှာများတင်သွင်းလျှောက်ထားနိုင်ကြောင်း ကြေညာလိုက်သည်။

(က) ဆိုင်ခန်း (၃) ခန်း၏အတိုင်းအတာ

RC–01 = 12'x11', RC–02 = 12'x11', RC–03 = (24'x44')

(ခ) ဆိုင်ခန်းများတွင် ရောင်းချရမည့်အမျိုးအမည်

RC–01 = စတိုးဆိုင်
RC–02 = မိတ္တူဆိုင်
RC–03 = စားသောက်ဆိုင်

၃။ မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် ငွေစာရင်းဌာနတွင် တင်ဒါသတ်မှတ်ပုံစံများကို (၁၉-၃-၂၀၂၆) ရက်နေ့မှ (၂၅-၃-၂၀၂၆)ထိ ဝယ်ယူပြီး (၂၅-၃-၂၀၂၆)ရက်နေ့ ညနေ (၃:၀၀)နာရီ နောက်ဆုံးထား၍ အိတ်ဖွင့်တင်ဒါဈေးနှုန်းတင်သွင်းနိုင်သည်။ တင်ဒါတင်သွင်းသူကိုယ်တိုင် နိုင်ငံသားစိစစ်ရေးကတ်ပြား ယူဆောင်လာရမည်။

၄။ (၂၅-၃-၂၀၂၆) ရက်နေ့ ညနေ (၃:၀၀)နာရီ တင်ဒါဖွင့်ဖောက်မည်ဖြစ်ပါသည်။

၅။ တင်ဒါရရှိသူကို ရွေးချယ်ရာတွင် တင်ဒါကော်မတီ၏ အဆုံးအဖြတ်သည်သာ အတည်ဖြစ်ပါသည်။

ဆိုင်ခန်းတင်ဒါကော်မတီ
မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်




ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှင့်ပြင်းထန်မှုတို့ကိုလျော့နည်းစေနိုင်ခြင်း (အထူးအားဖြင့် နာတာရှည်ရောဂါခံစား နေရသူများနှင့် သက်ကြီးရွယ်အိုများ)၊ ရောဂါ၏နောက်ဆက်တွဲပြဿနာဖြစ်သည့် ကိုယ်တွင်းအင်္ဂါများထိခိုက်ပျက်စီးမှုမှသည် အသက်အန္တရာယ်ဆုံးရှုံးမှုဖြစ်သည်အထိ ဖြစ်ပေါ်ခြင်းမှလျော့ချနိုင်ခြင်းတို့ကြောင့် အသက်ငါးနှစ်နှင့်အထက်ရှိသော ပြည်သူလူထုအားလုံးသည် နီးစပ်ရာကျန်းမာရေးဌာနများနှင့်ဆက်သွယ်၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး(ပထမအကြိမ်၊ ဒုတိယအကြိမ်နှင့် ထပ်ဆောင်းကာကွယ်ဆေး)များကို မဖြစ်မနေသွားရောက်ထိုးနှံကြရန် အသိပေးနှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန


❖ နိုင်ငံနှင့် ပြည်သူအားလုံးအတွက် ကောင်းကျိုးဖော်ဆောင်နိုင်ရန်မှာ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးသည် အဓိကဖြစ်...

❖ ထို့ကြောင့် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး မြန်မာနိုင်ငံတစ်ဝန်းလုံး၌ စစ်မှန်၍ ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးကိုတည်ဆောက်ကာ ပြည်ထောင်စုကြီးတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ထိန်းသိမ်းစောင့်ရှောက်ကြရန် တိုက်တွန်းမှာကြားလိုပါသည်...

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် နိုဝင်ဘာ ၁၄ ရက်တွင် ကျရောက်သော ၁၀၅ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ်အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သို့ ကုန်ထုတ်လုပ်မှုအားပေးစို့။
❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# မြန်မာနိုင်ငံအတွင်း တရားမဝင်နယ်စပ်ဖြတ်ကျော်ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၆၉ ဦးကို မြဝတီမြို့နယ် မဲ့ထော်သလေးကျေးရွာအနီး၌ ထပ်မံဖမ်းဆီးရမိ



မြဝတီမြို့နယ် မဲ့ထော်သလေးကျေးရွာအနီး တရားမဝင်နယ်စပ်ဖြတ်ကျော်ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၆၉ ဦး ဖမ်းဆီးရမိမှုမှတ်တမ်းဓာတ်ပုံ။

နေပြည်တော် မတ် ၁၅

မြန်မာနိုင်ငံအစိုးရအနေဖြင့် နိုင်ငံအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများ လုံးဝအခြေမပြုနိုင်စေရေးအတွက် အွန်လိုင်းလိမ်လည်လောင်းကစားမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ တက်ကြွစွာဆောင်ရွက်လျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များသည်လည်း အွန်လိုင်းလိမ်လည်လောင်းကစားမှုတိုက်ဖျက်ရေးလုပ်ငန်းများနှင့် နိုင်ငံအတွင်းသို့ ပြည်ပနိုင်ငံသားများ တရားမဝင် ဝင်ရောက်နေထိုင်မှုမရှိစေရေးတို့ကို အသေးစိတ်စစ်ဆေးကြပ်မတ် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိစဉ် ကရင်ပြည်နယ် မြဝတီမြို့နယ် မဲ့ထော်သလေးကျေးရွာအနီး၌ တရားမဝင်ပြည်ပနိုင်ငံသားများ ဝင်ရောက်ပုန်းအောင်းနေထိုင်လျက်ရှိကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ ပါဝင်သော ပူးပေါင်းအဖွဲ့များက

စာမျက်နှာ ၂၇ ကော်လံ ၄☆


## နွေကာလတွင် ဖြစ်ပေါ်တတ်သည့် မိုးလေဝသဖြစ်စဉ်များနှင့် ပတ်သက်၍ ကြိုတင်သတိပေးနှိုးဆော်ချက်

နေပြည်တော် မတ် ၁၅

မြန်မာနိုင်ငံအရပ်ရပ်တွင် နွေကာလဖြစ်သည့် မတ်လ၊ ဧပြီလ၊ မေလတို့အတွင်း နေ့အပူချိန်များ တဖြည်းဖြည်းမြင့်တက်လာရာမှ အပူပုံတက်တိမ်များဖြစ်ထွန်း၍ မွန်းလွဲ၊ ညနေပိုင်းတို့တွင် မိုးတိမ်တောင်များဖြစ်ပေါ်နိုင်ပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် လေပြင်းများတိုက်ခတ်ခြင်း၊ လေပြင်းနှင့်အတူ ထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် နေရာကွက်ကျားမိုးထစ်ချုန်းရွာခြင်း စသည့်မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်သည်။ လေပြင်းတိုက်ခတ်စဉ် မြေပြင်၊ရေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ မှ မိုင် ၅၀ ထိ တိုက်ခတ်နိုင်သည်။

သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် နွေကာလဖြစ်သည့် မတ်လ၊ ဧပြီလ၊ မေလတို့အတွင်း ဖြစ်ပေါ်လာနိုင်သည့်မိုးလေဝသဖြစ်စဉ်များနှင့်ပတ်သက်၍ အထူးဂရုပြုနေထိုင်သွားကြရန်၊ ပြည်တွင်းလေကြောင်းပျံသန်းရေးနှင့် ရေကြောင်းခရီးစဉ်များအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ရန် အသိပေးနှိုးဆော်အပ်ပါသည်။ (မိုး/ဇလ)

## Women's Australian Open ဂေါက်သီးရိုက်ပြိုင်ပွဲ ချန်ပီယံဆုကို ဟန်နာဂရင်း ဆွတ်ခူး



မဲလ်ဘုန်း မတ် ၁၅

ဩစတြေးလျနိုင်ငံ တောင်ဩစတြေးလျပြည်နယ်တွင် ကျင်းပခဲ့သော Women's Australian Open ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဩစတြေးလျဂေါက်သီးရိုက်မယ် ဟန်နာဂရင်းက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၁ ချက် လျော့ရိုက်ကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ကြောင်း TSN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ပြင်သစ်ဂေါက်သီးရိုက်မယ် လိုင်စနီနှင့်

စာမျက်နှာ ၂၆ ကော်လံ ၁ ❖

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၅၀၀၀ ကျော် ဖန်တီးပေးနိုင်မည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ် ၃၅ ခုခွင့်ပြု စာမျက်နှာ - ၁၆

အများပြည်သူသယ်ယူပို့ဆောင်ရေးကဏ္ဍ အဆင်ပြေချောမွေ့စေရန် ရည်ရွယ်၍ မော်တော်ယာဉ်သုံးသဘာဝဓာတ်ငွေ့(CNG)ကို ဈေးနှုန်းသက်သာစွာဝယ်ယူခွင့်ရရှိနေသော မော်တော်ယာဉ်များအနေဖြင့် ပြည်သူများအတွက် အကျိုးရှိထိရောက်စွာဝန်ဆောင်မှုပေးနိုင်ရေး စီမံဆောင်ရွက် စာမျက်နှာ - ၁၆

